ကြေးမုံ
The Mirror Daily
Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 August 2020 ၁၀၀၉၉

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ကာ မိန့်ခွန်းပြောကြား



ကျိုင်းတုံ ဩဂုတ် ၈

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ၂၃၀ ကေဗွီ နမ့်စန် - မိုင်းပျဉ်း- ကျိုင်းတုံ မဟာဓာတ်အားလိုင်း(၁၅၁ ဒသမ ၈)မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများ ဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနား အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ Control Room ၌ စက်ခလုတ်နှိပ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးကြစဉ်။

**ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်က တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၃၄ ရာခိုင်နှုန်းအထိသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုဆိုရင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၅၄ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ . . .**




ကြေးမုံ ယနေ့ ဖတ်စရာ

ကျေးလက်လူမှုစီးပွားမြင့်မားဖို့ ကျေးလက်လမ်းတွေ အဆင့်မြှင့်စို့

ဆောင်းပါး စာမျက်နှာ » ၆

အလုံရထားလမ်းကူး ခုံးကျော်တံတားသစ် တည်ဆောက်ပြီးစီး၊ ချဉ်းကပ်လမ်းနှင့် မြေကာနံရံလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၄

ကြေးမုံ

# ပြည်သူ့အရေး စနစ်တကျဖြည့်ဆည်း

ကမ္ဘာပေါ်ရှိ အခြေခံပြည်သူအားလုံးတို့သည် စား၊ ဝတ်၊ နေရေး လိုအပ်ချက်အတွက် နိစ္စဓူဝ နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရသည်။ အခြေခံပြည်သူများအနေဖြင့် စားရေးနှင့် ဝတ်ရေးကို သင့်သလိုဖန်တီးနိုင်သော်လည်း နေရေးအတွက်မူ ခက်ခက်ခဲခဲ စီမံကြရသည်။ နေစရာသည် တန်ဖိုးကြီးသည့်အရာဖြစ်၍ ဝင်ငွေနည်းပြည်သူများအဖို့ နေရေးအတွက် ရတက်မအေးဖြစ်ကြရသည်။

နေရေးလိုအပ်ချက်သည် ယခုကာလမှဖြစ်သည်မဟုတ်၊ ရှေးယခင်ကတည်းက ဖြေရှင်းပေးနေရသော ပြဿနာဖြစ်သည်။ လူဦးရေတစ်ဟုန်ထိုးများပြားနေသော ရန်ကုန်မြို့သမိုင်းကိုကြည့်လျှင် သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်ဟူ၍ မြို့ကွက်များဖန်တီးကာ နေရေးပြဿနာကို ဖြေရှင်းပေးခဲ့သည်။ ထို့အပြင် သုဝဏ္ဏ၊ ရန်ကင်း စသည့်ပြည်သူ့အငှားအိမ်ရာစနစ်ကို အကောင်အထည်ဖော်ပြီး ဝင်ငွေနည်းပြည်သူများ၊ ဝန်ထမ်းများကို သက်သာသောနှုန်းထားဖြင့် နေထိုင်ခွင့်ပြုခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင် အိမ်ခန်းပေါင်း ၉၀၀၀ ကျော်၊ ဆိုရှယ်လစ်ခေတ်တွင် အိမ်ခန်းပေါင်း ၁၁၀၀၀ ကျော်နှင့် ဒီမိုကရေစီအစိုးရလက်ထက်တွင် အိမ်ခန်းပေါင်း ၁၄၀၀၀ ကျော် ဖန်တီးပေးခဲ့သော်လည်း လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ အိမ်ရာလိုအပ်ချက်များ မြင့်တက်နေဆဲဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းအရ မြို့ပြနေလူဦးရေ ၁၅ သန်းသည် ဝင်ငွေနည်းပြည်သူများဖြစ်ပြီး အများစုမှာ နေရေးအတွက် အခက်အခဲရှိနေသူများဖြစ်ကြသည်။ ထိုအရေးကို ဖြေရှင်းပေးနိုင်ရန်နှင့် လက်ရှိကြုံတွေ့နေရသော လူမှုစီးပွားအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ၂၀၂၀ ပြည့်နှစ်တွင် အိမ်ရာစီမံကိန်းတစ်ခုကို စတင်ဖော်ဆောင်ပေးခဲ့သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝကို ကာကွယ်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် လူဦးရေများသော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့တော်ကြီးများတွင် ပြည်သူ့အငှားအိမ်ရာ ယူနစ် ၁၀၀၀၀ ကို ဆောက်လုပ် ဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါစီမံကိန်းကို ပုဂ္ဂလိကကုမ္ပဏီအသင်းအဖွဲ့များက ဦးစွာငွေကြေးအရင်းအနှီးစိုက်ထုတ်တည်ဆောက်ပြီး နိုင်ငံတော်အစိုးရ၏ ပိုလျှံလာမည့်ဘတ်ဂျက်ထဲမှ ပြန်လည်ပေးချေသည့်စနစ်ဖြင့် အကောင်အထည်ဖော်သွားမည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နေအိမ်အခန်း ၆၃၀၀ တည်ဆောက်သွားမည်ဖြစ်ပြီး နေပြည်တော်တွင် နေအိမ်အခန်းပေါင်း ၇၀၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေအိမ်အခန်းပေါင်း ၃၀၀၀ ကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ပြည်သူ့အငှားအိမ်ရာများကို အကောင်အထည်ဖော် တည်ဆောက်ပေးရာ၌ ရေ၊ မီး၊ လမ်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံစေရန်အပြင် အိမ်ရာနေသူများအတွက် လူမှုရေးလိုအပ်ချက်များဖြစ်သည့် ဈေး၊ ကျောင်း၊ ဆေးခန်း၊ အားကစားကွင်းနှင့် ပန်းခြံ စသည့်လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သည့် မြို့သစ်များဖြစ်လာနိုင်သည်။ မျက်မှောက်ကာလတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူများ လူမှုစီးပွားအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရာ စားဝတ်နေရေး လိုအပ်ချက်များ ပိုမိုကျပ်တည်းခက်ခဲလာကြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော ဂယက်ရိုက်ခတ်မှုသည် အခြေခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ရေရှည်ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ကိုဗစ်လွန်ကာလကို နိုင်ငံတော်အစိုးရက ရေရှည်မြော်တွေး၍ လူမှုစီးပွားမြင့်မားတိုးတက်ရေးအစီအမံများကို ချမှတ်ဆောင်ရွက်ရာ၌ အခြေခံပြည်သူများ လူမှုစီးပွား လိုအပ်ချက်များတွင် အဓိကကျပြီး အရေးပါသည့် နေရေးဖြည့်ဆည်းပေးမှုဖြစ်သော ပြည်သူ့အငှားအိမ်ရာစီမံကိန်းအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယခုစတင်အကောင်အထည်ဖော်သော ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည် အခြေခံပြည်သူများအတွက် အဓိကလိုအပ်သည့် နေရေးကိစ္စကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်သာမက ထိုအိမ်ရာစီမံကိန်းများ စနစ်တကျအောင်မြင်စွာအကောင်အထည်ပေါ်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာမည့် မြို့ပြအိမ်ရာအသစ်များကိုတည်မှီ၍ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့်အတူ ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာ ချီပါမျိုးသန့်ခြံသို့ ရောက်ရှိပြီး ရွှေဘိုပေါ်ဆန်းနှင့် ရောမင်းစပါးမျိုးသန့် ပျိုးခင်းများကို သွားရောက်ကြည့်ရှုရာ စိုက်ခြံဒုတိယတာဝန်ခံ ဒေါ်တင်မိုးနွယ်က လိုက်လံရှင်းလင်းပြသသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ခြံအစည်းအဝေးခန်းမ၌ စပါးစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ရာ စိုက်ခြံဒုတိယတာဝန်ခံက မျိုးသန့်ခြံစိုက်ပျိုးမြေဧက အကျယ်အဝန်း၊ ရုံးအဆောက်အအုံများ တည်ဆောက်ထားရှိမှုတို့နှင့် JICA အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော Seed Centre တည်ဆောက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ခွန်ကျေးရွာရှိ အသေးစားစက်မှုလုပ်ငန်း တစ်ခုဖြစ်သည့် ဆင်နှစ်ကောင်ရက်ကန်းစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စက်ရုံပိုင်ရှင် ဦးသက်နိုင်က ဆိပ်ခွန်ကျေးရွာတွင် စက်ရက်ကန်းအလုံးပေါင်း ၄၀၀ ကျော်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော ရက်ကန်းလုပ်ငန်းရှင်များက ကိုဗစ်-၁၉ ရောဂါကာလ၌ တွေ့ကြုံနေရသော ကုန်ကြမ်းရရှိမှုအခက်အခဲများ၊ တရုတ်နိုင်ငံဘက်မှ ချည်ဆိုးဆေး ဝယ်ယူရရှိမှုဆိုင်ရာ အခက်အခဲများနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ချေးငွေရရှိမှု နည်းပါးသည့်အတွက် လုပ်ငန်းတိုးချဲ့ရန် ကြုံတွေ့နေရသော အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စက်ရုံအတွင်း စက်ရက်ကန်းများ ချည်ထည်ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ခွန်ကျေးရွာအုပ်စု ဗိုလ်တဲကုန်းကျေးရွာရှိ လက်ရက်ကန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

**တိုးမြှင့်စိုက်ပျိုးထုတ်လုပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ချီပါကျေးရွာသို့ရောက်ရှိပြီး မြသိန်းတန် (အနောက်) ဘုန်းတော်ကြီးကျောင်း၌ ရက်ကန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဝါပင်စိုက်ပျိုးသည်မှ အထည်ရရှိသည်အထိ အဆင့်ဆင့်တိုးမြှင့်စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ Supply Chain တစ်ခုလုံးအတွက် ကုန်ကျစရိတ်အတတ်နိုင်ဆုံး လျှော့ချနိုင်မှသာ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တောင်သူများအား တွေ့ဆုံပြီး တက်ရောက်လာသည့် တောင်သူများအား လိုအပ်သည့်ကိစ္စရပ်များ၊ ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် ကျေးရွာအတွင်း လူဦးရေထူထပ်လာသဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှု မရှိသည့်အတွက် ထရန်စဖော်မာအသစ်များ တပ်ဆင်ပေးနိုင်ရေး၊ ဆည်မြောင်းများမှ ရေဖြန့်နေသည့် ရေလက်တံများ ပိတ်ဆို့နေခြင်းတို့အား ပြန်လည်ဖော်ဆောင်ပေးနိုင်ရေးနှင့် မူးလက်တံကူးတံတား နှစ်စင်းအား ပြုပြင်ပေးနိုင်ရေး၊ ရွှေဘို-ရေဦးကားလမ်းမကြီးအား နှစ်လမ်းသွား တိုးချဲ့ပြုပြင်တည်ဆောက်ပေးနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးအတွက် ချေးငွေများ ပိုမိုရရှိနိုင်ရေးတို့အား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြန်လည်ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေသစ်အကြောင်း အသိပညာပေး

**ရန်ကုန် ဩဂုတ် ၈**

ခရမ်းမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းဦးနှင့် အမှတ်(၅၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သီဟအောင်တို့သည် ယနေ့ နံနက် ၈ နာရီက ခရမ်းမြို့မဈေးရှေ့၌ လည်းကောင်း၊ သုံးခွမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးခင်မောင်ဆန်းနှင့်အဖွဲ့သည် ဩဂုတ် ၅ ရက်က သုံးခွမြို့ ရှစ်မျက်နှာဘုရားရှေ့နှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့တို့၌ လည်းကောင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်ကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ကြေးမုံ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |




ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ရှုရပ်နေရာမှ ပင်မဓာတ်အားခွဲရုံ၏ Switch Yard ကို ကြည့်ရှုစဉ်။

✻ ရှေ့ဖုံးမှ

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းမှ ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းက ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျိုင်းတုံပင်မဓာတ်အားခွဲရုံ အပေါ်ထပ် ရှုရပ်နေရာမှ ပင်မဓာတ်အားခွဲရုံ၏ Switch Yard ကို ကြည့်ရှုသည်။

**ဓာတ်အားစတင်ပို့လွှတ်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့သည် ကျိုင်းတုံပင်မဓာတ်အားခွဲရုံ Control Room သို့ ရောက်ရှိကြပြီး စက်ခလုတ်နှိပ်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ပေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ် စွမ်းအင်နှင့်စက်မှုဝန်ကြီးတို့က ၂၃၀ ကေဗွီ နမ့်စန် - မိုင်းပျဉ်း - ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈) မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်း ပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျိုင်းတုံမြို့ Amazing Kengtong Resort ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့အားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပြီး နိုင်ငံတော်မှ ချီးမြှင့်သည့်

စာမျက်နှာ ၄ သို့ ☆

❖ **မိမိကိုယ်ကို မိမိ အုပ်ချုပ်သူအဖြစ် မမြင်စေလိုဘဲ ပြည်သူကို အလုပ်အကျွေးပြုသူအဖြစ် ပြောင်းလဲကျင့်သုံးခံယူရန်လို**

❖ **အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း အပြန်အလှန် နားလည်မှုဖြင့် ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန်လို**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။



ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ် စွမ်းအင်နှင့် စက်မှုဝန်ကြီးတို့က ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ မဟာဓာတ်အားလိုင်း (၁၅၁ ဒသမ ၈) မိုင်၊ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုင်းတုံ ပင်မဓာတ်အားခွဲရုံ၊ ၂၃၀/၆၆/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ မိုင်းပျဉ်း ပင်မဓာတ်အားခွဲရုံဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ
လစာစရိတ်၊ အဆောင်အယောင်များကို ခံစားနေကြသူများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ဝန်ထမ်းများ လိုက်နာရမည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးခြင်းဖြင့် ပြည်ထောင်စုစနစ်ကို ခိုင်မာစေမည်ဖြစ်ပြီး ပြည်ထောင်စုစနစ် တည်ဆောက်ခြင်းဖြင့် ဒီမိုကရေစီအုတ်မြစ် ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဦးစီးဦးဆောင်ပြုသော်လည်း ဝန်ထမ်းများ၏ မောင်းနှင်အားသည် အဓိကဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ မောင်းနှင်အား ကောင်းမွန်မှုအပေါ် မူတည်ပြီး နိုင်ငံတော်၏ ဒီမိုကရေစီယန္တရား မြန်ဆန်ကောင်းမွန်မည်ဖြစ်ပါကြောင်း။

### တက်ညီလက်ညီဆောင်ရွက်

နိုင်ငံသားတိုင်း တရားမျှတမှုကို ခံစားခွင့်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် တရားမျှတမှုဖြင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုမျိုး ပေးစေလိုပါကြောင်း၊ မိမိကိုယ်ကို မိမိ အုပ်ချုပ်သူအဖြစ် မမြင်စေလိုဘဲ ပြည်သူကို အလုပ်အကျွေးပြုသူအဖြစ် ပြောင်းလဲကျင့်သုံးခံယူရန် လိုအပ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း အပြန်အလှန်နားလည်မှုဖြင့် ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရာတွင် မိမိတို့၏ အလေ့အကျင့် အလေ့အထများကို ခေတ်စနစ်နှင့်အညီ ခေတ်ရေစီးကြောင်း အပြောင်းအလဲအပေါ် မူတည်၍ လိုက်ပါပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရခြင်းသည် ရတောင့်ရခဲ အချိန်အခါကောင်းတွင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အားလုံးတက်ညီလက်ညီ လိုက်ပါဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်

ထို့ပြင် ငြိမ်းချမ်းသာယာဝပြောပြီး တန်းတူရည်တူ အခွင့်အရေးရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် လူမျိုး၊ ဘာသာ၊ ဒေသ၊ နယ်မြေ မခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကျိုင်းတုံမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။

○ ငြိမ်းချမ်းသာယာဝပြောပြီး တန်းတူရည်တူ အခွင့်အရေးရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် လူမျိုး၊ ဘာသာ၊ ဒေသ၊ နယ်မြေမခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလို


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကျိုင်းတုံမြို့ Amazing Kengtong Resort ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ်။

## အလုံရထားလမ်းကူး ခုံးကျော်တံတားသစ် တည်ဆောက်ပြီးစီး၊ ချဉ်းကပ်လမ်းနှင့် မြေကာနံရံလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၈**

ရထားသွားလာမှုနှောင့်နှေးကြန့်ကြာမှု နည်းပါးစေရေးနှင့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာ၌ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် အလုံမြို့နယ် အလုံဘူတာနှင့် ဘုရားလမ်းဘူတာကြား၌ အလုံရထားလမ်းကူးခုံးကျော်တံတားဟောင်းအားဖျက်သိမ်း၍ တံတားသစ်ဖြင့် အစားထိုးတည်ဆောက်နေရာ ယခုအခါ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်လမ်းနှင့် မြေကာနံရံလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ ရထားလမ်းကူး ခုံးကျော်တံတားသစ်သည် သံကူကွန်ကရစ်ဘိုးပိုင် RC Abutment၊ PC Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ကာ တံတားအရှည် ၅၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၄ ပေနှင့်လူသွားလမ်းပလက်ဖောင်းတစ်ဖက်လျှင် သုံးပေစီပါဝင်ကာ တံတားအမြင့်မှာ ၁၆ ပေရှိကြောင်း သိရသည်။

လက်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းအနေဖြင့် လုပ်ငန်းတစ်ခုလုံး ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရထားလမ်းပြင်ဆင်မှုများနှင့် ရထားလမ်းကူးခုံးကျော်တံတားသစ် တည်ဆောက်မှုကြောင့် ပြည်သူများအတွက် အဆင်ပြေစေတော့မည်ဖြစ်ကြောင်း၊ နှစ်စဉ်မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် ဘူတာအတွင်းရေကြီးမှုများအား ရေစီးရေလာကောင်းမွန်စေ၍ ရထားလမ်းရေကျော်ခြင်းများ ပပျောက်စေနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

### အဆင့်မြှင့်တင်တည်ဆောက်

ယခင်ရှိခဲ့သည့် အလုံလမ်းခုံးကျော်တံတားဟောင်းမှာ အကျယ် ၂၆ ပေ ၆ လက်မသာရှိပြီး တံတားကျဉ်းမြောင်းနေသဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာ၌ သတိပြု ဖြတ်သန်းမောင်းနှင်နေကြရကြောင်း၊ တံတားအမြင့် ၁၂ ပေ ၆ လက်မသာရှိနေသည့်အတွက်ကြောင့် ရထားလမ်းမြင့်စေရန် လမ်းအားမြှင့်ပါက RBE ရထားတွဲဆိုင်းများနှင့် မလွတ်သည့်အတွက်ကြောင့် အလုံရထားလမ်းခုံးကျော်တံတားသစ်အား သံကူကွန်ကရစ်ဖြင့် အစားထိုးတည်ဆောက်ခြင်းဖြစ်ပြီး တံတားသစ်တည်ဆောက်ရန်အတွက် တံတားဟောင်းအား ဧပြီ ၁ ရက်တွင် ဖျက်သိမ်းခဲ့ကာယင်းရက်၌ပင် တံတားအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများအားစတင်ဆောင်ရွက်ခဲ့ကြောင်း မြန်မာ့မီးရထားမှသိရသည်။



သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်

# နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများ ဖွင့်ပွဲဟာဆိုရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို လွတ်လပ်ရေးရပြီးချိန်ကအစပြုလို့ ပထမဆုံးအကြိမ် ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့ သမိုင်းဝင်နေ့တစ်နေ့ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မဟာဓာတ်အားလိုင်း၊ ပင်မဓာတ်အားခွဲရုံများဖွင့်ပွဲနှင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)

ယနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်၊ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ မဟာဓာတ်အားလိုင်းနဲ့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံ၊ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံများ ဖွင့်ပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သို့ လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခြင်း အခမ်းအနားသို့ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား မိဘပြည်သူများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျာ။

ယခင်ကဆိုရင် ဒီဇယ်ဓာတ်အားပေးစက်များ၊ အသေးစား ရေအားလျှပ်စစ်စက်များနဲ့ အချိန်ပိုင်းသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့တဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွေကို ယခုဆိုရင် နိုင်ငံတော်ဓာတ်အားစနစ်ကနေပြီး ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါတယ်။ ယခုလို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွေကို ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဟာ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနဲ့ မိုင်းပျဉ်းနဲ့ ကျိုင်းတုံပင်မဓာတ်အားခွဲရုံကြီးများ အသစ်တည်ဆောက်ခြင်းအပြင်၊ နမ့်စန်မြို့က မူလရှိပြီးသား ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံကို ၂၃၀ ကေဗွီ အဆင့်သို့ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းတွေကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ နိုင်ငံတော်ကဏ္ဍပေါင်းစုံမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ သောက်သုံးရေရရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ နိုင်ငံတစ်ဝန်းလုံးမှာ လမ်းကွန်ရက်များ ဖြန့်ကြက်တည်ဆောက်နေသလို လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်ကိုလည်း အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံအနှံ့ဖြန့်ကြက်ပြီး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေ အမြောက်အမြား အသုံးပြုပြီး အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိတယ်။

နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးဟာ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တာကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့တဲ့အချိန်ကစလို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ အသုံးစရိတ်များကို လျှပ်စစ်ကဏ္ဍအတွက် ဦးစားပေးခွဲဝေသတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ၄ နှစ်ကျော်ကာလအတွင်း စုစုပေါင်း (၂၀၀၅) မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့ပြီလည်း ဖြစ်တယ်။

**ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားလူမျိုးများအားလုံး သာတူညီမျှဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။** ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့တာနဲ့အညီ ထုတ်လုပ်ပေးခဲ့တဲ့ဓာတ်အားများကို သုံးစွဲသူများ အသုံးပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်မှစတင်၍ ၄ နှစ်ကျော်ကာလအတွင်း ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း စုစုပေါင်း (၃၃၉၄၉) မိုင်ကျော်နှင့် ခွဲရုံများအနေဖြင့် (၂၁၃၉၀) အမ်ဗွီအေကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လမှာ အများဆုံးဝန်အား (၂၈၀၀) မဂ္ဂါဝပ် သုံးစွဲနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အများဆုံးဝန်အား (၃၈၂၈) မဂ္ဂါဝပ် သုံးစွဲလျက်ရှိပါတယ်။ **ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်က တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ %) အထိသာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုဆိုရင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၄ %) အထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။** ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနဲ့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများကိုလည်း များစွာတိုးတက်စေခဲ့ပြီ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကို ကြည့်မယ်ဆိုရင်လည်း ၂၀၁၆ ခုနှစ်မှာ (၁၆၅) မဂ္ဂါဝပ်သာ သုံးစွဲနိုင်ခဲ့ရာမှ ယခု ၂၀၂၀ ပြည့်နှစ်မှာ (၂၅၆) မဂ္ဂါဝပ်ခန့်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ၂၀၁၆ ခုနှစ် မတ်လမှာဆိုရင် (၂၅.၄ %) ကိုသာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပြီး ယခု

**ပြည်ထောင်စုတစ်ဝန်းလုံး ပြည်ထောင်စုစိတ်ဓာတ်များ၊ ပြည်ထောင်စုအင်အားများ လက်တွဲမဖြုတ်စတမ်း ချိတ်ဆက်ထားပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကို တက်ညီလက်ညီ တည်ဆောက်ကြ။**




**ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားလူမျိုးများအားလုံး သာတူညီမျှဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။**

၂၀၂၀ ပြည့်နှစ်မှာဆိုရင် (၄၅.၆ %) အထိ လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း (၅၀ %) အထိ လျှပ်စစ်ဓာတ်အား တိုးတက်ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားတဲ့နိုင်ငံဖြစ်တဲ့အတွက် မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီကိုယ်င ထားရှိကြရန်လည်း အထူးလိုအပ်ပါတယ်။ တိုင်းရင်းသားများ နှစ်ပေါင်းများစွာ လိုလားတောင့်တနေကြတဲ့ တိုင်းရင်းသားများရဲ့ အခြေခံအခွင့်အရေးများ၊ တန်းတူညီမျှရေးများကို ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများကလည်း အားလုံးဝိုင်းဝန်းပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်သွားကြမှသာ မျှော်မှန်းထားကြတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ကို ရောက်ရှိကြမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများအားလုံး တူညီသောအကျိုး၊ တူညီသောအလုပ်နဲ့ တူညီသောရည်ရွယ်ချက်တွေအတွက် ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြမယ်ဆိုရင် ပြည်ထောင်စုရဲ့နယ်မြေများဖြစ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ပြီး ဒီဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကိုလည်း ကိုယ်စီကိုယ်င သာတူညီမျှ ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ နမ့်စန်- မိုင်းပျဉ်း- ကျိုင်းတုံ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများ ဖွင့်ပွဲဟာဆိုရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို လွတ်လပ်ရေးရပြီးချိန်ကအစပြုလို့ ပထမဆုံးအကြိမ် ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင်၊ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လူမှုစီးပွားဘဝ မြင့်မားအောင်၊ ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းတစ်ရပ်ကိုလည်း ရောက်ရှိသွားပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ယနေ့ဖွင့်လှစ်လိုက်တဲ့ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံကို ဗဟိုပြုလို့ တာချီလိတ်-မိုင်းခုတ်-မိုင်းဆတ်- မိုင်းဝ ဒေသများသို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပြီး ရှမ်းပြည်နယ်တစ်ခုလုံး ဓာတ်အားစနစ်နဲ့ ချိတ်ဆက်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ **ပြည်ထောင်စုတစ်ဝန်းလုံး ပြည်ထောင်စုစိတ်ဓာတ်များ၊ ပြည်ထောင်စုအင်အားများ လက်တွဲမဖြုတ်စတမ်း ချိတ်ဆက်ထားပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကို တက်ညီလက်ညီ တည်ဆောက်ပေးကြ**ပါလို့ အလေးအနက်ဆန္ဒပြုအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ကျေးလက်လူမှုစီးပွားမြင့်မားဖို့ ကျေးလက်လမ်းတွေ အဆင့်မြှင့်စို့

သတင်းဆောင်းပါး-ရှင်မင်း
ဓာတ်ပုံ-မောင်ဖိုးဇော်(ကလေး)

**ငွေကုန်း-ဝက်ချုပ်-နတ်မောက် ကတ္တရာလမ်းပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်၊ ကား စသည်တို့ဖြင့် သွားလာသူများ စည်ကားနေသည်။ ငွေကုန်းရွာသည် နတ်မောက်မြို့၊ ရေနံချောင်းမြို့တို့နှင့် မဝေးသော်လည်း ယခင်က မြေသားလမ်းဖြစ်သည့်အတွက် ခရီးမတွင်ပေ။ မြေသားလမ်းသာ ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေကုန်းကျေးရွာနှင့် ဝက်ချုပ်ကျေးရွာ အနီးနားတစ်ဝိုက်ရှိ ကျေးလက်နေပြည်သူများသည် ဒေသလူမှုစီးပွားအတွက် အခက်အခဲများ ရှိခဲ့ကြသည်။ ဒေသထွက်ကုန်များကို အဆင့်ဆင့် သယ်ပို့ရောင်းဝယ်ကြရသည်။ ကျန်းမာရေးဝန်ဆောင်မှုကိုလည်း အချိန်နှင့်အမျှ မရရှိကြရပေ။ ထို့အတူ ဒေသခံကျောင်းသားကျောင်းသူများသည် စာသင်ချိန်မီရန်အတွက် နံနက်ဝေလီဝေလင်းကတည်းကပင် ကျောင်းသွားကြရသည်။ ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ပြီဖြစ်သည့်အတွက် ထိုအခက်အခဲများကို ကျော်လွှန်ကာ အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။**

"ကျောင်းသားတွေအတွက်လည်း မိုးမလင်းခင်ကတည်းကထပြီး ကျောင်းချိန်မီသွားစရာ မလိုတော့ဘူး။ လမ်းကောင်းတော့ ခဏနဲ့ သွားနိုင်ပါပြီ။ အရင်ကဆို မွေးလူနာ၊ ပိုးထိလူနာ၊ အရေးပေါ်လူနာတွေဟာ ရေနံချောင်း၊ နတ်မောက် စတဲ့ ဆေးရုံတွေကို ဆေးကုသဖို့ နွားလှည်းနဲ့ပဲ သွားနိုင်တော့ အချိန်မီ မရောက်လို့ အသက်ဆုံးရှုံးတာ ရှိတယ်။ အခုတော့ ကတ္တရာလမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ဒေသအတွက် ပညာရေး၊ ကျန်းမာရေးအပါအဝင် ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ သီးနှံရောင်းဖို့ကအစ အားလုံးအဆင်ပြေသွားပြီ"ဟု ငွေကုန်းကျေးရွာမှ ဦးဇော်လေးက ဆိုသည်။

ငွေကုန်း-ဝက်ချုပ်-နတ်မောက်လမ်းသည် နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့ကို ဆက်သွယ်ပေးထားသော



ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ
ညွှန်ကြားရေးမှူး(မြို့ပြ)
ဒေါက်တာထွန်းမြင့်အောင်



အင်ဂျင်နီယာချုပ်
(တည်ဆောက်ရေး)
ဦးစိုးထွန်းနိုင်

လမ်းမကြီးဖြစ်ပြီး စုစုပေါင်း ၂၉ မိုင် ၇ ဖာလုံ ရှည်လျားကာ ကျေးရွာပေါင်း ၅၉ ရွာရှိ လူဦးရေပေါင်း ၄၉၅၂၇ ဦးတို့ ဆက်သွယ်သွားလာ အသုံးပြုသည့် အရေးပါသော လမ်းမကြီးတစ်ခု ဖြစ်သည်။

ယခင်က မြို့နှင့် ၁၀ မိုင်နီးပါးသာ ဝေးသည့် ရွာများပင် မြို့ပေါ်ရောက်ရန် နွံ့ထဲ၊ ဖွက်ထဲတွင် ညအိပ်ကာ သွားကြရသည်။ မိုးတွင်းကာလ၌ ဒေသထွက်ကုန်များနှင့် ကုန်စည်များ ရောင်းဝယ်ဖောက်ကားကြရာတွင်လည်း ဗွက်နစ်နေသော ကုန်ကားများအား ကျေးရွာလူအားဖြင့် ရုန်းခဲ့၊ ဆွဲခဲ့ကြရသော အခြေအနေတည်ရှိခဲ့သည့် ကျေးရွာများဖြစ်သည်။

မြေသားလမ်းမှတစ်ဆင့် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှတစ်ဆင့် ကတ္တရာလမ်းအထိ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသခံကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများသည် တိုးတက်လာခဲ့သည်။

နိုင်ငံအတွင်းရှိ ကျေးရွာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ကျေးလက်လမ်း၊ တံတားများ ကောင်းမွန်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၇)တွင် အသစ်တိုးချဲ့ဖွဲ့စည်းရန် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အရာထမ်း ၃၉၈ ဦး၊ အမှုထမ်း ၁၀၂၃ ဦးဖြင့် ကျေးလက်လမ်း၊ တံတား ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်ကျေးလက်လမ်းများဖွံ့ဖြိုးရေး မဟာဗျူဟာကို ရေးဆွဲထားရှိပြီး ၂၀၃၀ ပြည့်နှစ်၌



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်

မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရည်မှန်းချက်ထားရှိသည်။

ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ရေးတို့သည်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်များဖြစ်သည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အထိ ကွန်ကရစ်လမ်း ၁၂၂၇ မိုင်၊ ကတ္တရာလမ်း ၁၀၃၈ မိုင်၊ ကျောက်ချောလမ်း ၁၆၀၈ မိုင်၊ ဂဝံလမ်း ၃၄၃၈ မိုင်၊ မြေသားလမ်း ၄၀၇၆ မိုင် စုစုပေါင်း ၁၁၃၈၇ မိုင် ဆောင်ရွက်ခဲ့သည်။

ကွန်ကရစ်/ကတ္တရာလမ်း ဆောင်ရွက်နိုင်မှု အချိုးအနေဖြင့် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

"ကျေးလက်လမ်း၊ တံတားတွေ ဆောင်ရွက်တဲ့အခါ အခုအစိုးရလက်ထက်မှာ ပြုပြင်ပြောင်းလဲဆောင်ရွက်တာတွေ ရှိပါတယ်။ အခုအစိုးရလက်ထက်မှာ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးရေးကို ဦးစားပေးတယ်။ ဒီအတွက် ရန်ပုံငွေလည်း တိုးတက် ရရှိခဲ့ပါတယ်။ ရန်ပုံငွေ တိုးတက်ရရှိခဲ့တဲ့အတွက် ကျေးလက်လမ်း၊ တံတားတွေကို ပိုမိုဆောင်ရွက်နိုင်ပါတယ်။ ထူးခြားချက်က လမ်းလွှာဒီဇိုင်းတွေကို အသေးစိတ်တိုင်းတာပုံထုတ်တာ၊ မြေခံနိုင်ဝန်အား စမ်းသပ်တဲ့ ကိရိယာတွေနဲ့ စမ်းသပ်ပြီး တံတားဒီဇိုင်းတွေ ပုံထုတ်တာ၊ အရည်အသွေး ပိုကောင်းဖို့ Third Party QC အဖွဲ့တွေနဲ့ အရည်အသွေး စစ်တာတွေ ရှိလာတယ်။ ပြီးတော့ သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ လုပ်ငန်းတွေပြီးစီးနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပေါင်းစပ်ပြီး ထိန်းကျောင်းတည့်မတ်ဆောင်ရွက်ရပါတယ်" ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ဆိုသည်။

လမ်းတံတား ဒီဇိုင်းများနှင့်ပတ်သက်၍ ဒေသနှင့် ကိုက်ညီသည့် ဒီဇိုင်း၊ အရည်အသွေးများ ခွဲခြားသတ်မှတ်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ UK အထောက်အပံ့ဖြင့် Research For Community Access Partnership-ReCAP အဖွဲ့အစည်းနှင့် အာရှဒေသခံလူထု အဖွဲ့အစည်းအခွင့်အလမ်း အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းအဖြစ် Low Volume Rural Road Design Standard and Specification ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။

"ကျေးလက်လမ်းတွေ အရည်အသွေးမြှင့်တင်နိုင်ဖို့အတွက် လမ်း၊ တံတားတည်ဆောက်ရေးအသုံးပြုပစ္စည်းတွေရဲ့ အရည်အသွေးပြည့်မီမှု ရှိ/မရှိ စမ်းသပ်နိုင်ဖို့ ဓာတ်ခွဲခန်းတွေ ထူထောင်ပြီး ReCAP အဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ CSIR (South Africa) ပညာရှင်တွေကနေ ဝန်ထမ်းတွေ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု အဆင့်မြှင့်တင်ပေးဖို့အတွက် သင်တန်းပေးခြင်း၊ လမ်းခံနိုင်ရည်အား စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်တွေကို စာတွေ့လက်တွေ့ သင်ကြားပေးပါတယ်။

"ဒီလို ReCAP က နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းဟာ ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေရဲ့ အရည်အသွေးနဲ့ လမ်းတည်ဆောက်ခြင်း



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင်း-ထေးထူဖျ-ဒေါတငူး-တနီးလာလဲ-ထီးသဲကလိုးလမ်း (ကန်ခုနစ်ဆင့် ကန်အမှတ် ၁၊၂၊၃၊၄၊၅၊၆၊၇) သို့ ဆက်သွယ်သောလမ်း။

လုပ်ငန်းဆိုင်ရာ အရည်အသွေးတွေကို ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့သာမက Third Party QC အဖွဲ့တွေနဲ့ ပူးပေါင်းထိန်းသိမ်းခြင်းအားဖြင့် ပိုမိုကောင်းမွန်စေပါတယ်"ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးစိုးထွန်းနိုင်က ပြောကြားသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ADBနှင့် ဌာနမှ ပူးပေါင်းရေးဆွဲထားသော အမျိုးသားအဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ လက်ရှိဆောင်ရွက်ပေးရမည့် စုစုပေါင်း ကျေးလက်လမ်းမိုင်ပေါင်း ၅၅၃၆၉ မိုင်ပေါ်တွင် ရာသီမရွေးသွားလာနိုင်သောလမ်း ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တံတားများအနေဖြင့် ကွန်ကရစ်တံတား ၁၈၅၆ စင်း၊ သစ်သား တံတား ၆၁ စင်း၊ ဘေလီ/ကြိုးတံတား ၁၈၃ စင်း၊ ရေကျော်/ရေပြွန် ၅၄၁၉ စင်း စုစုပေါင်း ၇၅၁၉ စင်း တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

**❂ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း ကွန်ကရစ်/ကတ္တရာလမ်း ၂၂၆၅ မိုင်၊ ရာသီမရွေးသွားလာနိုင်သောလမ်း ၃၈၇၃ မိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့။**

**❂ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေကျပ် ၁၈၁၆ ဒသမ ၂၃၈ ဘီလီယံနဲ့ ကျေးလက်လမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကွန်ကရစ်/ကတ္တရာလမ်း ၃၄၅၈ မိုင်၊ ကျောက်လမ်း ၂၈၅၂ မိုင်၊ ဂျင်း/ဂဝံလမ်း ၅၁၉၅ မိုင်၊ မြေသားလမ်း ၅၉၉၃ မိုင် စုစုပေါင်း ၁၇၄၉၈ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလမ်းတွေပေါ်က တံတား/ရေကျော်/Culvert ၁၆၆၉၀၃ ပေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

စာမျက်နှာ ၇ သို့ ❂



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မင်းလှ-ရာဇဂြိုဟ်ဆက်သွယ်သောလမ်း။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးတို့အား ဆက်သွယ်သောလမ်း။

❂ စာမျက်နှာ ၆ မှ

"ကျေးလက်လမ်း၊ တံတား ဒီဇိုင်းတွေကို ဦးစီးဌာနက သတ်မှတ်ထားတဲ့ လမ်းအဆင့်အတန်း၊ လမ်းလွှာပုံစံ၊ တံတားအဆင့်အတန်း၊ တံတားပုံစံတွေ၊ ဒေသန္တရနဲ့ကိုက်ညီတဲ့လမ်း၊ တံတားတွေရဲ့ ဒီဇိုင်းပုံစံတွေကို ထုတ်ပေးခြင်းအားဖြင့် ဦးစီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေကို အထောက်အပံ့ပေးလျက်ရှိပါတယ်" ဟု ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါက်တာထွန်းမြင့်အောင်က ပြောကြားသည်။

တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသည် ရေးဆွဲထားသော မဟာဗျူဟာ၊ သတ်မှတ်ထားသော နည်းပညာပိုင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများသည် ဦးစီးဌာန စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်တာကာလအတွင်း ကွန်ကရစ်/ကတ္တရာလမ်း ၂၂၆၅ မိုင်၊ ရာသီမရွေးသွားလာနိုင်သောလမ်း ၃၈၇၃ မိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

"အခုအစိုးရလက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ရန်ပုံငွေကျပ် ၁၈၁၆ ဒသမ ၂၃၈ ဘီလီယံနဲ့ကျေးလက်လမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကွန်ကရစ်/ကတ္တရာလမ်း ၃၄၅၈ မိုင်၊ ကျောက်လမ်း ၂၈၅၂ မိုင်၊ ဂျင်း/ဂဝံလမ်း ၅၁၉၅ မိုင်၊ မြေသားလမ်း ၅၉၉၃ မိုင် စုစုပေါင်း ၁၇၄၉၈ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလမ်းတွေပေါ်က တံတား/ရေကျော်/Culvert ၃၆၆၉၀၃ ပေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ပြောကြားသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်း၊တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေများအပြင်တော့ ဒီလုပ်ငန်းစီမံကိန်းတွေကနေ ကတ္တရာလမ်း ၉၄ မိုင်နဲ့ တံတား/ရေကျော် လေးစင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြီးတော့ JICA၊ China Aid၊ ADB၊ KfW၊ World Bank တို့နဲ့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ကတ္တရာလမ်း ၁၂ မိုင်၊ ဂျင်းလမ်း မိုင် ၉၀၊ မြေသားလမ်း ၁၆၃ မိုင် စုစုပေါင်း ၂၆၅ မိုင်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ကတ္တရာလမ်း ငါးမိုင်၊ ဂျင်းလမ်း ၁၀၄ မိုင်၊ မြေသားလမ်း ၂၁၅ မိုင် စုစုပေါင်း ၃၂၄ မိုင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်းများ ဆောင်ရွက်ရာတွင် လမ်းဦးစီးဌာနလမ်းများနှင့် ချိတ်ဆက်သည့် ကျေးလက်လမ်းများ၊ မြို့နှင့်ကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း မဟာဗျူဟာမြောက် အရေးပါသည့် ပြည်သူလူထု အသုံးပြုများသည့်လမ်းများကို ရှေ့ပြေးစီမံကိန်း Pilot Project ရွေးချယ်ဆောင်ရွက်ခဲ့ကာ ဒေသလူမှုစီးပွားများ တိုးတက်အောင် အထောက်အကူပြုနိုင်ခဲ့သည်။



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပေါက်ပင်- အေးရွာ ကွန်ကရစ်လမ်း။

နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ အထောက်အပံ့များနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော မျှဝေခြင်းအစီအစဉ်များဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် World Bank နှင့် JICA ချေးငွေဖြင့် လုပ်ငန်းစီမံကိန်း နှစ်ခု၊ KfW ထောက်ပံ့ငွေဖြင့် လုပ်ငန်းစီမံကိန်း သုံးခု ဆောင်ရွက်လျက်ရှိသည်။

"World Bank နဲ့ JICA ချေးငွေနဲ့ လုပ်ငန်းစီမံကိန်းနှစ်ခု၊ KfW ထောက်ပံ့ငွေနဲ့ လုပ်ငန်း စီမံကိန်းသုံးခု ဆောင်ရွက်နေတာရှိပြီး ပူးပေါင်းပြီး ကတ္တရာလမ်း စုစုပေါင်း ၆၅ မိုင်၊ တံတား သုံးစင်းကို ဆောင်ရွက်ဖို့လည်းရှိပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့က စက်၊ ယာဉ်၊ ယန္တရားနှင့် နည်းပညာပံ့ပိုး၍ ပြည်သူက စက်သုံးဆီ/အထောက်အကူပြုလုပ်ငန်းများ ကျခံပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော မျှဝေခြင်းအစီအစဉ်ဖြင့် ကျေးလက်လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန် ၂၀၂၁-၂၀၂၂ မှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လမ်းအရှည် ၁၈၄၁၅ မိုင်၊ ၂၀၂၆-၂၀၂၇ မှ ၂၀၃၀ - ၂၀၃၁ ဘဏ္ဍာနှစ်အတွင်း လမ်းအရှည် ၁၇၀၃၄ မိုင်ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်ရေးတို့အတွက် အခြေခံကျသော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရာသီမရွေးသွားလာနိုင်မည့် ကျေးလက်လမ်းကွန်ရက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဖော်ဆောင်သွားမည်ဖြစ်သည့်အပြင် ပြည်သူလူထု ပူးပေါင်းပါဝင်မှု အစီအစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**ကျေးလက်ပြည်သူ ရိုင်းပင်းကူ**
**လက်တွဲငြိမ်းချမ်း ဒို့ကြိုးပမ်း**
**လမ်းများဖောက်လုပ် ဒို့အလုပ်**
**ဖွံ့ဖြိုးရေးဆောင်ရွက် ပြည်သူ့အတွက်**

ဆိုသည့် ဦးစီးဌာန၏ ရည်မှန်းချက်ဆောင်ပုဒ်နှင့်အညီ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဓာတ်မှန်ပညာဌာနနှင့် အရေးပေါ်ကုသမှုဆေးပညာဌာနများ ဘက်စုံပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဩဂုတ် ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(၁)ရန်ကုန် အစည်းအဝေးခန်းမ၌ ဓာတ်မှန်ပညာဌာနနှင့် အရေးပေါ်ကုသမှု ဆေးပညာဌာနများ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ၊ အထူးကုဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးသည်။

**အလွန်အကျိုးရှိမည်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆေးနှင့် ဆေးနီးနွယ်ဘာသာရပ်ဌာနများ ယခုထက် ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက် စနစ်တကျ လက်တွေ့ကျသော နည်းဗျူဟာများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရပ်ရပ်နှင့်အညီ ချမှတ်ထားသော ဝန်ကြီးဌာန၏ မူဝါဒများ၊ မဟာဗျူဟာလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်ပညာရှင်များနှင့် အရေးပေါ်ကုသမှုဆေးပညာရှင်များက ဆေးရုံများ၌ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ ဘွဲ့လွန်သင်ကြားမှုကိစ္စရပ်များ၌ လည်းကောင်း တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနအနေဖြင့် ရရှိသော အရင်းအမြစ်များနှင့်အညီ ဆက်လက်၍ ဦးစားပေးသတ်မှတ်ကာ ပံ့ပိုးဖြည့်ဆည်းသွားမည်ဖြစ်ပါကြောင်း၊ လူနာများတွင် ဖြစ်ပွားနေသော ရောဂါကို တိကျစွာစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်နေသည့် ဓာတ်မှန်ပညာဌာနနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အရေးပေါ်လူနာများအပါအဝင် ကျန်းမာရေးပြဿနာ အမျိုးမျိုးဖြစ်ပွားသည့် လူနာများအား အရေးပေါ် အသက်ကယ်ဆယ်ကုသမှုများ ဆောင်ရွက်နေသည့် အရေးပေါ်ကုသမှုဆေးပညာဌာနတို့၏ ဘက်စုံပိုမိုဖွံ့ဖြိုး တိုးတက်မှုများသည် ပြည်သူများအတွက် အလွန်အကျိုး ရှိမည်ဖြစ်ပါကြောင်း၊

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံမှုနှင့် အရည်အသွေး ပိုမိုမြင့်မားစေရေးအတွက် ဓာတ်မှန်ပညာနှင့် အရေးပေါ်ကုသမှုဆေးပညာ အထူးကု ဆရာဝန်များ၊ ပညာရှင်များအပါအဝင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ၂၀၂၀–၂၀၂၁ ပညာသင်နှစ်တွင်လည်း ပိုမိုမွေးထုတ်လေ့ကျင့်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ထိုသို့မွေးထုတ်လေ့ကျင့်ရာတွင် သင်ကြားသင်ယူမှုပတ်ဝန်းကျင် (Teaching Environment) ကောင်းများ ရရှိစေရေး၊ ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အသုံးချဆောင်ရွက်ရေးနှင့် စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားမှုများ ရရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ဦးစားပေး ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

ဆေးပညာရပ် ဘာသာရပ်အသီးသီးအနေဖြင့် ဘုတ်အဖွဲ့အသိအမှတ်ပြု အထူးကုဆရာဝန်များ မွေးထုတ်နိုင်ရန်အတွက်ကိုလည်း စဉ်းစားဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးပညာဘာသာရပ်များတွင် ပါမောက္ခရာထူး ခန့်ထားတာဝန်ပေးအပ်ရာ၌ ပါရဂူဘွဲ့ ရရှိထားခြင်းမရှိသော်လည်း (နိုင်ငံတကာတွင် ပါမောက္ခရာထူး ပေးအပ်သကဲ့သို့ပင်) သက်ဆိုင်ရာ ဆေးပညာဘာသာရပ်တွင် လုပ်သက်နှင့် အတွေ့အကြုံမြင့်မားမှု၊ ဘာသာရပ်ဆိုင်ရာ သုတေသနများ ပြုလုပ်ထားရှိမှုတို့အပါအဝင် အခြားသတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ဆေးပညာဘွဲ့လွန်ပညာရှင်များ မွေးထုတ်သကဲ့သို့ တိုက်နယ်နှင့်မြို့နယ်ဆရာဝန်များ အခြေခံဓာတ်မှန်ပညာနှင့် အခြေခံအရေးပေါ်ကုသမှု ဆေးပညာဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ရန်အတွက် အင်တာနက်အသုံးပြု သင်တန်းများ အပါအဝင် မွမ်းမံသင်တန်းများကိုလည်း ဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင် ဆေးတက္ကသိုလ်များ၌ လုပ်ကိုင်လျက်ရှိသော ဆရာ ဆရာမများအတွက် သင်ကြားမှုနည်းစနစ်ပိုင်းဆိုင်ရာ မွမ်းမံသင်တန်းများကိုလည်း ပုံမှန်ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးပညာဘာသာရပ် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ အနေဖြင့် တိုက်နယ်ဆရာဝန်၊ မြို့နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်များအတွက် ရည်ရွယ်ကာ ဘာသာရပ်ဆိုင်ရာ ဗီဒီယိုရုပ်သံများ ရိုက်ကူးကာ သက်ဆိုင်ရာတက္ကသိုလ်၏ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားရှိခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ ဆရာဝန်များအနေဖြင့် ပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် အချက်အလက်များကို အလွယ်တကူ လေ့လာသိရှိနိုင်မည် ဖြစ်ပါကြောင်း။

ဘာသာရပ်ဆိုင်ရာ အသုံးချသုတေသနများကို အရည်အသွေးပြည့်ဝစွာ ပြုလုပ်နိုင်ရန်အတွက် ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)၌ ပြုလုပ်လျက်ရှိသော ပုံမှန်သင်တန်းများသို့ ဆေးတက္ကသိုလ်များမှ ဆရာ ဆရာမများ တက်ရောက်စေလိုပါကြောင်း၊ သုတေသန ပြုလုပ်ရာတွင် ဝန်ကြီးဌာနမှ သုတေသနဘဏ္ဍာငွေများ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့်လည်း ကွန်ရက်သဖွယ်ချိတ်ဆက်ပြီး ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း။

ဝန်ကြီးဌာန၏ တက္ကသိုလ်အသီးသီးရှိ ဆေးပညာ ဘာသာရပ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများ အနေဖြင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးခြင်းများ ပိုမိုပြုလုပ်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် အဖွဲ့များဖွဲ့စည်းကာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ ပုံမှန်ကွင်းဆင်း၍ ဆန်းစစ်အကဲဖြတ်မှုပုံစံ (Checklist) အသုံးပြုကာ ဆန်းစစ်တွေ့ရှိရသော အခြေအနေပေါ်မူတည်၍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့တွေ့ဆုံရာတွင် ကုသရေး၊ သင်ကြားလေ့ကျင့်ရေးအပါအဝင် ဘာသာရပ်နှင့် ဌာနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေး ပြောကြားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ် (၁) ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာသန်းသန်းနွယ်နှင့် ဆေးတက္ကသိုလ် (၂) ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မာရှိန်တို့က ဓာတ်မှန် ပညာဌာနများ၏ ဖွဲ့စည်းပုံနှင့် အင်အား၊ အထူးကုဆရာဝန်၊ ဓာတ်မှန်ပညာရှင်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်လေ့ကျင့်ပေးနေမှု၊ နိုင်ငံတစ်ဝန်းတွင် ဓာတ်မှန်ပညာရပ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု၊ နိုင်ငံ တကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများ၊ သင်ကြားလေ့ကျင့်မှုနှင့် ကုသရေးလုပ်ငန်းများအတွက် အသုံးချဆော့ဝဲလ် (Software) များနှင့် စက်ပစ္စည်းကိရိယာ လိုအပ်ချက်များ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (၁) အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ မော်မော်ဦးက လက်ရှိနိုင်ငံတစ်ဝန်းမှ အရေးပေါ်ဆေးပညာ ဌာနများ၏ အခြေအနေများကို တင်ပြသည်။

**လိုအပ်ချက်များတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီး များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခ များနှင့် အထူးကုဆရာဝန်များက သက်ဆိုင်ရာ ဆေးရုံ၊ ဌာနအလိုက် လိုအပ်ချက်များ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ထိုသို့တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ရာ တွင် သက်ဆိုင်ရာဆေးပညာရပ်နှင့် ဌာနပိုမိုဖွံ့ဖြိုးတိုးတက် ရေးအတွက် ယခုကဲ့သို့ ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားဆောင်ရွက် နေကြသည်မှာ ကောင်းမွန်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် တင်ပြချက်များအား ဝန်ကြီးဌာနမှ အလေးအနက်ထား စဉ်းစားကာ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ လမ်း/တံတား လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဩဂုတ် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်-ပြည်လမ်းအခြေအနေတို့ကို လမ်းတစ်လျှောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မက်စ်ဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-ပြည်လမ်း ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ရေဝတီတံတား(သရက်-အောင်လံ) စီမံကိန်း**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြည် – မကွေးလမ်း အပိုင်းအား ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်နေသော ရေဝတီတံတား(သရက်-အောင်လံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရေဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးငွေအောင်က တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှု၊ ဘဏ္ဍာရေး နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ ဆက်လက်၍ ရေဝတီမြစ်ကြောင်း ရေလမ်းကြောင်း အခြေအနေ၊ ရေလယ်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများ၊ အရည်အသွေး စမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်လံဘက်ကမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ Girder များ ကြိုတင်သွန်းလောင်း ထားရှိမှုကိုလည်းကောင်း၊ တံတားရှင်းလင်းဆောင်ရှုရပ်မှ သရက်ဘက်ကမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရေဝတီတံတား (သရက်-အောင်လံ)သည် မကွေးတိုင်းဒေသကြီး သရက်ခရိုင်တွင် တည်ရှိပြီး ရေဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံမြို့နှင့် အနောက်ဘက်ကမ်း သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်ထားကာ စုစုပေါင်းတံတား အရှည် ၂၂၇၂ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်း တစ်ဖက်လျှင် တစ်မီတာစီပါရှိသည်။ တံတား အောက် ရေလမ်းကင်းလွတ်အကျယ် မီတာ ၁၃၀၊ အမြင့် ၁၆ မီတာရှိကာ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ AASHTO HS 25 Loading ဖြစ်သည်။

ယခုတည်ဆောက်နေသည့် ရေဝတီတံတား (သရက် – အောင်လံ)သည် ပထမအဆင့်အနေဖြင့် ရေဝတီမြစ် အနောက်ဘက်ကမ်း သရက်မြို့နှင့် ရေဝတီမြစ်အရှေ့ဘက်ကမ်း အောင်လံမြို့တို့ ဆက်သွယ်ထားသဖြင့် ဒေသခံပြည်သူများအနေဖြင့် သွားလာရေးလွယ်ကူအဆင်ပြေစေမည် ဖြစ်သလို နောင်တစ်ချိန်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ သရက်၊ အောင်လံ၊ နေပြည်တော်ကိုဖြတ်၍ ရွှေလီအထိ ဆက်သွယ်နိုင်သော စီးပွားရေးစင်္ကြံ လမ်းမကြီးပေါ်ရှိ အရေးပါသော တံတားတစ်စင်းအဖြစ် တွေ့မြင်ရမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရေး နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်း ပြုလုပ်ပေးသည့် အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၌ ဆောင်ရွက်သည်။

**အဓိကထား ဆောင်ရွက်ပေး**

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက "မဲစာရင်းမှာပါတဲ့ အသက် ၁၈ နှစ် ပြည့်ပြီး မှတ်ပုံတင် မလုပ်ရသေးတဲ့သူတွေကို အဓိကထားပြီး ဆောင်ရွက်ပေးနေတာပါ။ မိမိတို့မြို့နယ် အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး မှတ်ပုံတင်မလုပ်ရသေးတဲ့သူတွေကို ပြုလုပ်ပေးတာပါ။ မွေးစားရင်းတိုးတွေနဲ့ ပျောက်ဆုံး၊ ပျက်စီးတွေကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးနေပါတယ်။ အဓိက လုပ်ဆောင်ချက်ကတော့ မဲစာရင်း အမည်ပေါက်တွေကို ဆောင်ရွက်ပေးနေခြင်းပဲဖြစ်ပါတယ်" ဟု ပြောသည်။

ဆောင်ရွက်မှုအနေဖြင့် ယနေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါမြို့နယ် ပေါ်တော်မူစေတီဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးရာ ရပ်ကွက်နေ ပြည်သူ ၁၀၀ ကျော် လာရောက်ပြုလုပ်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အဆိုပါမြို့နယ်အတွင်း နေထိုင်သည့် အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး အသက် ၁၈ နှစ်ပြည့်မြောက်ကာ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်မည့် မဲဆန္ဒရှင် အမည်စာရင်းတွင်ပါရှိသောသူများအား အဓိကထား ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက ပြောသည်။

**အထောက်အထားတွေ ပြည့်စုံဖို့လို**

အဆိုပါရပ်ကွက်ရှိ ဦးရေခဲလမ်းနေ ဒေါ်သက်မွန်အေးက "ကလေးတွေအတွက် အသက် ၁၈နှစ်ပြည့်နဲ့ ၁၀ နှစ်ပြည့် မှတ်ပုံတင်လာလုပ်တာပါ။ လွယ်လွယ်ကူကူနဲ့ အဆင်ပြေတယ်။ အခုလိုဆောင်ရွက်ပေးတော့ အချိန်ကုန်သက်သာတယ်။ ပြည်သူတွေအတွက်အများကြီး အထောက်အကူဖြစ်တယ်။ ကိုယ့်ဘက်ကတော့ လိုအပ်တဲ့ အထောက်အထားတွေပြည့်စုံဖို့လိုပါတယ်" ဟုပြောသည်။

အလားတူ ယင်းသို့ဆောင်ရွက်မှုကို အဆိုပါ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်တွင် အဆိုပါမြို့နယ်အတွင်းရှိ အမှတ်(၁)ရပ်ကွက်၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မပြုလုပ်လိုက်ရသည့် ပြည်သူများအား မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# လေးမျက်နှာမြို့နယ် သဲနုကုန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ပေး

**လေးမျက်နှာ ဩဂုတ် ၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားရှိရန် လိုအပ်သည့် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးသူများအား ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် လေးမျက်နှာမြို့နယ် သဲနုကုန်းကျေးရွာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

"နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ရာမှာ ၁၈ နှစ်ပြည့်ပြီး အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့်သူများအတွက် အဓိကထားဆောင်ရွက်ပေးမှာဖြစ်တယ်။ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ ပျက်စီး၊ ပျောက်ဆုံးသူများကို မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ကျန်ရှိနေသေးတဲ့ ရပ်ကွက်၊ ကျေးရွာများကိုလည်း ဆက်လက် ကွင်းဆင်းပူးပေါင်းဆောင်ရွက်သွားပါမယ် "ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက ပြောသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးက နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဟိန်း(ပြန်/ဆက်)**

# မိုင်းပန်မြို့ အနောက်ရပ်ကွက်၌ မဲဆန္ဒရှင်မကျန်ရှိစေရေးနှင့် အုပ်ချုပ်မှုပုံစံ ၂၇ မျိုး စာရင်းရေးသွင်းထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**မိုင်းပန် ဩဂုတ် ၈**

မိုင်းပန်မြို့ အနောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားရှိသော မဲစာရင်း၌ မဲဆန္ဒရှင်များ မကျန်ရှိစေရေးနှင့် အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး နည်းဥပဒေအရ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများအတွက် ဖော်ပြရေးသွင်းထားသည့် ပုံစံ(၂၇)မျိုးစာရင်း ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့်အဖွဲ့က ယနေ့ နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ဇူလိုင် ၂၅ ရက်တွင် စတင်ကြေညာထားသည့် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအရ မိုင်းပန်မြို့ အနောက်ရပ်ကွက်တွင် မဲဆန္ဒရှင် ကျား ၁၄၅၄ ဦး၊ မ ၁၆၇၈ ဦး စုစုပေါင်း ၃၁၃၂ ဦး ရှိပြီး မဲစာရင်းကြေညာထားရှိမှု အခြေအနေနှင့် မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ အချက်အလက် မှန်ကန်တိကျစေရေး၊ ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲခြင်း၊ နိုင်ငံတော်၏ ထောက်ပံ့ရေးအစီအစဉ် အကျုံးဝင်သည့် ခံစားခွင့်ရှိသူစာရင်းတို့အား အထောက်အကူပြုသည့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနည်းဥပဒေအရ ဆောင်ရွက်ထားရှိသည့် ပုံစံ ၂၇ မျိုး ရေးသွင်းထားမှုနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့က အားနည်းချက်၊ အားသာချက်များအား စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုင်းပန်(ပြန်/ဆက်)**



# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဩဂုတ် ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များ အချိန်မီထုတ်ပေးနိုင်ရေးအတွက် တောင်ဥက္ကလာပမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်ဝါဝါမြင့်နှင့် ဒေါ်နိုင်နိုင်သန်းတို့က တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် သာသနာ့ဟိတဓမ္မာရုံတွင် ယမန်နေ့က ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်တင်ထွန်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

**အောင်သူရ**

❍ **ကျောဖုံးမှ**

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မိမိတို့၏ အမည်ပါဝင်မှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းထားကြောင်းနှင့် မဲစာရင်းတွင် မိမိအမည် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာသွင်းခြင်းကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သန်လျင်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း ၂၀၆၁၆၃ ဦး ဆန္ဒမဲထည့်နိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# (၃၂)နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနေ့ ရန်ကုန်မြို့ နေရာအသီးသီး၌ ပြုလုပ်



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ (၃၂) နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အောက်မေ့ဖွယ်အထိမ်းအမှတ် ဆိုင်းဘုတ်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-ဆန်းကျော်ဦး


ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပြည်သူ့ပန်းခြံအတွင်းရှိ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံ အထိမ်းအမှတ် ကျောက်တိုင်၌ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီတို့ ပန်းစည်းချအလေးပြုကြစဉ်။ ဓာတ်ပုံ-မင်းသစ်(MNA)

**ရန်ကုန် ဩဂုတ် ၈**

(၃၂) နှစ်မြောက် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့တို့၌ပြုလုပ်ရာ တက်ရောက်လာသူများက အရေးတော်ပုံတွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား အောက်မေ့ဖွယ်အဖြစ် နှင်းဆီပန်းချခြင်း၊ ငြိမ်သက်အလေးပြုခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့အတူ အရေးတော်ပုံတွင် ကျဆုံးသွားသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအားရည်စူး၍ တောင်ဥက္ကလာပမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်တွင် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်အချို့နှင့် နိုင်ငံရေးအင်အားစုအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

"ဒီနှစ်က အခမ်းအနားတစ်ခုမှ မလုပ်ဘူး။ ကိုဗစ် တားမြစ်ချက်တွေရှိတယ်။ လူစုလူဝေး လုပ်လို့မရဘူး။ သို့သော်လည်း အမှတ်တရ အောက်မေ့ဖွယ်အဖြစ် တစ်ဦးချင်းစီ ပါဝင်လှုပ်ရှားမှုအနေနဲ့ လုပ်ကြတယ်။ မြို့တော်ခန်းမအပြင် မြောက်ဥက္ကလာပ ကန်သာယာပန်းခြံမှာလည်း လုပ်တယ်။ တံတားလေးလမ်းဝတို့မှာ ပန်းလေးတွေချပြီး လူတစ်ဦးချင်းစီ အလေးပြုကြတယ်။ လူစုလူဝေးမရှိဘူး။ နှာခေါင်းစည်းတွေ ဝတ်ထားကြတယ်။ ဆွမ်းကပ်တာတွေလည်း ရှိပါတယ်။ ဒီနှစ်က အဖွဲ့အစည်းတွေ ဦးဆောင်ပြီး လုပ်တာမရှိပါဘူး။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုဗစ်စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်ကြတာပါ"ဟု ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုဂျင်မီက ပြောသည်။

မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပြည်သူ့ပန်းခြံအတွင်းရှိ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံအထိမ်းအမှတ် ကျောက်တိုင်တွင်လည်း ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အောက်မေ့ဖွယ် အထိမ်းအမှတ်ပြုလုပ်ရာ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီတို့ကလည်း ပန်းစည်းချကာ လာရောက်အလေးပြုခဲ့ကြောင်း သိရသည်။

**မင်းသစ်(MNA)**

# ထန်းတပင်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ထန်းတပင် ဩဂုတ် ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ရေကြီးမှုအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ပန်တိုင်ကျေးရွာ ပန်တိုင်-ဒေါင့်ကြီးတာပေါ်ရှိ ပန်တိုင်ရေထိန်းတံခါး အမှတ်(၂)အနီး၌ ကျင်းပခဲ့သည်။



ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြပွဲတွင် ထန်းတပင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စွာနိုင်ဝင်းက မြစ်ရေကြီး၍ တာပေါ်ရေကျော်မှုများ၊ တာအိကျမှုများ၊ ထူးပေါက်မှုများနှင့် သဲဗွက်ထမှုများဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အချက်များ၊ သတိပြုလုပ်ဆောင်သင့်သည့် အချက်များနှင့် အရေးပေါ်အခြေအနေတွင် ကြိုတင်စီမံခန့်ခွဲမှု အဆင့်သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုနည်းစနစ်များအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသပေးခဲ့သည်။

အဆိုပါအသိပညာပေးသရုပ်ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




# အဖျောက်မြို့၌ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ် အသိပေးရှင်းလင်း

**အဖျောက် ဩဂုတ် ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ယမန်နေ့က အဖျောက်နယ်မြေ ခေတ္တစခန်းမှူး ဒုတိယ



ရဲအုပ် သန်းကျော်ဇောနှင့်တပ်ဖွဲ့ဝင်များ၊ အဖျောက်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်ခိုင်ဦးနှင့် အုပ်ချုပ်ရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ် ရှင်းလင်းအသိပေးခြင်းလုပ်ငန်းနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။

အဖျောက်မြို့အတွင်း၌ မော်တော်ဆိုင်ကယ်စီးနင်းကြရာတွင် လိုက်နာကြရမည့် ဆိုင်ကယ်စီးနင်းကြသူ ပြည်သူများအား အဖျောက်နယ်မြေ ခေတ္တစခန်းမှူးနှင့်ပူးပေါင်းအဖွဲ့များက လက်ကိုင်အသံချဲ့စက်ဖြင့် မော်တော်ယာဉ်ဥပဒေများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်းသည့် ဥပဒေများ၊ ညွှန်ကြားချက်များနှင့် ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်အချက်များအား အသိပေးရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကာလ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**


တာမွေမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း အသိပညာပေးလှုံ့ဆော်မှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ ပူးပေါင်းဆောင်ရွက်ရာ ဩဂုတ် ၈ ရက်က တာမွေမြို့နယ် ကျောက်မြောင်း အရှေ့ရပ်ကွက်နှင့် ကျောက်မြောင်းကြီးရပ်ကွက်များ၌ အသိပညာပေးဆောင်ရွက်မှုများ ပြုလုပ်ကြစဉ်။ ကြေးမုံ

# "ဟီးရိုး" မှ "ဇီးရိုး" သို့

■ ကိုရင်ဩ



PHOTO CRIDIT: GETTY IMAGES

လောကဓံတရား၏ လှိုင်းတံပိုးရိုက်ပုတ်မှုများကို လတ်တလောတွေ့ကြုံခံစားနေရပြီး "ထွက်တော်မူ နန်းကခွာ" လိုက်ရသည့် ပုဂ္ဂိုလ်တစ်ဦးသည်ကား ယွန်ကာလို့စ် ဆိုသူဖြစ်ပြီးလျှင် သူသည် သူ၏အမိနိုင်ငံတော်ကို ကျောခိုင်း၍ ပြည်ပသို့ထွက်ခွာကာ ပြည်ပြေးနန်းကျဘုရင်တစ်ပါးအဖြစ် ဆက်လက်၍ စံမြန်းသွားတော့မည်ဟူသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ "ဖြစ်ပြန် ပျက်ပြန် လောကဓံ" တရားနှင့်အညီ ပျံလွှားငှက်ငယ်ပမာ မြင့်တစ်ချီ နိမ့်တစ်လှည့် ဘဝမျိုးစုံတွင် အဖုံဖုံအဖန်ဖန် ကျင်လည်ရတတ်သည့် "ကံတရား" ၏ ပဋ္ဌလက်ဆန်သော သဘောတရားကို စေ့ငုလေ့လာမိလေ၏။

ယွန်ကာလို့စ် ဆိုသူသည်ကား ဥရောပတိုက်၏ အီဘာရီယန်ကျွန်းဆွယ်ပေါ်ရှိ စပိန်နိုင်ငံ၏ ဘုရင်ဟောင်းတစ်ဦးပါပေတည်း။

လတ်တလောဖြစ်ပေါ်လာသည့် အခြေအနေ၏ တွန်းပို့မှုကြောင့် သူ၏ကံကြမ္မာမှာ ချက်ချင်းလက်ငင်း တလိမ့်ခေါက်ကွေးဖြစ်ရပြန်သော် အမိနိုင်ငံတော်ကို စွန့်ခွာသွားရသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင်ရစ်ပေလိမ့်မည်။

**"ထွက်တော်မူ နန်းကခွာ"**

နန်းစွန့်ခဲ့ပြီးလေသော ဘုရင်ဟောင်းကြီးတစ်ပါး သူ၏နိုင်ငံတော်မှ ထွက်ခွာသွားပြီဆိုသော သတင်းတစ်ပုဒ်သည် ဩဂုတ်လ ၃ ရက်တွင် စတင်ပေါ်ထွက်လာခဲ့ချိန်မှစ၍ အံ့ဩဘနန်းဖြစ်ရလောက်သော သူ၏ "ထွက်တော်မူ နန်းကခွာ" ဖြစ်စဉ်ကို တစ်ကမ္ဘာလုံးက လေ့လာစောင့်ကြည့်နေကြကုန်၏။

ထူးထွေတည့်အံ့ရာသော် ဖြစ်ကြရသည့် လူအပေါင်းက ယွန်ကာလို့စ် ဘယ်အရပ်၊ ဘယ်ဌာနီသို့ ယွန်းလေသနည်းဟူ၍တဝဲလည်လည် စောင့်ကြည့်နေကြစဉ်မှာပင် ဩဂုတ်လ ၈ ရက်တွင် ပေါ်ထွက်လာသော သတင်းတစ်ပုဒ်အရ သူသည် အဘူဒါဘီဟုအမည်တွင်သော အာရပ်စော်ဘွားများ ပြည်ထောင်စု၏မြို့တော်သို့ ရောက်ရှိနေပြီဟု ကျွန်ုပ်သိရှိရလေသည်။ ပါရှား(အာရေဗျ) ပင်လယ်ကွေ့ရှိ ကျွန်းကြီးပေါ်တွင်တည်ရှိသော အဘူဒါဘီမြို့သို့ ပုဂ္ဂလိကပိုင် လေယာဉ်တစ်စင်းဖြင့် ဘုရင်မင်းမြတ်ဟောင်း ယွန်ကာလို့စ် ဆိုက်ရောက်လာပြီဆိုသည့် သတင်းတစ်ပုဒ်ကို စပိန်ဘာသာစကားဖြင့် ထုတ်ဝေသော "အေဘီစီ" အမည်ရှိ သတင်းစာကြီးတွင် တခမ်းတနား ရေးသားဖော်ပြထားသည်ဆို၏။

ယွန်ကာလို့စ်သည် ယင်းမြို့ရှိ ကြယ်ငါးပွင့်အဆင့် ဇိမ်ခံဟိုတယ်ကြီးတစ်လုံးဖြစ်သော "စော်ဘွားများ နန်းတော်" ဟိုတယ်တွင် တည်းခိုလျက်ရှိသည်ဟု သတင်းစာတွင် ဖော်ပြထားသည်။

အဂတိလိုက်စားမှု အရှုပ်တော်ပုံ(ဝါ) စာရိတ္တ ခြစားမှု အရှုပ်တော်ပုံစွဲချက်များ ပေါ်ထွက်လာနေချိန်တွင် ကြားရ နားဝမချမ်းသာ အသံဗလံများကို ခံစားနိုင်ခြင်း မရှိသည့်အဆုံး မိခင်တိုင်းပြည်မှ ထွက်ခွာသွားရန် မိမိဆုံးဖြတ်လိုက်သည်ဟု ယွန်ကာလို့စ်က ဩဂုတ်လ ၃ ရက်တွင် ဆိုင်းမပါ ဗုံမဆင့် ရုတ်ချည်း ထုတ်ပြန်ကြေညာလိုက်လေသော် ပြည်သူပြည်သားအပေါင်းနှင့်တကွ ကမ္ဘာသားတို့က ပျစ်ပျစ်နှစ်နှစ် ရှိလှသည့် ယင်းဆုံးဖြတ်ချက်အပေါ် ရင်သပ်ရှုမော အံ့ဩမကုန်ဖြစ်ကြရလေ၏။

**ထွက်ခွာသွားခဲ့**

ယွန်ကာလို့စ်၊ သူ၏ သက်တော်စောင့် လေးဦးနှင့် အခြားပုဂ္ဂိုလ်တစ်ဦးတို့ကို တင်ဆောင်နိုင်ရန် ပုဂ္ဂလိက လေယာဉ်တစ်စင်း စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ဗီဂိုမြို့သို့ ဆိုက်ရောက်လာခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ မြို့တော် ပါရီမှသည် ယူအေအီးနိုင်ငံ မြို့တော် အဘူဒါဘီဆီသို့ ဦးတည်ပျံသန်းထွက်ခွာသွားခဲ့သည်ဟု သတင်းစာက ရေးသားဖော်ပြသည်။

ဩဂုတ်လ ၃ ရက် နံနက်ခင်းတွင် ပြည်ပသို့ထွက်ခွာသွားခဲ့သော ယင်းလေယာဉ်နှင့်အတူ လိုက်ပါသွားခဲ့ကြသည့် ယွန်ကာလို့စ်နှင့် အခြွေအရံတစ်သင်းသည် အဘူဒါဘီမြို့ရှိ အယ်လ်ဘာတင်းလေဆိပ်သို့ ဆိုက်ရောက်လာခဲ့ပြီးသကာလ သူတို့ကို "စော်ဘွားများနန်းတော်" ဟိုတယ်သို့ ပို့ဆောင်နိုင်ရန် လေဆိပ်တွင် အသင့်စောင့်ဆိုင်းနေသော ရဟတ်ယာဉ်တစ်စင်းက ဝန်ဆောင်မှုပေးခဲ့လေသည်။

ယွန်ကာလို့စ် အဖြစ်သနစ်နှင့်ပတ်သက်၍ ယူအေအီး အစိုးရအရာရှိများက လတ်တလော မှတ်ချက်စကားမဆိုကြချေ။ အဆိုပါဟိုတယ်၏ဝန်ထမ်းများကလည်း သတင်းထောက်များ၏ စနည်းနာမှုကို လက်ခံဖြေဆိုကြခြင်း မရှိကြပေ။

ထိုစဉ်အတွင်း ဘုရင်မင်းမြတ်ဟောင်း ယွန်ကာလို့စ် ဒိုမီနီကန်သမ္မတနိုင်ငံရှိ အပန်းဖြေရိပ်သာတစ်ခုခုသို့ ရောက်ရှိကောင်း ရောက်ရှိနိုင်သည်ဟု မီဒီယာအချို့က ထင်ကြေးပေး ရေးသားဖော်ပြခဲ့ကြသေးသည်။

မီဒီယာအချို့ကမူ ယွန်ကာလို့စ် ငယ်စဉ်ဘဝက ကာလအတန်ကြာ နေထိုင်ခဲ့ဖူးသော ပေါ်တူဂီနိုင်ငံသို့ ရောက်ရှိသွားသည်ဟူသည်မျိုး ဖော်ပြကြပြန်သည်။ စပိန်နန်းတော် ပြောခွင့်ရပုဂ္ဂိုလ်ကမူ ယွန်ကာလို့စ် ဘယ်အရပ်ဌာနေသို့ ရောက်နေသည်ကို မိမိ မသိရှိပါကြောင်း "ဘူး" တစ်လုံးဆောင်ခဲ့သည်။

သက်တော် ၈၁ နှစ်အရွယ်ရောက်ခါမှ မတည်မငြိမ်၊ မအေးမချမ်းဖြစ်ရပုံအတွက်လည်း ပြည်သူတို့ကရုဏာသက်ကြရ၏။ လောလောလတ်လတ် အပူဇာတ်ခင်းရလေပြီလောဟု တုန်လှုပ်မိသူများကလည်း အရေအတွက်ဒုနှင့်ဒေး။

**နန်းတော်ကြီးကို ကျောခိုင်း၍**

လောကဓံတရားနှင့်အညီ သရုပ်ဖော်နေရသည့် ယွန်ကာလို့စ်သည် လာဘ်ပေါ်များခြင်း(လာဘ)၊ အခြံအရံများပြားခြင်း(ယသ)၊ စိန်စီသောလမ်းပေါ် လျှောက်လှမ်းနိုင်သော တော်ဝင်အသိုက်အဝန်းအဖြစ် လောကအလယ် မျက်နှာထည်ကာ ချီးကျူးထောမနာပြုခံရခြင်း(ပသံသာ)၊ ချမ်းသာခြင်းတည်းဟူသာ ကာမဂုဏ်အာရုံများနှင့် ပြည့်စုံခြင်း(သုခ)တို့ အတိပြီးလေသော နန်းတော်ကြီးကို ကျောခိုင်း၍ တိုင်းတစ်ပါးပြည်ရွာတွင် မထင်မရှား ဘဝနိဂုံးချုပ်ရမည့် အသွင်ကို ထင်ဟပ်ပြသလျက်ရှိလေသည်။

ယွန်ကာလို့စ်သည် အဂတိလိုက်မှုအရှုပ်တော်ပုံတစ်ရပ်အရ စပိန်တရားရုံးချုပ်၏ ပဏာမစုံစမ်းစစ်ဆေးမှုနှင့် ဖွန်လတွင် ရင်ဆိုင်ခဲ့ရပြီးနောက်ဝယ် တိုင်းတစ်ပါးသို့ သွားရောက်ခိုလှုံလိုက်ရသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပုံရိပ်ပေါ်လာလေပြီ။

ယွန်ကာလို့စ်သည် ဆော်ဒီအာရေဗျနိုင်ငံတွင် အကောင်အထည်ဖော်မည့် အမြန်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှင့်ဆက်နွှယ်နေသည့် လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံအတွင်း သက်ဆင်းခဲ့ရသည်။ သူသည် ယခုအခါ နတ်ရွာစံလေပြီးဖြစ်သော ထိုစဉ်က ဆော်ဒီဘုရင်မင်းမြတ်ထံမှ ဒေါ်လာသန်း ၁၀၀ လက်ခံရရှိခဲ့သည်ဆိုသော သတင်းတစ်ပုဒ်ကို ဆွစ်ဇာလန်နိုင်ငံတွင်ထုတ်ဝေသော "လာထရီဗြွန်းဒီ ဂျီနီဗီ" သတင်းစာတွင် ရေးသားဖော်ပြခဲ့ပြီးနောက် ဆွစ်ဇာလန် အစိုးရကလည်း သူနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။

ဘုရင်မင်းမြတ်ဟောင်း ယွန်ကာလို့စ်ကို တရားဝင်စုံစမ်းစစ်ဆေးခြင်း မရှိခဲ့ချေ။ ယွန်ကာလို့စ် ကိုယ်တိုင်ကမူ သူ့အပေါ် စွပ်စွဲမှုများနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားရန် သူ၏ရှေ့နေမှတစ်ဆင့် အတွင်တွင် ငြင်းဆိုခဲ့လေသည်။

ယခုအချိန်တွင်မူ ယွန်ကာလို့စ် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သူ၏ ရှေ့နေကရော၊ တော်ဝင်အသိုက်အဝန်းကရော၊ အစိုးရကပါ ငြင်းဆိုနေကြဆဲဖြစ်သည်။

**လာဘ်စားခဲ့သလော**

ဘုရင်မင်းတရားကြီးကိုယ်တိုင် လာဘ်စားခဲ့သလောဟု ထင်ယောင်ထင်မှား ဖြစ်စေသည့် စွပ်စွဲချက်များမှာ ကျော်မကောင်း ကြားမကောင်း သတင်းပျံ့နှံ့ခဲ့၏။

၂၀၁၄ ခုနှစ်တွင် နန်းစွန့်ခဲ့ချိန်အထိ စပိန်နိုင်ငံကို အုပ်စိုးတော်မူခဲ့သော ယွန်ကာလို့စ်သည် ဘဝနိဂုံးပိုင်းတွင် ကံမကောင်း အကြောင်းမလှဖြစ်ခဲ့ရလင့်ကစား သမိုင်းစာအုပ်များတွင်မူ သူသည် "သူရဲကောင်းတစ်ဦး" အဖြစ် နာမည်တွင်ရစ်ခဲ့လေသည်။

၁၉၃၈ ခုနှစ်တွင် အီတလီနိုင်ငံ ရောမမြို့၌ မွေးဖွားခဲ့သူ ယွန်ကာလို့စ်သည် ၁၃ ဆက်မြောက် အယ်လ်ဖွန်းဆိုး ဘုရင်မင်းမြတ်၏ မြေးတော်ဖြစ်သည်။ သူသည် နယ်စားမျိုးနွယ်ဝင် ဖြစ်ခဲ့သည်။

ဗူးဗွန်းမင်းဆက်သည် ၁၇၁၃ ခုနှစ်တွင် ပဉ္စမမြောက် ဖီးလစ်ဘုရင် စိုးစံသည့် အချိန်မှစ၍ စပိန်နိုင်ငံကို အုပ်စိုးခဲ့သည်။ ၁၈၃၃ ခုနှစ်တွင် သတ္တမမြောက် ဖာဒီနန် ဘုရင်နတ်ရွာစံပြီးနောက် တန်ခိုးအာဏာမှေးမှိန်သွားခဲ့သော ဗူးဗွန်းမျိုးနွယ် နန်းဆက်သည် ယွန်ကာလို့စ်လက်ထက်တွင် ပြန်လည်ရှင်သန်လာခဲ့ကြောင်း အတိတ်သမိုင်းကြောင်းကို ကျွန်ုပ်လေ့လာဖတ်ရှုရ၏။

တပ်မတော်တွင် ဗိုလ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သော ယွန်ကာလို့စ်သည် တက္ကသိုလ်ပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဂရိနိုင်ငံ ဘုရင်ပေါ၏ သမီးတော် ဆိုဖီယာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ သားသမီးရတနာသုံးဦး ထွန်းကားသည်။

ယွန်ကာလို့စ်သည် ဘဝအတွေ့အကြုံရရှိစေရန် အစိုးရဌာနများတွင် ဝင်ရောက်လုပ်ကိုင်လေ့ကျင့်ခဲ့သည်။ ဒေသန္တရဗဟုသုတရရှိစေရန် နိုင်ငံတစ်ဝန်းသို့ မကြာမကြာ ခရီးလှည့်လည်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် စပိန်ပါလီမန်က ယွန်ကာလို့စ်အား "မင်းသားဘွဲ့" အပ်နှင်း၍ နိုင်ငံတော်၏ အဓိပတိရာထူးကို ဆက်ခံမည့်ပုဂ္ဂိုလ်အဖြစ် ကြေညာခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ နိုင်ငံတော်အဓိပတိ ဗိုလ်ချုပ်ကြီးဖရန်ကိုနာမကျန်းဖြစ်နေစဉ်တွင် ယွန်ကာလို့စ်သည် နှစ်ကြိမ်တိုင်တိုင် အဓိပတိတာဝန်ကို ထမ်းဆောင်ခဲ့သည်။

**စည်းမျဉ်းခံဘုရင်**

၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်တွင် ဗိုလ်ချုပ်ကြီး ဖရန်ကို ကွယ်လွန်သည့်အခါ ယွန်ကာလို့စ်သည် စပိန်နိုင်ငံ၏ စည်းမျဉ်းခံဘုရင်မင်းမြတ်အဖြစ် ခံယူတော်မူခဲ့သည်။

အာဏာရှင်တစ်ဦးအဖြစ် အမည်တွင်ခဲ့သော ဗိုလ်ချုပ်ကြီး ဖရန်ကို၏ အာဏာရှင်အုပ်စိုးမှုစနစ်ကို ပယ်ဖျက်ကာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်။

စပိန်ပြည်တွင်းစစ်ကာလ (၁၉၃၆-၁၉၃၉)တွင် ဒုတိယမြောက် စပိန်သမ္မတနိုင်ငံတော်အား တွန်းလှန်ဖြိုဖျက်ခဲ့သော အမျိုးသားရေးဝါဒီတပ်ဖွဲ့များကို ဗိုလ်ချုပ်ကြီး ဖရန်ကိုက ဦးဆောင်ခဲ့သည်။ ပြည်တွင်းစစ်အပြီးတွင် ဗိုလ်ချုပ်ကြီး ဖရန်ကိုက စပိန်နိုင်ငံကို ၁၉၃၉ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အုပ်စိုးခဲ့သည်။ သူသည် အာဏာရှင် အုပ်စိုးသူအဖြစ် အမည်တွင်ရစ်သည်။

ယွန်ကာလို့စ်သည် စည်းမျဉ်းခံဘုရင်စနစ်အရ နိုင်ငံကိုအုပ်စိုးခဲ့ပြီး မင်းကျင့်တရားနှင့်အညီ အုပ်စိုးခဲ့သူအဖြစ် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် နာမည်ကောင်း ရရှိခဲ့သည်။ ယွန်ကာလို့စ် ၂၀၁၄ ခုနှစ်တွင် နန်းစွန့်ခဲ့ချိန်အထိ စပိန်နိုင်ငံကို နှစ်ပေါင်း ၄၀ ကြာ အုပ်စိုးခဲ့သည်။

ထိုသို့ဖြစ်လင့်ကစား ယွန်ကာလို့စ် ဘဝနိဂုံးပိုင်းရောက်ချိန်တွင် လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံအတွင်း သက်ဆင်းခဲ့ရပေရာ စပိန်ဘုရင်စနစ်၏ ဂုဏ်သတင်းမှာ အစွန်းအထင်းပေကျံရခြင်းဖြစ်သည်။

**တောကစားထွက်**

သက်ဦးဆံပိုင် ဘုရင်စနစ်ကို လက်မခံဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာသည့် စည်းမျဉ်းခံဘုရင်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ခဲ့သူအဖြစ် သမိုင်းမော်ကွန်းဝင်ခဲ့သော်လည်း စပိန်နိုင်ငံတွင် စီးပွားရေး အကျပ်အတည်းဆိုက်ချိန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးနေရချိန်အတွင်း ၂၀၁၂ ခုနှစ် ဧပြီလတွင် တောကစားထွက်ရန် အာဖရိကတိုက်ရှိ ဘော့ဆွာနာနိုင်ငံသို့ ခရီးသွားရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်သူများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ယွန်ကာလို့စ်သည် ဘော့ဆွာနာနိုင်ငံတွင် ဆင်မုဆိုးအဖြစ် တောကစားထွက်မည့်ခရီးစဉ်ကို ပြည်သူများအား အသိမပေးဘဲ တိတ်တဆိတ်သွားရောက်ရန် ကြံစည်ခဲ့သော်လည်း တောကစားထွက်ရင်း လိမ့်ကျရာမှ တင်ပါးဆုံရိုး ထိခိုက်ခဲ့ရကာ မဒရစ်မြို့ရှိဆေးရုံတွင် ခွဲစိတ်ကုသမှုခံယူရသဖြင့် ပျော်ပွဲစားခရီးစဉ်လျှို့ဝှက်ချက် ပေါက်ကြားခဲ့ရလေသည်။

စပိန်နိုင်ငံသည် သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ် စီးပွားရေး ဆုတ်ယုတ်မှုကာလကို ဖြတ်သန်းရချိန်၊ အစိုးရဘတ်ဂျက်အသုံးစရိတ် ဖြတ်တောက်လျှော့ချခြင်း၊ အခွန်အတုတ်များ တိုးမြှင့်ကောက်ခံခြင်းတို့ကို ပြုလုပ်နေရချိန်တွင် ဘုရင်မင်းမြတ်ကိုယ်တိုင် တောကစားထွက်လျှောက်လည်ခြင်းကို ပြည်သူတို့က ကဲ့ရဲ့ဝေဖန်ခဲ့ကြသည်။

ထို့နောက်တွင် ဘုရင်မင်းမြတ်၏ သားမက်တော် အာဒန်ဂါရင် ပတ်သက်နေသော အဂတိလိုက်စားမှုအရှုပ်တော်ပုံ ပေါ်ပေါက်လာပြန်ကာ တော်ဝင်မိသားစုပုံရိပ် မှေးမှိန်သွားခဲ့ရသည်။ ယွန်ကာလို့စ်နှင့် မိဖုရားကြီး ဆိုဖီယာတို့၏ သမီးထွေး ခရစ္စတီးနား၏ ကြင်ရာတော် အာဒန်ဂါရင်သည် ၂၀၀၄ ခုနှစ်မှစ၍ အားကစားသမားတစ်ဦးဘဝမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဘဝသို့ ကူးပြောင်းခဲ့သူဖြစ်ပြီး အားကစားပွဲများအတွက် လျာထားသော ပြည်သူ့ရန်ပုံငွေများအနက်မှ ယူရိုငွေ ခြောက်သန်းခန့်ကို သူ၏ဖောင်ဒေးရှင်းမှတစ်ဆင့် အလွဲသုံးစားပြုလုပ်ခဲ့သည်။ သူသည် ယင်းအရှုပ်တော်ပုံအရ ထောင်ဒဏ်ကျခံခဲ့ရသည်။

**"ဟီးရိုးမှ ဇီးရိုးသို့"**

မိမိ၏ပုဂ္ဂလိက လူနေမှုဘဝအတွင်း ဖြစ်ပေါ်ခဲ့သည့် အဖြစ်သနစ်များနှင့်ပတ်သက်၍ အများပြည်သူ၏ ဝေဖန်တုံ့ပြန်မှုများအရ မိမိသည် တိုင်းပြည်မှ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်ဟု သမိုင်းစာအုပ်များတွင် "သူရဲကောင်းတစ်ဦး" အဖြစ် အမည်တွင်ခဲ့သော ယွန်ကာလို့စ်က သူ၏သားတော် ဆဋ္ဌမမြောက် ဖီးလစ်ဘုရင်ထံသို့ သဝဏ်လွှာပေးပို့ခဲ့ပုံကို ကျွန်ုပ် အလေးမူမိရင်း "ဟီးရိုးမှ ဇီးရိုးသို့" ဟူ၍ ကျူးရင့်မိပါသတည်း။ ။

**Ref: Spain's ex-King Juan Carlos is in Abu Dhabi; News report (ALJAZERERA) dated on 8-8-2020**

ကြေးမုံ
ဩဂုတ် ၉၊ ၂၀၂၀

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ခရီးသည်တင်လေယာဉ် ပြေးလမ်းချော်မှုဖြစ်ပွားရာ ၁၈ ဦးထက်မနည်း သေဆုံး



နယူးဒေလီ ဩဂုတ် ၈

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် ကိုဇီကိုဒီလေဆိပ်၌ Air India Express လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ယမန်နေ့က ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ ၁၈ ဦးထက် မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမှ အိန္ဒိယ နိုင်ငံ ကီရာလာပြည်နယ်သို့ ပျံသန်းလာသော Air India Express လေကြောင်းလိုင်းမှ ခရီးသည် ၁၉၀ လိုက်ပါ လာသည့် လေယာဉ်မှာ လေဆိပ်သို့ဆင်းသက်ရာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြေးလမ်းချော်မှုဖြစ်ပွား ကာ ၃၅ ပေနက်သော ချိုင့်ဝှမ်းတစ်ခုအတွင်း ထိုးကျခဲ့၍ လေယာဉ် နှစ်ပိုင်းပြတ်သွားခြင်းကြောင့် ၁၈ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများ တွင် လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးလည်း ပါဝင်ခဲ့ သည်။ အဆိုပါဖြစ်ပွားရာသို့ ပြည်ပနှင့် လွှတ်တော်ရေးရာ ပြည်ထောင်စုဝန်ကြီး ဗွီမူရာလီဒါရန်း သည် ဒေလီမြို့တော်မှ ကိုဇီကိုဒီလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ထို့အတူ ကီရာလာပြည်နယ် အုပ်ချုပ်ရေးမှူး အရစ်ဖ် မိုဟာမက်ခန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ပီနာရာရီဗီဂျာရန်း တို့လည်း ယနေ့နံနက်ပိုင်းတွင် လေယာဉ်မတော်တဆမှု ဖြစ်ရာ နေရာသို့ ရောက်ရှိခဲ့သည်။ ခရီးသည်များနှင့် ၎င်းတို့ ၏ မိသားစုဝင်များကို လူသားချင်းစာနာမှု အကူအညီ ပေးအပ်ရန် ဒေလီနှင့် မွမ်ဘိုင်းမှ အထူးကယ်ဆယ်ရေး လေယာဉ် နှစ်စင်း စီစဉ်ပေးခဲ့သည်။ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးရုံးမှ ညွှန်ကြားရေးမှူးက ထိရောက်သော အရေးပေါ်အခြေအနေ တုံ့ပြန်မှုဆောင်ရွက်ရန် ကိုဇီကိုဒီ၊ မွမ်ဘိုင်းနှင့် ဒေလီတို့မှ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

လေယာဉ်မတော်တဆမှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးဗျူရိုနှင့် သက်ဆိုင်ရာဌာနများကလည်း အခင်းဖြစ်ပွားရသောအကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် လေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း Air India Express လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ကျော်ထိုက်စိုး

## မောရစ်သျှနိုင်ငံအနီး သောင်တင်နေသော သင်္ဘောပေါ်မှ လောင်စာဆီဖိတ်စဉ်မှုအား အကူအညီပေးရန် ပြင်သစ်ဆောင်ရွက်

ပါရီ ဩဂုတ် ၈

မောရစ်သျှနိုင်ငံအနီး အိန္ဒိယသမုဒ္ဒရာအရှေ့တောင်ပိုင်း ကမ်းရိုးတန်းတွင် သောင်တင်နေသော MV Wakashio သင်္ဘောမှ လောင်စာဆီများဖိတ်စဉ်ခဲ့မှု ကြောင့် ပြင်သစ်သမ္မတ မက်ခရွန်က ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါသင်္ဘောသည် ဇူလိုင် ၂၅ ရက်က အိန္ဒိယသမုဒ္ဒရာအရှေ့တောင် ပိုင်းရေပြင်တွင် သောင်တင်ခဲ့ပြီး လောင်စာဆီများ ဖိတ်စဉ်ခဲ့သောကြောင့် မောရစ်သျှနိုင်ငံဝန်ကြီးချုပ် ပရာဗင်ဂျက်နတ်ကလည်း သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ ပြင်သစ်နိုင်ငံအနေဖြင့်လည်း ပြန်လည်ပေါင်းစည်းရေးကျွန်းမှ ကယ်ဆယ်ရေးအဖွဲ့များကို အခင်းဖြစ်ရာ နေရာသို့ စေလွှတ်ခဲ့သည်။

"ဇီဝမျိုးကွဲတွေ အန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေ ရှိနေတာကြောင့် ချက်ချင်းအရေးယူဆောင်ရွက်ရပါမယ်။ မောရစ်သျှနိုင်ငံသားတွေနဲ့အတူ ပြင်သစ်နိုင်ငံကလည်း ရပ်တည်ပေးနေပါတယ်"ဟု မက်ခရွန်က ကြေညာချက် တစ်ရပ်တွင် ပြောကြားခဲ့သည်။

ပနားမားအလံ လွှင့်ထူထားသော ဂျပန်ကုမ္ပဏီပိုင် MV Wakashio သင်္ဘောသည် ဇူလိုင် ၂၅ ရက်တွင် သောင်တင်ခဲ့ရာ သင်္ဘောအမှုထမ်းများကို ကယ်တင်ခဲ့ရသည်။ အဆိုပါသင်္ဘောတွင် လောင်စာဆီအများအပြား သယ်ဆောင် ခဲ့သည့်အတွက် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခဲ့ကြောင်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

ယခုကဲ့သို့သော အခက်အခဲကို ပထမဆုံးအကြိမ် ကြုံတွေ့ရခြင်းဖြစ်သည့် အတွက် ကယ်ဆယ်ရေးကိရိယာများ လုံလောက်မှုမရှိကြောင်း ငါးလုပ်ငန်းဝန်ကြီး ဆာဟီးရာမက်ဟူက ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ

## တောင်ကိုရီးယားရေဘေးတွင် သေဆုံးသူ ၂၁ ဦး ရှိလာပြီး ၁၁ ဦး ပျောက်ဆုံး

ဆိုးလ် ဩဂုတ် ၈

တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ယနေ့နံနက် ၆ နာရီအထိ သေဆုံးသူ ၂၁ ဦးအထိ ရှိလာခဲ့ပြီး ၁၁ ဦး ပျောက်ဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗဟို ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာနချုပ်၏ ပြောကြားချက်အရ သိရသည်။

ဩဂုတ် ၇ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကိုရီးယား နိုင်ငံ အလယ်ပိုင်း ဆိုးလ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ဗဟို အစိုးရက မြန်မြန်ဆန်ဆန် အကူအညီ ပေးနိုင်ရန် မြို့ခုနစ်မြို့နှင့် အလယ်ပိုင်း ဒေသကို အထူးဘေးအန္တရာယ်ဇုန်များ အဖြစ် သတ်မှတ်ခဲ့သည်။ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ပိုင်း ဂျိုလာ ပြည်နယ် ဂေါ့ခ်ဆောင်စီရင်စု၌ မြေပြိုမှု တစ်ခု ဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးခဲ့ ပြီး တစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

လှေတိမ်းမှောက်သည့် အခြား ဖြစ်စဉ်နှစ်ခုတွင် နှစ်ဦး သေဆုံးပြီး ငါးဦး ပျောက်ဆုံးခဲ့သော်လည်း ရေကြောင်းနှင့်ဆိုင်သော ဖြစ်စဉ်ဟု သတ်မှတ်ခဲ့ခြင်းကြောင့် ၎င်းတို့ကို သဘာဝဘေးကြောင့် သေဆုံးသူဦးရေ တွင် ထည့်သွင်းခြင်းမရှိပေ။ တောင် ကိုရီးယားနိုင်ငံတစ်ဝန်း ရေဘေး ကြောင့် အိမ်ထောင်စု ၁၈၅၃ စုမှ လူ ၃၀၅၉ ဦး အိုးအိမ်စွန့်ခွာခဲ့ရသည်။

ရေဘေးကြောင့် စိုက်ပျိုးမြေ ၈၄၃၉ ဟက်တာ ရေနစ်မြုပ်ခဲ့ပြီး ပုဂ္ဂလိက အဆောက်အအုံ ၃၆၀၅ ခု၊ ပြည်သူပိုင် အဆောက်အအုံ ၄၆၄၁ ခု စုစုပေါင်း အဆောက်အအုံ ၈၂၄၆ ခု ပျက်စီးခဲ့ သည်။

နေအိမ်များ၊ နွားတင်းကုပ်များ၊ ကုန်လှောင်ရုံများနှင့် စိုက်ခင်းများ ရေနစ်မြုပ်ခဲ့သလို အဝေးပြေးလမ်းမ ကြီးများ၊ ရထားလမ်းများ၊ တံတားများ နှင့် တာတမံများလည်း ပျက်စီးခဲ့ရ သည်။ ထိခိုက်ပျက်စီးမှုများ၏ ၇၂ ရာခိုင်နှုန်းကို အရေးပေါ် ပြန်လည် ပြုပြင်ခဲ့ပြီးဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး



# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉ ဒသမ ၅ သန်းကျော်ရှိလာ

ပါရီ ဩဂုတ် ၈

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူပေါင်း ၇၂၄၉၈၃ ဦးထက်မနည်းရှိလာကြောင်း အေအက်ဖ်ပီ သတင်း ဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသများသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်း၌ အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၅၉၇၂၅၀ ထက်မနည်းရှိလာ ကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ သူများအနက် ၁၂၅၈၇၂၉၆ ဦးကျော်သည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ရောဂါပြင်းထန်သော လူနာများ သို့မဟုတ် ဆေးရုံတက်ရန်လိုအပ်သော လူနာများ သာ စမ်းသပ်စစ်ဆေးသည့်အတွက် ယခုရရှိထားသည့် ကိန်းဂဏန်းများသည် အမှန်တကယ် ရောဂါကူးစက်ခံရသူ ဦးရေ၏ တစ်စိတ်တစ်ပိုင်းကိုသာ ထင်ဟပ်စေဖွယ် ရှိသည်။

ဩဂုတ် ၈ ရက်က ကမ္ဘာတစ်ဝန်း၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၁၀၆၉ ဦး ထပ်မံတွေ့ရှိ ခဲ့ပြီး ၎င်းတို့အနက် ၆၁၀၆ ဦးသည် အဆိုပါ ရောဂါကြောင့်




သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ နောက်ဆုံးရရှိထားသော ကိန်းဂဏန်းများ အရ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀၇၉ ဦး သေဆုံးပြီး ကမ္ဘာပေါ်တွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ ထို့အတူ အမေရိကန်ပြည်ထောင်စု၌ အဆိုပါရောဂါကြောင့် တစ်ရက် အတွင်း သေဆုံးသူ ၁၀၆၂ ဦးနှင့် အိန္ဒိယ၌ ၉၃၃ ဦးဖြင့် သေဆုံးမှု ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများ ဖြစ်လာ ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၄၂၀၀၈ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၁၃၅၈ ဦးရှိလာခဲ့ရာ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်ခံစားရသည့် နိုင်ငံ ဖြစ်လာခဲ့သည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် ၁၆၂၃၈၇၀ ခန့်သည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

ထို့အတူ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက် ခံရသူ ၂၉၆၂၄၄၂ ဦးနှင့် သေဆုံးသူ ၉၉၅၇၂ ဦး၊ မက္ကဆီကို၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၉၄၀၇ ဦးနှင့် သေဆုံးသူ ၅၁၃၁၁ ဦး၊ ဗြိတိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၉၀၀၅ ဦးနှင့် သေဆုံးသူ ၄၆၅၁၁ ဦး၊ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၈၈၆၁၁ ဦးနှင့် သေဆုံး သူ ၄၂၅၁၈ ဦး ရှိကြောင်းသိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၇၇ ဦး တွေ့ရှိပြီး ၆၅ ဦး ထပ်မံသေဆုံး



**ဂျကာတာ ဩဂုတ် ၈**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၇၇ ဦး ယနေ့ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်း ကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၁၂၃၅၀၃ ဦးရှိလာ ကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက် အတွင်း ၆၅ ဦး ထပ်မံသေဆုံးခဲ့ရာ ရောဂါကြောင့်သေဆုံး သူပေါင်း ၅၆၅၈ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေး ဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသောလူနာ ၁၇၄၉ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ ကြရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၇၉၃၀၆ ဦးရှိလာကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ဂျကာတာမြို့၌ ၆၈၆ ဦး၊ အရှေ့ဂျာဗား၌ ၄၂၉ ဦး၊ အနောက်ဂျာဗား၌ ၂၄၀၊ တောင်ဆူလာဝေစီ၌ ၁၀၇ ဦး၊ မြောက်ဆူမတြား၌ ၁၀၁ ဦးနှင့် အလယ်ဂျာဗား၌ ၈၈ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက် ခဲ့ကြောင်း သိရသည်။

သို့သော် အာချေး၊ ဘန်ကာဘယ်လင်တန်၊ အနောက် ကာလီမန်တန်၊ အရှေ့နူဆာတင်ဂါရာ၊ အလယ်ဆူလာ ဝေစီ၊ ပါပူအာ စသည့်ပြည်နယ်နှင့် ဒေသခြောက်ခုတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်စုံ တစ်ဦးမျှ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ




# တောင်ကိုရီးယားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၈**

တောင်ကိုရီးယားနိုင်ငံတွင် ယနေ့ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဆေးဖက်ဆိုင်ရာတာဝန်ရှိသူများက ဆိုသည်။

ယနေ့ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၃ ဦးအနက် ၁၃ ဦး သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၃၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်သည်။

အဆိုပါ ပြည်တွင်းကူးစက်မှုအရေအတွက်သည် လွန်ခဲ့သော ၁၆ ရက်အတွင်း ကူးစက်မှုအမြင့်မားဆုံးဖြစ် ကြောင်း တွေ့ရှိရသည်။

ထို့ပြင် ဗိုင်းရပ်စ်ကူးစက်မှုကြောင့် တစ်ဦးထပ်မံ သေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၃၀၄ ဦးရှိကြောင်း သိရသည်။

မကြာသေးမီရက်များအတွင်း နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများနှင့် ပြည်တွင်းရှိ လူနေဆောင်များမှ ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၂၀ မှ ၅၀ အကြား စစ်ဆေး တွေ့ရှိခဲ့သည်။

သို့သော် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်း မွန်ခဲ့သည့်အတွက် ၈၆ ဦးမှာ ဆေးရုံများမှပြန်လည်ဆင်းခဲ့ရာ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၁၃၆၂၉ ဦးရှိသည်။

ဇန်နဝါရီ ၃ ရက်ကစ၍ နိုင်ငံအတွင်းရှိ ပြည်သူ ၁ ဒသမ ၆၂ သန်းကျော်ကို ရောဂါပိုးရှိ၊ မရှိ ဆေးစစ်မှုများ ပြုလုပ်ခဲ့ရာ ဗိုင်းရပ်စ်ပိုးကင်းစင်သူ ၁၅၈၉၈၄၇ ဦးရှိပြီး ၁၆၁၀၅ ဦး၏ နမူနာများကို စစ်ဆေးလျက်ရှိကြောင်း သိရ သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၌ အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပွား၊ ရှစ်ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး ဩဂုတ် ၈**

ဆိုမာလီနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူး၌ အသေခံဗုံးပေါက်ကွဲမှုတစ်ခု ယနေ့ ဖြစ်ပွားခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မိုဂါဒစ်ရှူးမြို့ ဝတ်ဟိုင်ဂလေခရိုင်တွင် အသေခံဗုံးခွဲသမားတစ်ဦးက ပေါက်ကွဲစေနိုင်သည့်ပစ္စည်းများတင် ဆောင်ထားသော မော်တော်ယာဉ်တစ်စီးကို ကာကွယ်ရေးအခြေစိုက်စခန်းတစ်ခုအတွင်းသို့ မောင်းနှင်ကာ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုကို စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိပြီး ကာကွယ်ရေးအခြေစိုက်စခန်းကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ် ကြောင်း ရဲတပ်ဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ဒါမီဆာဒစ်အာဒန်က ဆိုသည်။

သို့သော် လက်ရှိအချိန်အထိ မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့သလဲဆိုသည်ကို အခိုင်အမာပြောကြားခြင်း မရှိသေးပေ။ အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့အားသစ္စာခံသည့် အယ်လ်ရှာဘတ်အုပ်စုသည် ဆိုမာလီအစိုးရအား ဖြုတ်ချ ရန် အကြမ်းဖက်လုပ်ရပ်များကို မကြာခဏ ကျူးလွန်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၉၆၀၄၃၄၈ ဦး

သေဆုံးသူ ၇၂၅၀၃၈ ဦး

ပြန်လည်ကျန်းမာလာသူ ၁၂၅၈၇၂၉၆ ဦး

# ရုရှားနိုင်ငံ နယ်နိမိတ်သို့ ချဉ်းကပ်လာသည့် အမေရိကန်ဗုံးကြဲလေယာဉ်အား ရုရှားတိုက်လေယာဉ်က အော်ခေါ့စ်ပင်လယ်ကောင်းကင်ယံ၌ တားဆီး

**မော်စကို ဩဂုတ် ၈**

အော်ခေါ့စ်ပင်လယ်ကောင်းကင်ယံ၌ ယမန်နေ့က ရုရှားနိုင်ငံ နယ်နိမိတ် အတွင်းသို့ ချဉ်းကပ်လာနေသည့် အမေရိကန်ဗုံးကြဲလေယာဉ်အား ရုရှားလေတပ်မှ တိုက်လေယာဉ်တစ်စင်းက တားဆီးခဲ့ကြောင်း သိရ သည်။

ပစိဖိတ်သမုဒ္ဒရာ၏ ကြားနေပင်လယ်ပြင်ပိုင်နက် ကောင်းကင်ယံ တွင် ရုရှားနိုင်ငံ နယ်နိမိတ်ဆီသို့ ချဉ်းကပ်လာသည့် ပစ်မှတ်တစ်ခုအား ယနေ့တွင် တွေ့ရှိရကြောင်း၊ ရုရှားနိုင်ငံ အရှေ့ပိုင်းစစ်ဌာနချုပ်က အက်စ်ယူ ၃၅ အက်စ်အမျိုးအစား တိုက်လေယာဉ်သုံးစင်းကို ချက်ချင်း စေလွှတ်ခဲ့ပြီး အောခေါ့စ်ပင်လယ်ပေါ်တွင် ပစ်မှတ်အား အတည်ပြု ခြင်းနှင့် တားဆီးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ရုရှားစစ်လေယာဉ်များ က စုံစမ်းစစ်ဆေးမှုအရ ရုရှားနိုင်ငံပိုင်နက်အနီး ချဉ်းကပ်လာသော အမေရိကန်စစ်လေယာဉ်မှာ ဘီ-၁ ဘီ အမျိုးအစား ဗုံးကြဲလေယာဉ် ဖြစ်ကြောင်း သိရသည်။

ရုရှားလေတပ်မှ တိုက်လေယာဉ်များသည် ပျံသန်းမှုများပြုလုပ် ရာ၌ နိုင်ငံတကာလေပိုင်နက်တွင် အသုံးပြုရမည့် သတ်မှတ်ချက်များ အတိုင်း လိုက်နာပျံသန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ရုရှားတောင်ပိုင်းစစ်ဌာနချုပ်အနေဖြင့် ယမန်နေ့တွင် အက်စ်ယူ-၂၇ တိုက်လေယာဉ်တစ်စင်းအားစေလွှတ်၍ ပင်လယ် နက်ကောင်းကင်ပေါ်၌ အမေရိကန်လေတပ်မှ အာရ်စီ-၁၃၅ မဟာဗျူ ဟာမြောက်ကင်းထောက်လေယာဉ်အား တားဆီးခဲ့ကြောင်း သတင်း ဖော်ပြချက်များအရ သိရှိရသည်။

အမေရိကန် ဦးဆောင်သည့် နေတိုးတပ်ဖွဲ့က မကြာသေးမီရက်များ အတွင်း၌ ရုရှားနိုင်ငံနယ်နိမိတ်ခရီးတွင် ကင်းထောက်မှုများ မကြာခဏ ဆောင်ရွက်လာခဲ့ပြီး ၎င်းဆောင်ရွက်မှုများကို ရုရှားနိုင်ငံကလည်း အခိုင်အမာဆန့်ကျင်ကန့်ကွက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဟသ်ာတမြို့၊ မြန်အောင်မြို့နှင့် ကနောင်မြို့တို့၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ဖောင်ဆိပ်ကျေးရွာ၌ တာရိုးကျိုးပေါက်ပြီး ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သဖြင့် ဩဂုတ် ၁ ရက်မှစ၍ အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ ရေဝင်ရောက်နိုင်သည့်နေရာများမှ နေအိမ်များအား ကူညီရွှေ့ပြောင်းပေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် လွန်ဆေးမြိုင်ပန်းခြံအနောက်ဘက်နှင့် ကနောင်မြို့ အမှတ်(၄)ရပ်ကွက်တို့တွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် တာရိုးကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ရာ ရေဝင်ရောက်နိုင်သည့်နေရာများနှင့် တာရိုးတစ်လျှောက်တို့၌ ဩဂုတ် ၆ ရက်တွင် နယ်မြေခံတပ်မတော်သားများက ရေစီးအားထိန်းရန် အရန်ရေထိန်းတာ ဆောက်ရွက်ခြင်း၊ သဲအိတ်ဖို့ခြင်းနှင့် ရေပေါ်ရေလွှဲဝါးဖောင်များပြုလုပ်ခြင်းတို့ကို ဆက်လက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်၌ ရေလျှံမှုဖြစ်ပွားရာ တံတားနှစ်စင်းပျက်စီး

**အင်းတော် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နမီးကျေးရွာအုပ်စု၌ ယနေ့ နံနက် ၆ နာရီခွဲတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမီးချောင်း ရေလျှံမှုဖြစ်ပွားခဲ့သဖြင့် နားဖာ-ဆားမှော်ကျေးရွာချင်းဆက် အရှည်ပေ (၂၂၀x ၁၂x ၃၅) ရှိသည့် သစ်သားတံတားတစ်စင်း ရေထဲ မျောပါသွားကြောင်း သိရသည်။

အလားတူ အင်းတော်မြို့နယ် နမီးကျေးရွာအုပ်စု နမီး-ကွင်းငို့ ကျေးရွာချင်းဆက် အရှည်ပေ(၁၇၀ x ၁၃ x ၃၅)ရှိအုတ်ခုံပျဉ်ခင်းတံတားလည်း ရေထဲမျောပါခဲ့သည်။



ထို့ပြင် မံဟဲအုပ်စု ပေကုန်းကျေးရွာ၌ လေးတန်ရိုးနှင့် နန့်စီးအောင်ချောင်းဆုံနေရာ၌ တောင်ကျချောင်းရေကြောင့် ကမ်းပါးပြိုကျရာ နေအိမ်တစ်လုံးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နမီးကျေးရွာ၌ ချောင်းရေအနည်းငယ်နှင့် နမီးအုပ်စု ကွင်းငို့ကျေးရွာ၌ တောင်ကျရေ သုံးပေခန့်ဝင်ရောက်လျက်ရှိသဖြင့် အင်းတော်မြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမျိုးလွင် ဦးစီးသော သန္ဓေ/အရန်တပ်ဖွဲ့နှင့် အင်းတော်မြို့နယ်ထွေ/အုပ်မှ ဝန်ထမ်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယနေ့ နံနက် ၁၁ နာရီခွဲတွင် တောင်ကျရေများ ကျဆင်းသွားပြီး နေအိမ်အဆောက်အအုံ၊ လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**အေးမြသက်ထား**



လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအေးလွင်အဖွဲ့နှင့် အမှတ်(၄၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးစောသန်းဦးအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၈ ရက်က လသာမြို့နယ် (၉)ရပ်ကွက် ရွှေတိဂုံဘုရားလမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေအသစ်အား ပညာပေးရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဝေငှစဉ်။ ၁၄၅



ဗန်းမော်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်မျိုးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဗန်းမော်မြို့ ဂေါက်ကွင်းလမ်းဆုံ၌ ကား၊ ဆိုင်ကယ်စီးနင်းသူများ၊ လမ်းသွားလမ်းလာများအား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြစဉ်။ ဝင်းနိုင်(ကချင်မြေ)

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၀ တန်ဖိုး)ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Toyota Alphard မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။


## ရွေးကောက်ပွဲကျင်းပရန် ၉၁ ရက်သာ လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၁၄-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည် ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။
- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့် ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။



## တပ်ကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့်တာဝန်ရှိသူများ စစ်ဆေး

တပ်ကုန်း သြဂုတ် ၈

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကြေညာထားရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး /ခရိုင်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများသည် ဘုရင့်နောင်ရပ်ကွက်၊ ဗိုလ်မင်းရောင်ရပ်ကွက်နှင့် ကျားသေအိုင်ကျေးရွာအုပ်စုများသို့ သွားရောက်၍ မဲစာရင်းကပ်ထားမှုအခြေအနေ၊ မဲစာရင်းများ ပြည်သူများ လာရောက်ကြည့်ရှုမှုအခြေအနေနှင့် မဲစာရင်းများတွင် အချက်အလက်များ မှားယွင်းပါက ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ပေးမှုအခြေအနေများ၊ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားရှိခြင်း ရှိ/မရှိ စစ်ဆေးခဲ့သည်။

တပ်ကုန်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စု၊ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၁၇၀၀၀၀ကျော်ရှိပြီး မဲရုံပေါင်း ၁၃၅ ရုံဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း

ကြေးမုံ
ဩဂုတ် ၉၊ ၂၀၂၀

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၉၄၄၁ | ၃၅၉ |

| ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူ |
|---|---|
| ၃၁၁ | ၆ |

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၀၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ အရေအတွက်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၁ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ထုတ်ပြန်သူ – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၉၈၄၉၄ | ၂၆၁၈၀၂၅ | ၁၆၄၁၄၄ |
| ၂။ | ဘရာဇီး | ၂၉၆၇၀၆၄ | ၂၀၆၈၃၉၄ | ၉၉၇၀၂ |
| ၃။ | အိန္ဒိယ | ၂၁၀၈၇၀၅ | ၁၄၄၃၁၈၃ | ၄၂၇၉၈ |
| ၄။ | ရုရှား | ၈၈၂၃၄၇ | ၆၉၀၂၀၇ | ၁၄၈၅၄ |
| ၅။ | တောင်အာဖရိက | ၅၅၅၄၇၆ | ၃၉၄၇၅၉ | ၉၉၀၉ |
| ၆။ | မက္ကဆီကို | ၄၆၉၄၀၇ | ၃၁၃၃၈၆ | ၅၁၃၁၁ |
| ၇။ | ပီရူး | ၄၆၃၈၇၅ | ၃၁၄၃၃၂ | ၂၀၆၄၉ |
| ၈။ | ချီလီ | ၃၆၈၈၂၅ | ၃၄၂၁၆၈ | ၉၉၅၈ |
| ၉။ | ကိုလံဘီယာ | ၃၆၇၁၉၆ | ၁၉၈၄၉၅ | ၁၂၂၅၀ |
| ၁၀။ | စပိန် | ၃၆၁၄၄၂ | စိစစ်ဆဲ | ၂၈၅၀၃ |


## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၂၆၈၈၅ | ၆၇၁၁၇ | ၂၂၀၉ |
| ၂။ | အင်ဒိုနီးရှား | ၁၂၃၅၀၃ | ၇၉၃၀၆ | ၅၆၅၈ |
| ၃။ | စင်ကာပူ | ၅၄၉၂၉ | ၄၈၃၁၂ | ၂၇ |
| ၄။ | မလေးရှား | ၉၀၇၀ | ၈၇၇၅ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၄၈ | ၃၁၅၀ | ၅၈ |
| ၆။ | ဗီယက်နမ် | ၇၉၇ | ၃၉၅ | ၁၀ |
| ၇။ | မြန်မာ | ၃၅၉ | ၃၁၁ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၄၆ | ၂၁၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၀ | ၁၉ | ၀ |

## မြဝတီတံတားအမှတ် (၂) မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၈

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၅၆ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။



### ကြီးကြပ်ဆောင်ရွက်

ပြန်လည်ဝင်ရောက် လာသူများအား တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက် လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ယနေ့အထိ ၅၇၇၂ ဦး စုစုပေါင်း ၆၁၃၈၇ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၃၁ ဦး၊ အမျိုးသမီး ၂၂၅ ဦး စုစုပေါင်း ၅၅၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်
(ပြန်/ဆက်)

■

## မြောက်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဆောင်ရွက်

မြောက်ဦး ဩဂုတ် ၈


ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့သစ်ရပ်ကွက်အတွင်းရှိ အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်း၊ ဓာတ်ပုံပြပွဲများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးများ ဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးခင်မောင်ထွန်းက အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကထုတ်ဝေသည့် ကိုဗစ်-၁၉ အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များကို ဝေငှပေးခြင်း ကျန်းမာရေးအသိပညာပေးနံရံကပ်စာစောင်များပြသခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခင်မောင်ထွန်း
(ပြန်/ဆက်)







## နိုင်ငံတော်နဲ့ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန်အရေးကြီး



နိုင်ငံတော်နဲ့ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတော်လို့ဆိုရာမှာ အစိုးရက ဦးဆောင်ရတဲ့၊ နိုင်ငံကိုလည်ပတ်စေတဲ့ သက်ရှိ၊ သက်မဲ့ ယန္တရားကြီးတစ်ခုလုံးကို ထည့်သွင်းအဓိပ္ပာယ်ဖော်ပါတယ်။ အားကိုးလောက်တဲ့ နိုင်ငံတော် ပေါ်ထွန်းဖို့ အားကိုးလောက်တဲ့ ပြည်သူတွေ ရှိဖို့လိုပါတယ်။

Covid ရောဂါ တစ်ကမ္ဘာလုံးပျံ့နှံ့နေချိန်မှာ နိုင်ငံအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ဒီပြဿနာကို ကိုင်တွယ်ကြပါတယ်။ ကျွန်မတို့က ပြည်သူသာ အဓိကဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာရပ်တည်ပြီး၊ ပြည်သူကို တန်ဖိုးထားသလို၊ ပြည်သူ့အားကိုယူကာ၊ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦးစိတ်ဓာတ်ကို တည်ဆောက်လျက် ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေပါတယ်။

ဆောင်ရွက်ချက်တစ်ရပ်ကတော့ ပြည်ပရောက်နေတဲ့ ပြည်သူတွေပြန်လာနိုင်ရေးဖြစ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောဂါပြန့်ပွားမှုနှုန်း မြင့်မားနေတာကြောင့် ပြန်လာသူများထံမှ ရောဂါမပြန့်ပွားစေဖို့အတွက်လည်း အထူးဂရုစိုက်ပြီး ပြင်ဆင်ထားရပါတယ်။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၈-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၀၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၇၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၁၀၃) ခု
- စုစုပေါင်း (၉၇၁)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၀၃) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၇) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၈-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-208, 211) ရှိသဖြင့် စုစုပေါင်း (၃၁၁) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၀၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၇-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၈-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယနေ့အထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၁၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၈-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၆၅၇) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၂၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၁၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊

စုစုပေါင်း (၁၃၃၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၉) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၇-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၅၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မိုးနဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မိုးနဲ ဩဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် မိုးနဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အထောက်အကူပြု ပစ္စည်းများကို Tai Youth Organization (T.Y.O)၊ နမ့်ခုံး ရှမ်းများပရဟိတအသင်းခွဲ (မိုးနဲမြို့) တို့က Access to Health & Alliance Myanmar နှင့်ပူးပေါင်းကာ ဘုန်းတော်ကြီးကျောင်း၊ ပြည်သူ့ဆေးရုံနှင့် အထကကျောင်းများသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းခဲ့သည်။



လှူဒါန်းရာတွင် ဝိဇ္ဇာရိယ ဘုန်းတော်ကြီးကျောင်းနှင့် ပြည်သူ့ဆေးရုံအတွက် လက်ဆေးဆပ်ပြာရည်ဘူး ၅၀၊ အဝတ်နှာခေါင်းစည်း အခု ၅၀နှင့် ရှမ်းဘာသာဖြင့်ဖော်ပြထားသည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့် အချက်အလက်များပါရှိသော လက်ကမ်းစာစောင် ၁၀၀၊ အထက (မိုးနဲ) ကျောင်းအတွက် အဝတ်နှာခေါင်းစည်း အခု ၂၀၀၊ လက်ဆေးဆပ်ပြာရည်ဘူး ၁၀၀၊ လက်သန့်စင်ဆေးရည်ဘူး ၂၅၀ နှင့် လက်ကမ်းစာစောင် ၅၀၀ ကို Tai Youth Organization (T.Y.O)မှ မန်နေဂျင်းဒါရိုက်တာ နန်းယိင်းနောင့်က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**မျိုးညွန့်ရွှေ (ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်၌ ဂရန်အင်းများ ကြမ်းခင်းဈေး ပြင်ဆင်ရောင်းချ

**သနပ်ပင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ် ဂရန်အင်းများ ကြမ်းခင်းဈေး ပြင်ဆင်ရောင်းချခြင်းကို ယမန်နေ့တွင် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပဲခူးခရိုင် လေလံတင်ရောင်းချရေးအဖွဲ့ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်က လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ပဲခူးတိုင်းဒေသကြီး လေလံကြီးကြပ်ရေးကော်မတီဝင်များနှင့် ရောင်းချရေးအဖွဲ့ဝင်များ၊ အင်းဂရန်ကိုင်များ၊ လေလံဆွဲဝယ်သူများ တက်ရောက်ခဲ့ကြပြီး လေလံတင်ရောင်းချပွဲသို့ တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

သနပ်ပင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ်အတွက် အင်းပေါင်း ၂၇ အင်း၏ လေလံရောင်းချရငွေမှာ ငွေကျပ် ၅၅၃၄၀၈၀၀ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့နယ်ရှိ အင်းခတ်အင်းအတွင်း သဘာဝငါးမျိုးများ စိုက်ထည့်

**လက်ပံတန်း ဩဂုတ် ၈**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် အတွင်းရှိ အင်းခတ်အင်းအတွင်း အင်းဂရန်ကိုင်မှ မျိုးငါးများဖြစ်သော တီလားပီးယား၊ ငါးခူ၊ ငါးရံ့၊ ငါးကျီး၊ ငါးပြေမနှင့် ငါးခေါင်းပွ ငါးသားပေါက်များ မျိုးစိုက်ထည့်ခဲ့သည်။

လက်ပံတန်းမြို့နယ် အတွင်းရှိ အင်းခတ်အင်းသည် တော်ရုံဖြင့် မြစ်ရေ မရောက်နိုင်သည့်အတွက် မိုးရွာသွန်းမှုများမှသာ အင်း၏အိုင်မရေပြည့်ပြီး အင်းရိုးချောင်းများမှ တစ်ဆင့် မြစ်ရေနှင့်ဆက်စပ်ကာ သဘာဝငါးများ ဝင်ရောက်နိုင်ကြောင်း သိရသည်။ မိုးရွာသွန်းမှု အလွန်နည်းသည့်အတွက် သဘာဝငါးများ မဝင်ရောက်နိုင်သောကြောင့် အင်းဂရန်ကိုင်အနေဖြင့် မျိုးငါးများနှင့် ငါးသားပေါက်များ မျိုးစိုက်ထည့်မှသာလျှင် အင်းလုပ်ငန်းရှင်အနေဖြင့် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက အင်းသားကြီးများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အင်းခတ်အင်းကဲ့သို့ သဘာဝမိုးရေကိုသာ အားထားရသော အင်းများအား လုပ်ကိုင်နေကြသော အင်းဂရန်ကိုင်များအနေဖြင့် ရင်းနှီးမြှုပ်နှံထားသော ငွေကြေးများ ဆုံးရှုံးမှုမရှိအောင် မိမိတို့ လုပ်ကိုင်ခွင့်ရသော အင်းအတွင်း မျိုးငါးများနှင့် ငါးသားပေါက်များ မျိုးစိုက်ထည့်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## ရေနံချောင်းမြို့နယ် အခြေခံပညာကျောင်းများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ရေနံချောင်း ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် လူငယ်ရေးရာကော်မတီနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပြည်သူ့ကွန်ရက် (ရေနံချောင်း)တို့ပူးပေါင်း၍ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၀၊ နှာခေါင်းစည်း အထုပ် ၁၄၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀၊ မျက်နှာကာ အခု ၁၀၀ နှင့် လက်အိတ် ၁၀ ဘူးတို့ကို တက်ရောက်လာသည့် အခြေခံပညာကျောင်း ၁၀ ကျောင်းမှ ကျောင်းအုပ်ဆရာ ဆရာမများနှင့် လင်းလက်မြေပညာဒါနကျောင်းတို့အား ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း မြို့နယ်လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ကိုစိုးသူထံမှ သိရသည်။

ထို့ပြင် ရေနံချောင်းမြို့မဈေးကြီးတွင် ဈေးရောင်းဈေးဝယ်သူများအား နှာခေါင်းစည်းများနှင့် လူငယ်ရေးရာမူဝါဒမိတ်ဆက်ခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကိုလည်း ယနေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစားနေကြရတယ်ဆိုသည့်အချက်ကို သတိပြုမိလျှင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပါသည်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**







# ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

( ခ ) သာသနာ့ဘောင်သို့ အမြဲကူးပြောင်းဝင်ရောက်ခြင်း၊

( ဂ ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

( င ) စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်း။

၁၁။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်နေရာလစ်လပ်လျှင် ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၁ အရ တင်ပြချက်ကိုလက်ခံရရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းထံမှ ကိုယ်စားလှယ်အမည်စာရင်းတောင်းခံ၍ ဖြည့်စွက်ခန့်ထားရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် ကျန်ရှိသည့် ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်သည်။

**အခန်း(၇)**

**ကောင်စီအစည်းအဝေးများ ကျင်းပခြင်း**

၁၄။ ကောင်စီဥက္ကဋ္ဌသည်–

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

( ခ ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူကျင်းပပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၅။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးတို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

**အခန်း(၈)**

**မှတ်ပုံတင်ခြင်း**

၁၇။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး–

(က) ညီညွတ်မှုရှိပါက ကောင်စီသို့ တင်ပြရမည်။

( ခ ) ညီညွတ်မှုမရှိပါက ပြန်လည်ပြင်ဆင်လျှောက်ထားရန် ညွှန်ကြားရမည်။

၁၉။ ကောင်စီသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး–

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းပြီးကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

၂၀။ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၁။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး–

(က) မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

( ခ ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန်ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

( ဂ ) ကောင်စီ၏ဆုံးဖြတ်ချက်အရ–

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

**အခန်း(၉)**

**မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း**

၂၃။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

၂။ ကုန်ကျစရိတ် ကျပ် ၅ သိန်းအောက် လျော့နည်းသည့် တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်တစ်ခုအတွက် တန်ဖိုးလျော့နှုန်းသည် ၁၀၀ ရာခိုင်နှုန်း ဖြစ်သည်။

၃။ လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအတွက် တန်ဖိုးလျော့နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကနဦးအသုံးစရိတ်အတွက် ၂၅ ရာခိုင်နှုန်း၊

(ခ) အပိုဒ် (က) တွင် ဖော်ပြထားသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်မှလွဲ၍ အသုံးဝင်မှု သက်တမ်း ၁၀ နှစ်အထက်ရှိသည့် လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်တစ်ခုအတွက် ၁၀ ရာခိုင်နှုန်း၊

(ဂ) အခြားမည်သည့်လုပ်ငန်းဆိုင်ရာ ဒြပ်မဲ့ရရန်ပိုင်ခွင့်အတွက်မဆို ၁၀၀ ရာခိုင်နှုန်းကို ယင်းဒြပ်မဲ့ရရန်ပိုင်ခွင့်၏ အသုံးဝင်မှုသက်တမ်းနှင့် စားလဒ်။

**ဇယား ၅**

**လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ**

( ပုဒ်မ ၃၁ )

၁။ ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်များအတွက် လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများ၏ နှုန်းထားမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အခြေခံသက်သာခွင့်ပြုငွေအတွက်ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သား၊ သမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ၊

(ဃ) အတူနေမိဘအတွက် ခွင့်ပြုငွေ ကျပ် ၁၀ သိန်းစီ၊

(င) လူမှုဖူလုံရေးထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့်ပမာဏ၊

(စ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်နှင့် အိမ်ထောင်ဖက်၏ အသက်အာမခံ၊ ပရီမီယံကြေးထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့်ပမာဏ၊

(ဆ) ပင်စင်ရန်ပုံငွေသို့ ထည့်ဝင်ငွေအတွက် အမှန်ထည့်ဝင်သည့် ပမာဏ (သို့ရာတွင် လစာ၏ ၅ ရာခိုင်နှုန်းထက် မပိုစေရ)။

**ဇယား ၆**

**သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍများ**

**အခွန်နှုန်းများ**

၁။ လိုင်စင်ရရှိသူတစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းမှာ ၂၅ % ဖြစ်သည်။

၂။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ လိုင်စင်ရရှိသူတစ်ဦးနှင့် အကျုံးဝင်သည့် ဝင်ငွေခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အာမခံပရီမီယံအတွက် ၅ ရာခိုင်နှုန်း၊

(ခ) အတိုး၊ ခိုင်ကြေး၊ နစ်ကြေး၊ စီမံခန့်ခွဲမှုအခ၊ နည်းပညာအခ၊ သယံဇာတဆိုင်ရာ ငွေကြေးပမာဏအတွက် ၁၅ ရာခိုင်နှုန်း၊

(ဂ) မည်သည့်အမြတ်ဝေစုအတွက်မဆို ၁၅ ရာခိုင်နှုန်း။

၃။ အပိုဒ် ၄ အရ ထုခွဲရောင်းချခြင်း အမျိုးအစားများမှ ရရှိသည့် မြတ်စွန်းငွေများအတွက် အခြေပစ္စည်းမှ မြတ်စွန်းခွန်နှုန်းသည် ၁၀ ရာခိုင်နှုန်း ဖြစ်သည်။

၄။ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ထုခွဲရောင်းချမှုအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ မည်သည့်အကျိုးစီးပွားကိုမဆို ထုခွဲရောင်းချခြင်း၊

(ခ) ကုမ္ပဏီတစ်ခုရှိ အဖွဲ့ဝင်အကျိုးစီးပွားတစ်ရပ်၏ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းအထက်ကို လိုင်စင်ရရှိသူတစ်ဦးက ပိုင်ဆိုင်ထားသည့် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ် သို့မဟုတ် အခွင့်အရေးများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ရရှိခြင်းဖြစ်လျှင် ပုဒ်မ ၆၉ အရ ယင်းပိုင်ဆိုင်မှု အကျိုးစီးပွားကို ထုခွဲရောင်းချခြင်း။

**ပြန်လည်ရယူနိုင်ခြင်းမရှိသည့် ကုန်ကျစရိတ်များ**

**(non-recoverable cost)အတွက် နုတ်ပယ်ခြင်း**

၅။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (င) တို့တွင် မည်သို့ပင်ဆိုစေကာမူ–

(က) ရှာဖွေခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ (financing cost) ကို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့နှင့်အညီ ကနဦးအသုံးစရိတ် ဖြစ်ဘိသကဲ့သို့ သော်လည်းကောင်း၊ ပုဒ်မ ၂၀ နှင့်အညီသော်လည်းကောင်း နုတ်ပယ်နိုင်သည်၊

(ခ) သယံဇာတတူးဖော်ထုတ်ယူခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်၊

(ဂ) ခိုင်ကြေးများကို ယင်းတို့သည် နုတ်ပယ်နိုင်သည့် လုပ်ငန်းဆိုင်ရာ အခွန်ပေးဆောင်ငွေများဖြစ်ဘိသကဲ့သို့ ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်၊

(ဃ) လိုင်စင်ရရှိသူတစ်ဦးက ပေးချေသည့် ထုတ်လုပ်မှုဆိုင်ရာ မည်သည့် ဆုကြေးငွေကိုမဆို ပုဒ်မ ၂၀ နှင့်အညီ နုတ်ပယ်နိုင်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၆။ ဤဇယားတွင် –

(က) **သယံဇာတတူးဖော်ထုတ်ယူမှုအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာကုန်ကျစရိတ်** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ သယံဇာတတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် ကျခံရသည့် အကျိုးစီးပွားအသုံးစရိတ်များကို ဆိုသည်။

(ခ) **ရှာဖွေခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာကုန်ကျစရိတ်** ဆိုသည်မှာ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ရှာဖွေခြင်းလုပ်ငန်းများကို ငွေကြေးထောက်ပံ့ရန်အတွက် ကျခံရသည့် အကျိုးစီးပွားအသုံးစရိတ်များကိုဆိုသည်။

(ဂ) **ထုတ်လုပ်မှုဆိုင်ရာဆုကြေးငွေ** ဆိုသည်မှာ အောက်ပါပေးချေမှုများကိုဆိုသည် –

(၁) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သို့မဟုတ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်မည့် တရားဝင်ရပ်တည်မှုရှိသည့် အခြားအလားတူပုဂ္ဂိုလ်သို့ ပေးချေခြင်း။

( ၂ ) လိုင်စင်ရသည့် နယ်မြေတစ်ခုနှင့် စပ်လျဉ်း၍ ရေနံတူးဖော်ထုတ်လုပ်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ ပေးချေခြင်း၊

(၃) အောက်ပါတစ်ခုခုနှင့်စပ်လျဉ်း၍ ပေးချေခြင်း –

(ကက) ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ စီးပွားဖြစ်ရှာဖွေတွေ့ရှိမှုတစ်ရပ်အတွက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည့် အစီအစဉ် တစ်ရပ်ကို အတည်ပြုခြင်း၊

(ခခ) ယင်းကဲ့သို့သော လိုင်စင်ရသည့်နယ်မြေမှ ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု။

(ဃ) **ခိုင်ကြေး** ဆိုသည်မှာ ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့ကို လိုင်စင်ရသည့် နယ်မြေမှ ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးတစ်ရပ်အရ တူးဖော်ထုတ်လုပ်ခွင့်အတွက် အပြန်အလှန်အနေဖြင့် မြန်မာနိုင်ငံအစိုးရသို့ ငွေသားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ပေးချေမှုကိုဆိုသည်။



















## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁ တိုးချဲ့)၊ ဘုရင့်နောင်(၃)လမ်း၊ မြေကွက်အမှတ်(၈၇/က)၊ အကျယ်အဝန်းပေ(၂၀x၆၀) အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မြမြထွေး [၁၂/ဥကတ(နိုင်)၁၄၃၀၆၁]ထံမှ ကျွန်ုပ်ဦးရန်ဝင်းစိုး [၅/ခဥန(နိုင်)၀၈၀၁၃၀]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရန်ဝင်းစိုး[၅/ခဥန(နိုင်)၀၈၀၁၃၀]**
**ဖုန်း-၀၉-၉၆၄၁၀၂၁၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်လွင် (ဘ) ဦးညွန့်အောင်၊ မှတ်ပုံတင်အမှတ် ၈/ပခက(နိုင်)၁၀၀၈၀၄ ကိုင်ဆောင်သူက ပိုင်ဆိုင်သော "စိန်ပြည့်မင်း" သံခွဲရေယာဉ်(၁၃၇၇၅)အား အမည်ပေါက် ဦးကျော်လွင် ပိုင်ရှင်ထံမှ ဦးမောင်စိန် ၁၂/သဃက(နိုင်)၀၉၅၃၉၆ ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါရေယာဉ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမောင်စိန် - ၁၂/သဃက(နိုင်)၀၉၅၃၉၆
ဖုန်း -၀၉ ၅၁၀၂၇၅၄ ၊ ၀၉ ၄၅၀၀၁၂၂၅၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရ်ဂါရပ်ကွက်၊ ရွှေနီလမ်းအမှတ်(၁၆)အမည်တွင်သည့် ခြံကွက်အတွင်းရှိ အနောက်ဘက် (အလျားပေ ၃၀x အနံပေ ၁၅)ရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်အေးအေးကျော်[၇/ပခန(နိုင်)၁၈၅၁၆၇]မှ ၈-၄-၂၀၂၀ရက် တွင် အပြီးအပိုင်ဝယ်ယူ လက်ရောက် ရယူခဲ့ပြီးဖြစ်ကြောင်းနှင့် ဒေါ်အေးအေးကျော်မှ ပိုင်ဆိုင်သည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်နိုးမေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၇၃၆/၂၀၂၀)**
**ဖုန်း-၀၉-၆၈၂၇၀၉၈၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်းအုပ်စု၊ ဆင်ခေါင်းကြီးကျေးရွာ၊ ကံ့ကော်လမ်း၊ လမ်းသွယ်(၃)၊ အမှတ်(၉၈)ဟုခေါ်တွင်သော ဦးပိုင်အမှတ်(၃၃)၊ ကွင်းအမှတ်(၆၄၄) ခြံမြေအမျိုးအစား အနံပေ(၁၅၀)x အလျားပေ(၁၅၀)ရှိ မြေကွက်အား ဒေါ်ခင်အေးအေးမြင့်အမည်ဖြင့် ဝယ်ယူခဲ့ပြီး ဇနီးကွယ်လွန်သဖြင့် ကျန်ရစ်သူ ခင်ပွန်းဦးလှတင်[၁၂/မရက(နိုင်)၀၇၀၈၂၇]မှ တစ်ဦးတည်းလက်ရှိ ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ရောင်းချသဖြင့် ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဝင်းမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂/၁၉၈၉)**
**အမှတ်-၁၁၀၀၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၂၀၈၅၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ၈/၉တိုးချဲ့၊ အမှတ်(၄၇၈/ခ)ရှိ ခြံအကျယ်ပေ (၂၀x၆၀)ရှိ အိမ်ခြံမြေနှင့် ရေမီးအပြည့်အစုံ ပါဝင်သည့် ခြံ၊မြေအား ဒေါ်စီလို [၁၂/ကတန(နိုင်)၀၆၅၉၇၃]နှင့် ဦးလှအေး [၁၂/မဂတ(နိုင်)၀၂၄၄၀၃]တို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင် ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ဦးလင်းလင်းအောင် [၁၂/သဃက(နိုင်)၀၄၅၀၂၃]နှင့် ဒေါ်ခင်ရွှေဝင်း [၁၂/မရက(နိုင်)၁၄၄၁၆၇] တို့မှ ဝယ်ယူရန် သဘောတူကြပါသည်။ ထိုသို့ သဘောတူကြသည့်အလျောက် (၄-၈-၂၀၂၀)ရက်တွင် အပြေအကျေငွေပေးချေပြီး လက်ရောက်ရယူခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူခဲ့ပြီဖြစ်၍ အထက်ပါ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ရုံး၌ာနအသီးသီးတွင် ဥပဒေနှင့်အညီ လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လွဲ့လွဲ့ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၇၃)**
**ဖုန်း-၀၉-၇၉၉၇၇၇၄၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)၊ Commercial Area တိုက်အမှတ်(၅)၊ အခန်းအမှတ် (၁၀၂)၊ ပထမထပ်တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်သိင်္ဂါသိမ်းစိုး[၇/ပခန(နိုင်)၁၈၆၅၈၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်လွင်**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**အမှတ်(၃၀/၁၀၂)၊ ထီးလှိုင်ရှင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၂၅၅၇၇၊ ၀၉-၆၆၂၂၆၂၀၀၀**

## ဦးတင်ငွေ
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ငြိမ်း)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၁၄၇)နေ (ဦးဖိုးကျင်-ဒေါ်တင်)တို့၏သား၊ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ (ဒေါ်ပု)၊ ဦးမောင်စံ(ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၊ (ဒေါ်ကျင်စိန်)၊ ဒေါ်လုံး၊ (ဦးတင်အောင်)တို့၏ညီ/မောင်၊ ဒေါ်ကျင်ထွေး(ကစလ-ငြိမ်း)၊ ဦးသောင်းကြွယ်(အထက-ပထချားလုံ၊ ဆီဆိုင်မြို့)-ဒေါ်မြင့်မြင့်ကြည်(အထက-၁၁၊ တောင်ကြီး)တို့၏အစ်ကို၊ ဦးတင်မိုးကျော်-ဒေါ်ခင်မမ(ဦးစီးအရာရှိ-စာပေဗိမာန်ရုံး)၊ ဦးအောင်မျိုး-ဒေါ်သင်းသင်းလှ(MPT-CCO)၊ ဒေါ်ဖြူဖြူဝင်း(MPT-CFO)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မသော်တာဇံ (ပြည်နယ်စိုက်ပျိုးရေး-တောင်ကြီး)၊ မောင်သော်ဇင်တို့၏ဦးလေး၊ မဟန်ဆုရတီအောင်(အထက-၅၊ ဗိုလ်တထောင်)၏ အဘိုးသည် ၈-၈-၂၀၂၀ (စနေနေ့) နံနက် ၁၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ထွေးရီ (ဟသ်ာတ/ခြောက်ရွာ)
**အသက် (၈၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၂၈၆)၊ မြေညီနေ (ဦးဟီးနန်း-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်စမ်းသွင်)တို့၏ သမီးချွေးမ၊ ဦးသစ် Pharmacist (Rtd)(အိုလံပစ်ဆေးဆိုင်)၏ ဇနီး၊ ဒေါ်ကေသီခိုင်၊ ဒေါ်ချိုချိုလွင်၊ ဦးခင်အောင်ချို-ဒေါ်ခင်ဝင်းဝင်း၊ ဒေါ်အေးယဉ်ယဉ်လှတို့၏မိခင်၊ မောင်ကျော်သန့်ဇင်၊ မောင်မင်းသန့်တို့၏အဘွားသည် ၈-၈-၂၀၂၀ (စနေနေ့) နံနက် ၀၀:၃၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မျိုးညွန့် (ငါးသိုင်းချောင်းမြို့)
**မျိုးမွေးမြူအလှပြုပြင်ရေး**
**အသက် (၇၆) နှစ်**

ငါးသိုင်းချောင်းမြို့နေ (ဦးမြင့်အောင်-ဒေါ်မြမြ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးကြည်ဝင်း)-ဒေါ်ရီရီလွင်၊ (ဦးခင်မောင်လေး)-ဒေါ်သီတာလွင်၊ ဦးဝင်းမြင့်-ဒေါ်နီလာလွင်တို့၏ အစ်မကြီး၊ ဦးမျိုးသူထွန်း-ဒေါ်ထားထားယု၊ ဦးကျော်ကျော်ဝင်း-ဒေါ်မဉ္ဇူပွင့်တို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၀ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၇၈-B)၊ ငါးလွှာ၊ (၁၂၅)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဲမှူးဝင်းမောင် (ငြိမ်း)
**Cadet-17**
**(၈၁-၈၂ ဘူမိဗေဒကျောင်းသားဟောင်း)**
**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ်(၉၈)၊ ပထမထပ်(B)နေ (ဦးဝင်းမြင့်-ဒေါ်ရင်နု)တို့၏သား၊ ဒေါ်ရီရီထွေး၏ခင်ပွန်း၊ ဦးစန်အေး-ဒေါ်ခင်သန်းမြင့်၊ ဦးကိုကိုအောင်-ဒေါ်ခင်သန်းဆင့်၊ ဦးအောင်မင်း-ဒေါ်သီတာတို့၏ အစ်ကို၊ မောင်အောင်ချစ်မင်းမြင့်-မယွန်းရတနာဦး၊ မောင်ရဲရင့်အောင်၊ မချောစုစန္ဒီမောင်တို့၏ချစ်လှစွာသောမွေးသဖခင်သည် ၈-၈-၂၀၂၀ (စနေနေ့) နံနက် ၂ နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစံရွှေမြင့် (ဖိုးစံ/ကျော်ဇေယျ)
**အထက(၂) ဗဟန်း ကျောင်းသားဟောင်း**
**အသက် (၄၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ကာတွန်းမြင့်သိန်း-ဒေါ်တူးတူးမြင့်သိန်းတို့၏ သား၊ (ဦးအုန်းမောင်)-ဒေါ်တင်စိန်တို့၏ သားသမက်၊ ကိုမျိုး(မြန်မာစာ)-ဒေါ်ရည်မွန်(နော်ကူးမ)တို့၏မောင်၊ ဦးချစ်ကိုလင်း-ဒေါ်ဂျူးဂျူးမြင့်သိန်းတို့၏အစ်ကို၊ မမြတ်ပန်းဖွေး၊ မသိမ်မွေ့သူတို့၏ဦးလေး၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်(စ-A)၊ အခန်း(၁၀၃)နေ ဒေါ်ဝင်းလဲ့လဲ့ဖြိုး(ငယ်ငယ်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်စိုင်းသူရအောင်၊ မသိမ့်သိမ့်ထက်အောင်တို့၏ဖခင်သည် ၇-၈-၂၀၂၀ (သောကြာနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးတင်ထွန်း (ဟသ်ာတ)
**အသက် (၇၃) နှစ်**

Myanmar Agro Exchange Plublic Co.,Ltd (MAEX) မှ ဒေါ်ခင်ခင်မော် (Chief Accountant)၏ချစ်လှစွာသောဖခင်ကြီး ဦးတင်ထွန်း အသက် (၇၃)နှစ်သည် ၆-၈-၂၀၂၀ရက် ညနေ ၄:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ဝန်ထမ်းများ**
**Myanmar Agro Exchange Plublic Co.,Ltd (MAEX)**

---

## ဒေါ်ယဉ်ကြည်
**မရမ်းခြံကျောင်းသူဟောင်း**
**အသက် (၇၇) နှစ်**

(ဦးအေးဖေ-ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးလှိုင်-ဒေါ်ငွေခင်)တို့၏ သမီးချွေးမ၊ [ဦးဇော်ညွန့်(ကုန်သွယ်ရေး)]၏ ဇနီး၊ (ဦးတင်မြိုင်)၊ (ဒေါ်လှမြင့်)၊ ဦးကျော်ဝင်း၊ (ဒေါ်ရင်မြင့်)တို့၏ညီမ၊ ဦးအောင်ကွမ်းဇော်-ဒေါ်လှလှငြိမ်း၊ (ဒေါ်လှလှဝင်း)၊ (ဦးအောင်လှိုင်ထွန်း)၊ ဦးအောင်သိန်းဇော်-ဒေါ်ဂျူလီခင်၊ ဦးဇေယျာမင်းတို့၏မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၈-၂၀၂၀ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် အမှတ်(၂၂)၊ သုံးလွှာ၊ သရဖီလမ်း၊ (က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခိုင်ရွှေဝါ
**အလုပ်ရုံစုမှူး (ငြိမ်း)**
**မြန်မာ့ဆေးဝါးစက်ရုံ (B.P.I)၊ အင်းစိန်**
**အသက် (၅၃) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၄၃) ရပ်ကွက်၊ အမှတ်(၁၅၈၆)(ခ)နေ (ဦးစောလွင်)-ဒေါ်ခင်သန်းနွယ်တို့၏သမီးကြီး၊ (ဦးတင်ရွှေ-ဒေါ်ရီရီဝင်း)တို့၏သမီးချွေးမ၊ ဗိုလ်မှူးကြီးလွှမ်းမိုး-ဒေါ်ပြုံးစန္ဒာဝင်း၊ ဒေါ်ခိုင်မာလာ၊ ဦးမိုးမင်းဇော်-ဒေါ်အေးသီတာ၊ ဦးသားနားမောင်၊ ဦးရဲလင်း-ဒေါ်အိအိရွှေဇင်တို့၏ အစ်မကြီး၊ မောင်စက်ဗိုလ်ဟိန်း(Bawgagyi Forwarding & Service Co.,Ltd)၊ မဆုမြတ်လင်း၊ မောင်သော်ဇင်အောင်တို့၏ချစ်လှစွာသောမွေးသမိခင်၊ ဦးရောမင်း(Mahanadi Maritime Service Pte. Ltd)၏ချစ်လှစွာသောဇနီးသည် ၈-၈-၂၀၂၀ (စနေနေ့) နံနက် ၂ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဖေဝင်း (ခ) ဟုန်ဖေဝင်း
**Strong Group of Companies**
**Chairman & Managing Director**
**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ မန်ကျည်းဥယျာဉ်လမ်း၊ အမှတ်(၅၆)နေ ဒေါ်လင်းလင်းမြင့်(Director-Strong Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးရှန်မုန်း)-ဒေါ်လီကွေကျုံးတို့၏ သားကြီး၊ (ဦးချစ်ဆွေ)-ဒေါ်ခင်လှတို့၏ သားသမက်၊ မစုမြတ်လင်း (Business Development Director)၊ မဇာခြည်ဝင်းထက်၊ မောင်နေသူရိန်အောင်တို့၏ မွေးသဖခင်၊ ဦးသန်းထွန်းအောင်-ဒေါ်ဖြူဖြူဝင်း (Taw Win Myanmar Co.,Ltd)၊ ဦးကျော်ခင်-ဒေါ်မွှေးမွှေး(Decoland Co.,Ltd)၊ ဦးစိုးဝင်း(First International Service Co.,Ltd)တို့၏ အစ်ကိုသည် ၆-၈-၂၀၂၀ (ကြာသပတေးနေ့) Taiwan စံတော်ချိန် နံနက် ၁ နာရီတွင် Taiwan ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၀ (ကြာသပတေးနေ့) Taiwan စံတော်ချိန် ညနေ ၂:၃၀ နာရီတွင် Taiwan ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Former Chairman, Pioneer Services International Co.,Ltd (ဗဟိုရ်စည်ဆေးရုံ)မှ ဒေါ်ကြည်ကြည်ဒိုင် အသက် (၉၆)နှစ်သည် ၇-၈-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Pioneer Services International Co.,Ltd**
**ဗဟိုရ်စည်ဆေးရုံ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Strong Group of Companies မှ Director ဒေါ်လင်းလင်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မစုမြတ်လင်း(Business Development Director)၊ မဇာခြည်ဝင်းထက်၊ မောင်နေသူရိန်အောင်တို့၏ ချစ်လှစွာသောမွေးသဖခင် Strong Group of Companies Chairman & Managing Director ဖြစ်သူ ဦးဖေဝင်း(ခ)ဟုန်ဖေဝင်းသည် ၆-၈-၂၀၂၀ (ကြာသပတေးနေ့) Taiwan စံတော်ချိန် နံနက် ၁ နာရီတွင် Taiwan ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကွယ်လွန်သူ ဦးဖေဝင်း ကောင်းရာသုဂတိသို့ရောက်ရှိပါစေကြောင်း Strong ကုမ္ပဏီများအုပ်စု GM နှင့် Department အသီးသီးမှ ဝန်ထမ်းမိသားစုများက ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**GMနှင့်တကွ Department များ၊**
**Showroom များမှ ဝန်ထမ်းများ**

---

## လောင်ဟွန်အင်း(ခ)ဒေါ်ကြည်
**ညောင်လေးပင်**
**အသက်(၁၀၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးဝင်းဆွေ)-ဒေါ်စွမ်တီ၊(ဦးကျင်စွမ်း)-ဒေါ်ချိန်တီ၊ ဦးစိန်မင်း(ခ)ဦးစိန်မြင့်-ဒေါ်နုနု(ခ)ဒေါ်ဘိန်တီ၊ ရွှီးလင်းထင်-ဒေါ်ကြူတီ၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်စိန်စိန်၊ ဦးတင့်ဝေ-ဒေါ်သီသီမြင့်၊ ဒေါ်ကင်တီ၊ ညောင်လေးပင်မြို့နေ ဦးဝေလင်း-ဒေါ်ဖြူဖြူဝင်းတို့၏မွေးသမိခင်၊ မြေး ၃၁ ယောက်၊ မြစ် ၃၆ ယောက်တို့၏အဘွား၊ [ဦးဘန်ဟင်း(ခ)လီအိန်ရှောင်]၏ ချစ်လှစွာသောဇနီးသည် ၇-၈-၂၀၂၀(သောကြာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်လေးပင်အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
# ဒေါ်ကြည်ကြည်ဒိုင်
## အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကက္ကိုင်းရိပ်သာလမ်း၊ အမှတ် (၁၂/J)နေ (ဦးသံဒိုင်-ဒေါ်တင်)တို့၏တစ်ဦးတည်းသော သမီး၊ (ဦးတင်ကြီး-ဒေါ်ခင်ခင်ကြီး)တို့၏ သမီးချွေးမ၊ (ဦးဆွေတင်)၏ ဇနီး၊ ဒေါက်တာခင်မောင်တင့်-ဒေါ်စန္ဒြာတင့်၊ (ဦးမောင်မောင်ဆွေတင်)၊ ဦးညီညီဆွေတင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၇-၈-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်လှိုင် (ကန်ဘဲ့၊ တွံတေးမြို့)
**အသက် (၉၀)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကန်သာယာ (၄)လမ်းနေ (ဦးစံရီ)၏ ဇနီး၊ (ဦးဟန်သိန်း)-ဒေါ်အမာကြည်၊ ဦးအေးထွန်း၊ (ဦးအေးခိုင်)-ဒေါ်မြင့်မြင့်မူ၊ ဒေါ်စန်းစန်းရီ၊ သမားတော်ကြီး ဒေါက်တာလှလှရီ (ဖျာပုံပြည်သူ့ဆေးရုံကြီး)၊ ဦးမောင်မောင်စိုး-ဒေါ်ချိုချိုမြင့်၊ ဦးဝင်းကို-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၇-၈-၂၀၂၀ (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် အိုးဖိုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## Mr.SILVA RAJAN @ ဦးမောင်ဖြူ
**ရတနာရွှေမြပုံနှိပ်တိုက်(CEO)**
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့နေ (Mr.Y.Sမန်းနီး-ဒေါ်ပုစွန်းမ)တို့၏သား၊ (Mr.D.P TITUS -ဒေါ်မေရီ)တို့၏သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၄၀)နေ (ဒေါ်ဘက်စီရာဂျန်း)၏ခင်ပွန်း၊ U Joseph Rajan-ဒေါ်မော်လီ၊ U Peter Rajan -ဒေါ်တင်လေးရီ၊ (U Sylvester Rajan)၊ Daw Rani Rajan-Mr.Nish Phillips၊ U Paul Rajan-ဒေါ်သင်းသင်းမာသိန်း၊ U David Rajan -နော်ဆဲထီမူးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၇-၈-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်ပေါင်းစုံဥယျာဉ်၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ဘိုးရာဇာလမ်းထိပ်တို့မှ ကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

**သင့်**
**သွေးဖြင့်**
**အသက်ကယ်ပါ**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဦးစိုးအောင် (ဇီးကုန်း) အသက် (၇၀)**
**အငြိမ်းစား-ပညာရေးသုတေသနအရာရှိ၊ ရာသက်ပန်အသင်းဝင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂) ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၁၃၉၈)နေ (ဦးထွန်းရွှေ-ဒေါ်ခင်ပု)တို့၏သား၊ (ဦးကံညွန့်)-ဒေါ်ကြည်လေးတို့၏သားသမက်၊ ဒေါ်အေးသန်း၏ခင်ပွန်း ဦးစိုးအောင်သည် ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ၎င်း၏မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်)**

# ဝန်းသိုမြို့နယ်ရှိ အံ့ဖွယ်ထူးမြတ် ကျောက်မောင်းတောင်စေတီတော်မြတ်

## ကျော်မြိုင် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် သဲချောင်းကျေးရွာအနီး တောင်ပေါ်ရှိ မြင့်မားသော ကျောက်တောင်ကြီးပေါ်တွင် အံ့ဖွယ်ထူးမြတ်သပ္ပာယ်လှသည့် ကျောက်မောင်းတောင်စေတီတော်ကြီးတည်ရှိသည်။ အဆိုပါစေတီတော်တည်ထားရာတောင်သည် တစ်ဖက်မြေသားဖြစ်၍ အခြားတစ်ဖက်တွင် အလွန်မြင့်မားသည့် ကျောက်သားစစ်စစ်ကျောက်တောင်ကြီးဖြစ်နေခြင်း၊ ကျောက်ငုတ်တို တစ်ခုအတွင်းမှ ထွက်ပေါ်လာသော မောင်းသံ၊ ဖြောသံ၊ စည်သံများ ထူးခြားစွာကြားရခြင်းတို့ကြောင့် ကျောက်မောင်းတောင်စေတီတော်ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

“ရှေးယခင်က စေတီတော်တွေ တည်ထားကိုးကွယ်မှု မရှိခင်အချိန်တုန်းက ဦးကြွက်နီနဲ့ ဦးဖိုးစုတို့ နှစ်ဦးဟာ နွားကျောင်းရင်းနဲ့ ဒီကျောက်တောင်ပေါ်ကနေ ကျောက်တုံးတွေကို တွန်းချလိုမ့်ချကြတယ်။ အဲဒီလို ပြုလုပ်ရင်းနဲ့ ကျောက်ပါးစပ်နှစ်ခုကြားမှာရှိတဲ့ ကျောက်ငုတ်တိုတစ်ခုကိုမြင်သွားပြီးတော့ လှုပ်ကြည့်၊ ဆွဲထုတ်ကြည့်လိုက်တဲ့အချိန်မှာ မောင်းသံကြီးနဲ့အတူ ဖြောသံ၊ အိုးစည်သံ၊ ဒိုးပတ်သံတွေက ကျယ်ကျယ်လောင်လောင် ထူးခြားစွာမြည်လာခဲ့တယ်။ ဒါကြောင့် ကျောက်မောင်းတောင်ဆိုတာ မောင်းရှိလို့ခေါ်တာမဟုတ်ပါဘူး။ ဒီတောင်တော်ပေါ်မှာ သာသနာရောင်ဝါလင်းချင်ရင် အချိန်နဲ့အခါသင့်မှာ ထူးခြားတဲ့မောင်းသံပေးတတ်တာကြောင့် ကျောက်မောင်းတောင်စေတီလို့ ယခုအချိန်မှာ နာမည်တွင်ထင်ရှားနေရခြင်းဖြစ်ပါတယ်” ဟု သဲချောင်းကျေးရွာနေ ဦးဝင်းမောင်က ပြောသည်။

ကျောက်မောင်းတောင်စေတီတော် တည်ထားရာကျောက်တောင်ကြီးပေါ်တွင် ရဟန္တာပုံတော်၊ ဘိုးဘိုးကြီးပုံတော်၊ သိုက်နန်းမယ်တော်ကြီးနှင့် သမီးတော်ပုံများ၊ အစောင့်အရှောက်ပုံတော်ဖြစ်သည့် ကျောက်ဝက်၊ ကျောက်ဘီလူး ကျောက်ကျား၊ ကျောက်သရဲစသည့် ထူးခြားသည့်ပုံတော်များရှိပြီး ဘုရားစေတီပုထိုးများမှာလည်း အဆူပေါင်း ၆၀ ကျော် တည်ထားကိုးကွယ်ထားရှိကြောင်း သိရသည်။

အဆိုပါ ကျောက်မောင်းတောင်စေတီတော်သည် ဝန်းသိုမြို့နှင့် ၁၁ မိုင်ခန့်ကွာဝေးပြီး အာမခံ–တောင်ဘိုလှ ရွာဘက်မှလည်းကောင်း၊ ညောင်ပင်သာ–ကျောက်မဆင် ရွာဘက်မှလည်းကောင်း၊ ပုဇင်းသာ (ကောလင်းနယ်) လေးရွာ–တပ်ကုန်းဘက်မှလည်းကောင်း၊ ဂျိုးတောင်–အင်္ဂါး ရွာဘက်မှလည်းကောင်း လမ်းသွယ်လေးလမ်းဖြင့် သွားရောက် ဖူးမြော်ကြည်ညိုနိုင်ကာ ယခင်က ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ နေ့စဉ်ရာဂဏန်းခန့် လာရောက်ဖူးမြော်လျက်ရှိသော်လည်း ယခုအချိန်တွင် ကိုဗစ်–၁၉ ကာလကြောင့် ဘုရားဖူးပြည်သူများ နေ့စဉ်ဆယ်ဂဏန်းခန့်သာ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။


“ကျောက်မောင်းတောင်စေတီတော် တည်ထားရာ ကျောက်တောင်ကြီးပေါ်တွင် ရဟန္တာပုံတော်၊ ဘိုးဘိုးကြီးပုံတော်၊ သိုက်နန်းမယ်တော်ကြီးနှင့် သမီးတော်ပုံများ၊ အစောင့်အရှောက် ပုံတော်ဖြစ်သည့် ကျောက်ဝက်၊ ကျောက်ဘီလူး၊ ကျောက်ကျား၊ ကျောက်သရဲစသည့် ထူးခြားသည့်ပုံတော်များရှိပြီး ဘုရားစေတီပုထိုးများမှာလည်း အဆူပေါင်း ၆၀ ကျော် တည်ထားကိုးကွယ်ထားရှိ






## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

မြန်မာ့အလင်း

# ရွှေနာနတ်နှင့် မြတ်ဒါနလည်းပြုကြသည်

သီပေါကိုလတ်

နာနတ်သီးကိုရှမ်းဘာသာစကားဖြင့်ဆိုလျှင် "မက်ကိန် "ဟု ခေါ်သည်။

နာနတ်သီးချိုချိုလေးဆိုလျှင် မက်ကိန်ဝမ်ဝမ်ဟုဆိုရပေမည်။

နှစ်စဉ် ဝါဆိုအကြိုကာလတွင် နာနတ်သီးရာသီချိန်စတင်သည်။ ဝါတွင်းကာလတွင်မူ နာနတ်သီးလှိုင်လှိုင်ပေါ်ထွက်ချိန်ဖြစ်သည်။ နှောင်းပိုင်း တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းအချိန်၌ပေါ်သော နာနတ်သီးကိုတော့ မဒန်သီးဟု ခေါ်သည်။ ချဉ်သည်။ စား၍မချိုသော်လည်း နာနတ်ယိုထိုးလို့ကောင်းသည်။ သကြား၊ ကြံသကာတို့ဖြင့် နာနတ်ယို ထိုးကြသည်။ နာနတ်ယိုလုပ်၍ ဘူးလှလှဖြင့် ဈေးကွက်တင်ရောင်းကြပြန်သည်။

နာနတ်သီးကို အချို့ဒေသများတွင်လည်း စိုက်ပျိုးလေ့ရှိကြသည်။ ရှမ်းပြည်နယ်တွင် အဓိကရာသီပေါ်ဈေးကွက်ဝင်သီးနှံအဖြစ် အစိုက်များကြသည်။ ရှမ်းပြည်နယ်ဘက်က အသီးလှပြီး ချိုသည်။ အစာအာဟာရဖြစ်သလို ဆေးဖက်လည်းဝင်သည်ဟု မြေပြန့်သားမိတ်ဆွေများက ဆိုကြသည်။ မည်သို့ဆိုစေနာနတ်သီးစိတ်ကို လူမျိုးဘာသာမရွေး နှစ်သက်စွာ စားသုံးကြသည်။ သို့သော် ကိုယ်ဝန်သည်နှင့် ဆီးချိုသွေးချိုရှိသူများမှာမူ နာနတ်သီးကို ချင့်ချိန်စားသုံးရန်နှင့် အချို့က လုံးဝမစားသုံးရန်ပင် အကြံပြုထားသည်။ တန်ဆေးလွန်ဘေးဟုဆိုထားသည်။ မည်သို့ပင်ဖြစ်စေကာမူ ဆိုးကျိုးထက်ကောင်းကျိုးများစွာ ပါဝင်နေသည်မို့ နာနတ်သီးကိုတော့ တစ်နေ့တခြားစားသုံးမှုများပြားလာနေသည်။

ထိုသို့ နာနတ်သီးစားသုံးသူများပြားလာသဖြင့် ရှမ်းပြည်နယ်တွင် ဈေးကွက်ဝင်အသီးအဖြစ် ပိုမိုစိုက်ပျိုးထုတ်လုပ်လာခဲ့ကြသည်။ နှစ်စဉ်တရုတ်နိုင်ငံအထိ ဈေးကွက်ရှိခဲ့သော်လည်း တရုတ်မှ ဝယ်ယူမှုနည်းပါးချိန်ကြုံတွေ့သော်လည်း နာနတ်ဈေးကွက်ပျက်မသွားဟု သိရသည်။ ပြည်တွင်းအနှံ့ နာနတ်သီးဈေးကွက်မှာ ကျယ်ပြန့်စွာ ထိုးဖောက်သွားခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်ရှိ နာနတ်ခြံများသို့အရောက်သွားဝယ် ယူပါကကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိ



**ယခုကာလတွင် ခါတိုင်းနှစ်များကထက် လှူဖွယ်ပစ္စည်း၌ အထင်ကရ နေရာယူသည်က နာနတ်သီးဖြစ်သည်။ နာနတ်ခြံရှင်များက ဝါဆိုသင်္ကန်းနှင့်အတူ ခြံထွက်နာနတ်သီး အလုံးလှလှများကို ရွေးချယ်ပြီး အမွန်အမြတ်ထား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ခြံထွက်နာနတ်နှင့်လည်း မြတ်ဒါပြုကြ**

အမျိုးမျိုးရှိပြီး တစ်ဆင့် လက်လီလက်ကားဈေးကျပ် ၆၀၀ မှ ၁၀၀၀ ရှိသလို ကျပ် ၁၀၀၀ ဖိုး သုံးလုံးဈေးလည်း ရှိတတ်သည်။ ရန်ကုန်နှင့် မြို့ကြီးများမှလည်း ကားကြီးများနှင့် ခြံလုံးသိမ်း လာရောက် ဝယ်ယူကြသည်။ အချို့ခြံရှင်များကလည်း နာနတ်ပွဲရုံကြီးများပင် ဖွင့်လှစ်၍ ရောင်းဝယ်ကြသည်။

ရှမ်းပြည်နယ်ထွက်အလုံးလှ အရည်ရွှမ်းပြီးချိုသော သဘာဝနာနတ်သီးများကို နှစ်ခြိုက်စွာစားသုံးသူများလာသည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့၌ ရှမ်းပြည် နာနတ်၊ သီပေါနာနတ်ဟုဈေးခေါ်၍ ရောင်းလေ့ရှိကြကြောင်း သိရသည်။ နာနတ်သီးမှန်သမျှ ရှမ်းပြည်နယ်၊ သီပေါနယ်ဘက်မှ ထွက်သော နာနတ်သီးဟုတ်ချင်မှဟုတ်မည်။ အားလုံးက လတ်ဆတ်ချိုမြိန်သော နာနတ်သီးများသာ ဖြစ်ပေသည်။


သို့ရာတွင် ရှမ်းပြည်နာနတ်သီး၊ သီပေါနာနတ်သီးတို့ကို လူကြိုက်များ၍ ဖြစ်မည်။ ရှမ်းပြည်နာနတ်သီးချိုချိုလေး မက်ကိန် ဝမ်ဝမ်ဟု ဆိုကြသည်ကိုး။ သဘာဝနာနတ်သီး မှန်သမျှ လတ်ဆတ်ချိုမြိန်ပြီး လူတိုင်းကို အကျိုးများစေသည့် သဘာဝ၏လက်ဆောင်မျှသာဖြစ်ပေသည်။

ထို့အတွက်ကြောင့် နာနတ်သီးမှာတစ်နှစ်ထက်တစ်နှစ်နေရာရလာသည်။ မျက်နှာပန်းလှလာသည်။ တောင်ပေါ်မြေပြန့်နေရာဒေသအနှံ့ ရောက်ရှိခဲ့သည်။ လူမျိုးမရွေး အလှူပွဲဧည့်ခံပွဲများတွင်လည်း တန်ဖိုးထား ထည့်သွင်းလာခဲ့ကြသည်။ သင်္ကန်းအစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ ယခုကာလတွင် ခါတိုင်းနှစ်များကထက်လှူဖွယ် ပစ္စည်း၌ အထင်ကရ နေရာယူသည်က နာနတ်သီးဖြစ်သည်။ နာနတ်ခြံရှင်များက ဝါဆိုသင်္ကန်းနှင့်အတူ ခြံထွက်နာနတ်သီး အလုံးလှလှများကိုရွေးချယ်ပြီး အမွန်အမြတ်ထား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ခြံထွက်နာနတ်နှင့်လည်း မြတ်ဒါပြုကြသည်။ ကျန်တိုင်းရင်းသားများကလည်း နာနတ်သီးအလုံးလှလှများကို ဈေးကွက်သို့ဖြစ်စေ၊ ခြံအထိဖြစ်စေ သွားရောက်ဝယ်ယူပြီး ကျောင်းတက်လှူဒါန်းလေ့ရှိကြသည်။

မန္တလေး - လားရှိုး - မူဆယ်ပြည်ထောင်စုလမ်းမကြီးဘေးတစ်လျှောက်ရှိ နာနတ်သီးအရောင်းဆိုင်များမှ ဆိုင်ရှင်ရှမ်းမလေးတွေကရုပ်ချောသလောက်သဘောကောင်းပြီး ခေတ္တခဏဝင်ရောက်နားသူတို့အား နာနတ်သီး မဝယ်သော်လည်း နာနတ်သီးစိတ် ချိုချိုမွှေးမွှေးလေးကို စေတနာလှလှနှင့် ဧည့်ခံကျွေးမွေးတတ်သည်။ ထို့အတွက် နာနတ်သီးဝယ်ဖြစ်သွားသည်ကလည်း များပါ၏။ တိုင်းရင်းသားတိုင်းရင်းသူတို့၏ မေတ္တာစေတနာ ရောင်ပြန်ဟပ်ခြင်းဟု ထင်ပါ၏။ ထို့ကြောင့် တိုင်းရင်းသားဒေသမှ လောကအလှဆင်နေသော ရွှေနာနတ်နှင့် မြတ်ဒါနလည်းပြု စီးပွားလည်း အထောက်အကူဖြစ်နေရသည့် ပုံရိပ်လေးတစ်ရပ်ကို မျှဝေလိုက်ရကြောင်းပါ။ ။

# မြန်မာ့တိုင်းရင်းဆေးအဖြစ်သုံးစွဲလာသည့် မြန်မာ့သနပ်ခါးကို တန်ဖိုးထား စိုက်ပျိုးသူများလာ

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရေနံကွင်းအနီးတွင် မြန်မာ့ရိုးရာ သနပ်ခါးကို ကနဦးစမ်းသပ်ကာ နှစ်ဧကစိုက်ပျိုးထားသော်လည်း စွယ်စုံရ မြန်မာ့တိုင်းရင်းဆေးအဖြစ် ကမ္ဘာသိသုံးစွဲလာသည့်အပြင် မြန်မာတို့အတွက် လက်ဆောင်ကောင်း တစ်ခုအဖြစ် ကမ္ဘာအထိ ထိုးထွင်းသိမြင်လာသည့်အတွက် ဂုဏ်ယူတန်ဖိုးထားရင်း ဧက ၂၀ အထိစိုက်ပျိုးထားကြောင်း မင်းဘူးမြို့ မန်းရေနံကွင်းအနီး သနပ်ခါးစိုက်တောင်သူ ဦးသန်းအောင်ထံမှ သိရသည်။**



**သနပ်ခါးဆိုသည်မှာ မြန်မာတို့၏ ရိုးရာအမွေအနှစ်တစ်ခုဖြစ်သည်။ သနပ်ခါး၏ ဂုဏ်အင်္ဂါများကို ပြောရမည်ဆိုလျှင် သနပ်ခါးအနံ့သည် မွှေးပြီး စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ နေရောင်ခြည်ဒဏ်ကို ကာကွယ်ပေးသည့်အပြင် အသားအရေကို လှပပြီး အေးမြစေသည်။**

### သနပ်ခါး၏ဂုဏ်အင်္ဂါ

သနပ်ခါးဆိုသည်မှာ မြန်မာတို့၏ ရိုးရာအမွေအနှစ်တစ်ခု ဖြစ်သည်။ သနပ်ခါး၏ ဂုဏ်အင်္ဂါများကို ပြောရမည်ဆိုလျှင် သနပ်ခါးအနံ့သည် မွှေးပြီး စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ နေရောင်ခြည်ဒဏ်ကို ကာကွယ်ပေးသည့်အပြင် အသားအရေကို လှပပြီး အေးမြစေသည်။ မြန်မာမိန်းကလေးများသည် ရေချိုးပြီးတိုင်း သနပ်ခါးကို နှစ်နှစ်ခြိုက်ခြိုက်၊ ခုံခုံမင်မင် လိမ်းခြယ်တတ်ကြသလို ဘုရားသွားကျောင်းတက် အလှူမင်္ဂလာ ပွဲလမ်းသဘင် ရှိလျှင်လည်း သနပ်ခါးကို လိမ်းခြယ်သွားကြသည်။

### ဆေးဖက်ဝင်ပုံ

အပူကြောင့်ဖြစ်သော ဝေဒနာ၊ အအေးကြောင့်ဖြစ်သော ဝေဒနာနှစ်မျိုးစလုံး အတွက် သနပ်ခါးကို သွေးပြီးလိမ်းကြံခြင်းဖြင့် ကိုယ်တွင်းရှိ အခိုးများထွက်ကာ ရောဂါပျောက်ကင်းသွားသည်။ အပူဒဏ်ကို ကာကွယ်ပေးသောကြောင့် နေပူထဲတွင်အလုပ်လုပ်ရသူများ သနပ်ခါး လိမ်းထားခြင်းဖြင့် အပူဒဏ်သက်သာစေသည်။ ခေါင်းကိုက်၊ ခေါင်းအုံ၊ ဇက်ကြောတက်၊ နှာခေါင်းပိတ်ခြင်းတို့အတွက် သနပ်ခါးသွေးပြီး ရှူပေးခြင်းဖြင့် သက်သာစေသည်။ အမျိုးသမီးများ မီးယပ်ရောဂါအတွက် နနွင်းနှင့်သွေးပြီး လိမ်းပေးရသည်။ အမျိုးသမီးရောဂါကြောင့် ကိုယ်အမြဲပူနေလျှင် သနပ်ခါး၊ ကံ့ကော်ဝတ်ဆံနှင့်ရောသွေးပြီး သကြားအနည်းငယ်ထည့်ကာ တိုက်ကျွေးနိုင်သည်။ အမျိုးသားများ ဆီးကြောင့်ဖြစ်တတ်သည့် ခေါင်းအုံ၊ ခေါင်းကိုက်၊ သွားကိုက်၊ မျက်စိဝေဝါးခြင်းတို့ကို သနပ်ခါးမြစ်သွေးပြီး သောက်ပေးရသည်။

### သနပ်ခါးကို တိုးချဲ့စိုက်ပျိုး

မြန်မာ့ရိုးရာသနပ်ခါးကို အလှအပရေးရာအတွက် လိမ်းကြံခြယ်သရုံသာ အသုံးပြုခြင်းမျိုးမဟုတ်ဘဲ စွယ်စုံသုံးကုန်အဖြစ်တစ်မျိုး၊ မြန်မာ့တိုင်းရင်းဆေးဝါး အဖြစ်တစ်ဖုံ ဝယ်ယူသုံးစွဲ လာကြသည့်အတွက် မြန်မာ့သနပ်ခါးကို တိုးချဲ့စိုက်ပျိုးလာသည်။ အရာတော်မြို့တွင် ဧကတစ်သိန်းကျော် စိုက်ပျိုးထားပြီး မြန်မာတစ်နိုင်ငံလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းခန့် စိုက်ပျိုးထားကြောင်း သိရသည်။ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာ၊ မြင်းမူနှင့်ပေါက်မြို့တို့တွင်လည်း တိုးချဲ့စိုက်ပျိုးထားကြောင်းလည်း သိရသည်။

### ပူးပေါင်းဆောင်ရွက်ကြပါစို့

ထို့ကြောင့် မြန်မာ့သနပ်ခါးသည် မြန်မာတို့အတွက် လက်ဆောင်အဖြစ်လည်းကောင်း၊ မြန်မာ့ ပြယုဂ်တစ်ခုအဖြစ် လည်းကောင်းတည်ရှိပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ရပ်တည်နိုင်အောင် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ဇေယျာထက် (မင်းဘူး)

# တိုင်းရင်းသားကရင်လူမျိုးများ၏ ဘဝဓလေ့စာပေ

## ကျော်သူရဝင်း

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ခေါမဦးချနေထိုင်လျက်ရှိကြသော ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးများသည် တိဘက်မြန်မာ၊ မွန်ခမာနှင့် ထိုင်းတရုတ်အနွယ် လူမျိုးကြီးသုံးခုမှ ဆင်းသက်ပေါက်ဖွားလာကြသည်ဟု ဆိုကြသည်။ ထို့ကြောင့် အားလုံးသော ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးများသည် သွေးတူသားတူ ဆွေမျိုးတော်စပ်လျက်ရှိသည့် ညီအစ်ကိုလူမျိုးများပင်ဖြစ်သည်ဟု ယူဆထားကြသည်။

### အခြေစိုက်ပျံ့နှံ့

ကရင်လူမျိုးများသည် မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာပြီး အခြေစိုက်ပျံ့နှံ့သွားကြပုံမှာ ကရင်လူမျိုးအချို့သည် ဧရာဝတီမြစ်ကြောင်းကိုလိုက်၍ ပဲခူးရိုးမတစ်ဝိုက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်တွင် နေထိုင်ပျံ့နှံ့သွားခြင်း၊ တချို့မှာ သံလွင်မြစ်ကြောင်းကိုလိုက်၍ ရှမ်းကုန်းမြေမြင့်ကို ဖြတ်ကျော်ကာ တောင်ငူခရိုင်တစ်ဝိုက်နှင့် တနင်္သာရီတောင်တန်းတစ်လျှောက်၌ နေထိုင်ပျံ့နှံ့သွားခြင်း၊ ကရင်လူမျိုး အချို့မှာမူ မဲခေါင်မြစ်ဝှမ်း၊ ရွှေလီမြစ်ဝှမ်းနှင့် မြစ်ကြောင်းများကို စုန်ဆင်းလျက် ရှမ်းပြည်ကုန်းမြေမြင့်တွင် တချို့နေထိုင်ကျန်ရစ်ခဲ့ပြီး တချို့မှာ ကယားပြည်နယ်နှင့် တနင်္သာရီတောင်တန်းမှတစ်ဆင့် ထိုင်း၊ လာအို၊ ဖိလစ်ပိုင်ဘက်သို့ နေထိုင်ပျံ့နှံ့သွားခြင်းဟု အချို့သူတို့ ယူဆကြသည်။ ထိုသို့ ကရင်လူမျိုးများ မြန်မာပြည်အတွင်းသို့ ရောက်ရှိလာခြင်းနှင့်ပတ်သက်၍ အခြားသောအယူအဆတစ်ရပ်လည်းရှိသည်။ ယင်းမှာ ကရင်လူမျိုးများသည် ဘီစီ ၂၂၃၄ တွင် ဗါဗုလုန်ပြည်က ထွက်ခွာခဲ့ကြသည်။ မွန်ဂိုလီးယားသို့ ဘီစီ ၂၀၉၇ တွင် ရောက်ရှိသည်။ လမ်းခုလတ်၌ ၃၇ နှစ်ကြာသွားသည်။ မွန်ဂိုလီးယားတွင် နှစ်ပေါင်း ၁၈၀ မျှနေထိုင်ပြီး ဘီစီ ၂၀၁၇ တွင် မွန်ဂိုလီးယားက ထွက်လာကာ ဘီစီ ၂၀၁၃ တွင် အရှေ့တာကစ္စတန်သို့ရောက်သည်။ လမ်းတွင် လေးနှစ်ကြာခဲ့၏။ အရှေ့တာကစ္စတန်၌ နှစ်ပေါင်း ၁၄၇ နှစ်နေထိုင်ကြပြီး ဘီစီ ၁၈၆၆ တွင် ထိုနေရာမှ ထွက်ခွာလာခဲ့၏။ ဘီစီ ၁၈၆၄ တွင် တိဘက်သို့ ရောက်ရှိသောကြောင့် လမ်းတွင် နှစ်နှစ်မျှကြာခဲ့သည်။ တိဘက်၌ နှစ်ပေါင်း ၄၇၆ နှစ် နေခဲ့ပြီး ဘီစီ ၁၃၈၈ တွင် တိဘက်မှ ယူနန်ပြည်သို့ ထွက်ခဲ့သည်။ လမ်း၌ သုံးနှစ်ကြာခဲ့ပြီး ဘီစီ ၁၃၈၅ တွင် ယူနန်ပြည်သို့ရောက်သည်။ ယူနန်၌ ၂၅၇ နှစ်နေခဲ့ပြီး ဘီစီ ၁၁၂၈ တွင် ထွက်ခဲ့သည်။ ပထမကရင်လူမျိုးတစ်သုတ်သည် ဘီစီ ၁၁၂၅ တွင် မြန်မာနိုင်ငံသို့ ရောက်ခဲ့သည်။ လမ်းတွင် သုံးနှစ်ကြာခဲ့သည်။ ဒုတိယကရင်လူမျိုးတစ်သုတ်သည် ယူနန်တွင် ၆၄၄ နှစ်မျှ နေထိုင်ခဲ့ပြီး ဘီစီ ၇၄၁ တွင်မှ ယူနန်က ထွက်ခဲ့သည်။ မြန်မာပြည်သို့ ဘီစီ ၇၃၉ တွင် ရောက်လာသည်။ လမ်း၌ နှစ်နှစ်မျှကြာခဲ့၏။ သို့ဖြစ်၍ ကရင်လူမျိုး ပထမအသုတ်သည် ဗါဗုလုန်ပြည်မှ မြန်မာနိုင်ငံသို့ ရောက်ရှိရန် ဘီစီ ၂၂၃၄ မှ ဘီစီ ၁၁၂၅ အထိ ၁၁၀၉ နှစ်ကြာလာခဲ့ရသည်။ ဒုတိယအသုတ်မှာမူ ဘီစီ ၂၂၃၄ မှ ဘီစီ ၇၃၉ အထိ နှစ်ပေါင်း ၁၄၉၅ နှစ်ကြာ လာခဲ့ရသည်။

### ယူနန်မှ မြန်မာပြည်သို့

ယနေ့မျက်မှောက်ခေတ် ကရင်အမျိုးသားများ နှစ်သစ်ကူးကျင်းပရာတွင် သုံးစွဲသော ကရင်သက္ကရာဇ်နှင့် ကရင်ပြက္ခဒိန်များတွင် ရေးထိုးထားသောနှစ်များသည် ယူနန်မှ မြန်မာပြည်သို့ ဒုတိယအသုတ်ဝင်ရောက်လာသော ကရင်လူမျိုးများရောက်သည့်နှစ်ကို မှတ်ယူခြင်းဖြစ်သည်။ ယူနန်မှ မြန်မာပြည်သို့ ဒုတိယအသုတ်သည် ဘီစီ ၇၃၉ တွင် ရောက်ရှိသဖြင့် လက်ရှိခရစ်နှစ် ၂၀၂၀ ပြည့်နှစ်နှင့်ပေါင်းလျှင် နှစ်ပေါင်း ၂၇၅၉ နှစ် ရှိလေသည်။

ကရင်လူမျိုးများကို အလွယ်တကူပင် ကရင်လူမျိုးများဟု ခေါ်ဆိုကြသော်လည်း အမှန်စင်စစ်မှာမူ ကရင်လူမျိုးများ၌ မျိုးနွယ်စုများများစွာရှိနေပေသေးသည်။ ၁၉၃၅ ခုနှစ် မြန်မာပြည် စီရင်အုပ်ချုပ်မှုအက်ဥပဒေအရ ၁၉၃၆ ခုနှစ် မေလ ၆ ရက်နေ့စွဲပါ ဘုရင်ခံမင်းကြီး၏ ကြေညာချက်တွင် ကရင်လူမျိုး ၁၁ မျိုးဟု ခွဲခြားပြထားခဲ့သည်။ ထို ၁၁ မျိုးမှာ စကောကရင်၊ ပိုးကရင်၊ တောင်သူကရင်(ယခုပအိုဝ်)၊ ပကူးကရင်၊ မိုးနဲပွားကရင်၊ ဘွဲ့ကရင်၊ ကရင်ဖြူ၊ ပဒေါင်းကရင်(ယခု ပဒေါင်းလူမျိုး)၊ ကရင်နီကရင်(ယခု ကယားလူမျိုး)၊ ဝဲကိုးကရင်နှင့် ကဘားကရင်တို့ဖြစ်ကြ၏။ ထို့ပြင် ၁၉၃၁ ခုနှစ် မြန်မာပြည်လူဦးရေ သန်းခေါင်စာရင်း အစီရင်ခံစာ စာရင်းချုပ် ၁၇ စာရင်းအပိုင်း ၂ စာမျက်နှာ ၂၄၄ တွင်မူ ကရင်လူမျိုး ၁၇ မျိုးဟု ဖော်ပြထားပြန်၏။ ယင်းတို့မှာ စကော၊ ပိုး၊ ဝေဝေါ၊ မိုးနဲ့ဘွား၊ ဘွဲ့၊ ဘရက်၊ ကရင်ဖြူ၊ ပကူး၊ မိုးပွား၊ တောင်သူ၊ ပဒေါင်း၊ ရင်းဘော်၊ ဝဲကိုး၊ ကရင်နီ၊ ဇယိန်၊ ထလိုင်းကလဆီ လူမျိုးသီးခြားဖော်ပြမထားသောကရင် စသည်တို့ပင်ဖြစ်၏။

### ပါးစပ်ဒဏ္ဍာရီ

မည်သို့ပင်ဖြစ်စေကာမူ လူသိအများဆုံးနှင့် ကရင်လူမျိုးအစုကြီးနှစ်စုမှာမူ စကောကရင်နှင့် ပိုးကရင်ဟူ၍ပင်ဖြစ်သည်။ အခြားမျိုးနွယ်စုလေးများသည်လည်း ထိုအစုကြီးနှစ်ခုမှပင် ဖြာထွက်သွားခြင်းဖြစ်၏။ မူလအစတွင် ကရင်တစ်ခုတည်းသာဖြစ်ပြီး နောင်အခါမှ စကောကရင်၊ ပိုးကရင် ကွဲပြားခေါ်ဆိုခြင်းနှင့်ပတ်သက်၍ ကရင်လူမျိုးများအတွင်း၌ အောက်ပါ ပါးစပ်ဒဏ္ဍာရီကို မကြာခဏ ပြောဆိုတတ်ကြသည်ကို တွေ့ရပေသည်။

တစ်ရံရောအခါက ကရင်လူမျိုးအိမ်ထောင်စုတစ်စုရှိရာ အိမ်ထောင်ဦးစီးဖခင်မှာ ဖားစကောဖြစ်ပြီး မိခင်အမည်မှာ နော်ပအိုဖြစ်၏။ ၎င်းတို့ ဇနီးမောင်နှံတွင် သားယောကျ်ား လေးယောက်နှင့် သမီးမိန်းကလေး သုံးယောက် စုစုပေါင်း ခုနစ်ယောက်ရှိလေ၏။ သားယောကျ်ားလေးယောက်၏ အမည်များမှာ စောပကူး၊ စောမော်နေပကား၊ စောဝေးဝေါ၊ စောခြယ်တို့ဖြစ်၏။ သမီးသုံးယောက်မှာ နော်မဒက်၊ နော်ပေါကလော်၊ နော်ပအာတို့ဖြစ်ကြသည်။ တစ်နေ့၌ ဖခင်ဖြစ်သူ ဖားစကောနှင့် မိခင် နော်ပအိုတို့ မသင့်မတင့်ဖြစ်ကြပြီး လင်မယားကွဲကြရာ သားလေးယောက်သည် ဖခင်နှင့်လိုက်သွားကြ၏။ သမီးသုံးယောက်ကမူ မိခင်နောက် လိုက်ခဲ့ကြ၏။ နောင်သောအခါ ဖခင်ဘက်လိုက်သူ (ပါထိ-ဖထိပ်)ဟုခေါ်ပြီး မိခင်ဘက်လိုက်သူများကို (မုထိ-မုထိပ်)ဟု ခေါ်သည်။ ပါထိ-ဖထိပ် ဆိုသည်မှာ အဖေ့ဘက်၊ မုထိ-မုထိပ်က အမေ့ဘက်ဟု အဓိပ္ပာယ်ရလေသည်။ အဖေဘက်ပါသူများမှာ စကောကရင်များဖြစ်ကြပြီး အမေဘက်ပါသူများမှာ ပိုးကရင်ဖြစ်ကြသည်။

ထို့နောက်တွင် စကောကရင်များကို မြန်မာကရင်ဟု ခေါ်ဆို၍ ပိုးကရင်များကို မွန်ကရင်ဟုလည်း ခေါ်ဆိုတတ်ကြသေးသည်။ ဤသို့ခေါ်ဆိုရခြင်းမှာ မြန်မာနှင့် မွန် ကူးလူးဆက်ဆံပေါင်းသင်းမှုကို အခြေခံထား၍ ခေါ်ဆိုသည်ဟု ယူဆရပေသည်။ စကောကရင်နှင့် ပိုးကရင် အမျိုးသား အမျိုးသမီးများကို ခွဲခြားသိနိုင်ရန်မှာ ၎င်းတို့၏ အမည်များပင်ဖြစ်သည်။ စကောကရင်အမျိုးသားများ၏ အမည်ရှေ့တွင် "စော"ဟု တပ်ခေါ်ပြီး အမျိုးသမီးများ၏ အမည်ရှေ့တွင်မူ "နော်"ကို တပ်၍ ခေါ်ဆိုသည်။ ဥပမာ-စောဘမောင်၊ နော်ခင်အေး။ အဆိုပါ စောနှင့် နော်ကို မွေးကင်းစမှ အသက်ကြီးရင့်သည်အထိ သုံးစွဲသွား၏။ ပိုးကရင်များမှာမူ အသက်အရွယ်လိုက်၍ အမည်ရှေ့မှ စကားလုံးကို ပြောင်းလဲသုံးစွဲသည်။ ပိုးကရင် ယောကျ်ားလေးငယ်စဉ်တွင် "စ "ကို သုံးပြီး လူကြီးဖြစ်လာလျှင် "မန်း" ကို သုံး၏။ ဥပမာ-စထွန်းကျော်၊ မန်းထွန်းကျော်။ ပိုးကရင် အမျိုးသမီးငယ်စဉ်တွင် "နမ့်"ကို သုံးပြီး အရွယ်ကြီးလာသောအခါ "ဂတ်"ကို

**လူမျိုးတိုင်းတွင် ထူးခြားသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် သီးသန့်ဖြစ်သော အမျိုးသားဝတ်စုံများ ရှိသည့်နည်းတူ တိုင်းရင်းသားကရင်လူမျိုးများတွင်လည်း သီးသန့်ဖြစ်သော အမျိုးသားဝတ်စုံနှင့် သီးသန့်ဖြစ်သော ဆင်ယင်ထုံးဖွဲ့မှုများရှိကြသည်။ ကရင်အမျိုးသားများ ဝတ်ဆင်ကြသော ဝတ်စုံများမှာ ယောကျ်ားဝတ်သင်တိုင်းရှည်၊ ဘောင်းဘီနက်ခြေရှည် (ရှမ်းဘောင်းဘီကဲ့သို့)၊ လုံချည်(ကွင်းလုံချည်) စသည်တို့ဖြစ်၏။ ယောကျ်ားဝတ် သင်တိုင်းရှည်ကြီးများမှာ လက်ရက်ကန်းနှင့်ရက်လုပ်သော အဖြူရောင်အထူပိတ်ဖြစ်သည်။ အကျႌအဖြစ်ရော လုံချည်အဖြစ်ပါ ဝတ်ဆင်၍ရသလို အအေးဒဏ်ကိုလည်း ကာကွယ်ပေးသည်။ ခေတ်မီတိုးတက်လာသည့် နောက်ပိုင်းတွင် လက်ရက်ကန်းနှင့်သာမက စက်ရက်ကန်းနှင့်လည်း ရက်လုပ်လာကြ၏။**

သုံး၏။ ဥပမာ-နမ့်ပန်းဖြူ၊ ဂတ်ပန်းဖြူ။ အဓိပ္ပာယ်မှာ မောင်နှင့်ကိုမှ ဦးသို့ ပြောင်းသကဲ့သို့ မ မှ ဒေါ်သို့ ပြောင်းသလိုပင်ဖြစ်၏။

### အမျိုးသားဝတ်စုံ

လူမျိုးတိုင်းတွင် ထူးခြားသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် သီးသန့်ဖြစ်သော အမျိုးသားဝတ်စုံများရှိသည့်နည်းတူ တိုင်းရင်းသားကရင်လူမျိုးများတွင်လည်း သီးသန့်ဖြစ်သော အမျိုးသားဝတ်စုံနှင့် သီးသန့်ဖြစ်သော ဆင်ယင်ထုံးဖွဲ့မှုများရှိကြသည်။ ကရင်အမျိုးသားများ ဝတ်ဆင်ကြသော ဝတ်စုံများမှာ ယောကျ်ားဝတ်သင်တိုင်းရှည်၊ ဘောင်းဘီနက်ခြေရှည်(ရှမ်းဘောင်းဘီကဲ့သို့)၊ လုံချည်(ကွင်းလုံချည်) စသည်တို့ဖြစ်၏။ ယောကျ်ားဝတ် သင်တိုင်းရှည်ကြီးများမှာ လက်ရက်ကန်းနှင့်ရက်လုပ်သော အဖြူရောင်အထူပိတ်ဖြစ်သည်။ အကျႌအဖြစ်ရော လုံချည်အဖြစ်ပါ ဝတ်ဆင်၍ရသလို အအေးဒဏ်ကိုလည်း ကာကွယ်ပေးသည်။ ခေတ်မီတိုးတက်လာသည့် နောက်ပိုင်းတွင် လက်ရက်ကန်းနှင့်သာမက စက်ရက်ကန်းနှင့်လည်း ရက်လုပ်လာကြ၏။ အသွေးအရောင်နှင့် အဆင်အပြင်ပိတ်သားများကိုလည်း စပ်ဟပ်ရွေးချယ်၍ ရက်လုပ်လာကြ၏။ ထို့ကြောင့် အဖြူနှင့် အနီရောင်အစင်းများစင်းလျက် ပန်းပွားလေးများ သီဖောက်ထားသော မာဆရိုက်ချည်သားနှင့် တိုးတက်သော ကရင်အမျိုးသားသင်တိုင်းရှည်များ ဖြစ်လာကြ၏။ ခေါင်းပတ်ခေါ် ခေါင်းစည်းမှာမူ အနီနှင့် အဖြူရောင် ဆက်ထားသော ခေါင်းစည်းဖြစ်၏။ လုံချည်များမှာ ရှေးအခါက လက်ရက်ကန်းနှင့် ရက်သဖြင့် နှစ်နံစပ်မှ တစ်ကွင်းရ၏။ နှစ်နံစပ်ထားသော နေရာတွင်လည်း စပ်မှန်းမသိရအောင် အစင်းတစ်ခုသော်လည်းကောင်း၊ အရောင်တစ်ခုသော်လည်းကောင်း ထည့်ထားလေသည်။ သို့သော် ယခုရက်လုပ်သော ကရင်လုံချည်ကွင်းများကိုမူ တစ်နံလျှင် တစ်ကွင်းဖြစ်သော်လည်း နှစ်နံစပ်ရသည့်လုံချည်ကွင်း၏ အလယ်တည့်တည့်တွင် ကရင်လုံချည်အဖြစ် အရစ်တစ်ရစ် ထည့်ထားလေသည်။ မူလယောကျ်ားဝတ် ကရင်လုံချည်မှာ အဖြူနှင့်အနက် တစ်စင်းစီ ကွမ်းရိုးစင်း နှစ်နံစပ်ဖြစ်သော်လည်း ယခုအခါတွင် အစိမ်းနှင့် အဖြူ၊ အနီနှင့် အဖြူ၊ အပြာနှင့် အဖြူ၊ အနက်နှင့် အဖြူ ကွမ်းရိုးစင်းတစ်နံတည်း ချည်ချောနှင့် ရက်လုပ်သော ကရင်လုံချည်များအဖြစ်သို့ တိုးတက်လာခဲ့သည်။

ကရင်အမျိုးသမီးများ ဝတ်ဆင်သော အဝတ်အစားများမှာ သင်တိုင်းရှည်၊ လုံချည်၊ လက်တိုခါးပြတ်အကျႌ၊ ခေါင်းစည်းပဝါ စသည်တို့ဖြစ်သည်။ အမျိုးသမီးဝတ် သင်တိုင်းရက်လုပ်ပုံနှင့် အရောင်အသွေးများသည် ယောကျ်ားဝတ်ကရင်သင်တိုင်းအတိုင်းပင်ဖြစ်၏။ အမျိုးသမီးဝတ်လုံချည်က အမျိုးသားဝတ်လုံချည်ထက် တိုးတက်သည်မှာ အင်းလေးပိုးရက်ကန်းစင်မှ ကရင်အမျိုးသမီးဝတ် အင်းလေးပိုးလုံချည်များ ရက်လုပ်ခြင်းဖြစ်သည်။ ယခုအခါ ကရင်အမျိုးသမီးဝတ် ပိုးလုံချည်ကို အခြားသေ တိုင်းရင်းသားလူမျိုး အမျိုးသမီးများလည်း ဝတ်ဆင်နေကြပြီဖြစ်သည်။ ခေါင်းစည်းပဝါမှာ ရှေးအခါက လက်ရက်ကန်းစင်မှ အဖြူအကြမ်းထည်ဖြစ်သော်လည်း ယခုအခါ နိုင်လွန် သို့မဟုတ် ပိုးခေါင်းစည်းလေးအဖြစ်သို့ ပြောင်းလဲတိုးတက်လာသည်။ ဤသည်တို့ကား ကရင်အမျိုးသားများနှင့် ကရင်အမျိုးသမီး ဝတ်စုံများဖြစ်သည်။ ကရင်အမျိုးသား အမျိုးသမီးဝတ်စုံများကို မြို့ပေါ်တွင် နေထိုင်သော ကရင်များ၊ အခြားလူမျိုးများနှင့် ရောနှောနေထိုင်ကြသော ကရင်များသည် ကရင်နှစ်သစ်ကူးနေ့နှင့် အခမ်းအနားများတွင်သာ ဝတ်ဆင်ကြပြီး ကျန်အချိန်များတွင် မြန်မာအဝတ်အစားများကိုသာ ဝတ်စားကြ၏။ ဝေးလံသောအရပ်များနှင့် တောင်ပေါ်ဒေသတွင် နေထိုင်သော ကရင်များမှာမူ ကရင်ဝတ်စုံကိုသာ ဆယ့်နှစ်လရာသီ နေ့ရောညပါ ဝတ်ဆင်ထားကြလေသည်။

### သင်တိုင်းရှည်ကို ဝတ်ဆင်

ကရင်လူမျိုးတိုင်း သင်တိုင်းရှည်ကို ဝတ်ဆင်ကြ၏။ သို့သော် ကရင်မလေး ဝတ်ဆင်သော သင်တိုင်းရှည်တွင် မည်သည့်အမှတ်အသားမျှ မပါရှိဘဲ ကရင်ယောကျာ်းလေးဝတ်ဆင်သော သင်တိုင်းရှည်၏ အောက်ခြေပတ်လည်တွင်မူ အစင်းအစင်းလေးများ ရက်ဖောက်ထား၏။ ထိုအစင်းလေးများကိုမြင်တွေ့ခြင်းဖြင့် ယောကျ်ားလေးဝတ်ဆင်သော သင်တိုင်း၊ မိန်းကလေးဝတ်ဆင်သောသင်တိုင်း စသည်ဖြင့် ခွဲခြားသိရှိနိုင်၏။ အရွယ်ရောက်လာသော ကရင်ယောကျ်ားပျိုနှင့် အိမ်ထောင်ကျပြီး ကရင်အမျိုးသားတို့၏ ဝတ်စားဆင်ယင်မှုမှာ သင်တိုင်းရှည်၊ ဘောင်းဘီခြေရှည်နက်၊ လုံချည်၊ ခေါင်းပတ် စသည်တို့ကို ကွဲပြားခြားနားမှုမရှိဘဲ အတူတကွပင် ဝတ်စားဆင်ယင်ကြသည်။ သို့သော် ကရင်အပျိုမလေးများ၏ ဝတ်စားဆင်ယင်မှုနှင့် အိမ်ထောင်သည် ကရင်အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်ပုံတို့မှာမူ ခြားနားကွဲပြားကြ၏။ အိမ်ထောင်သည် ကရင်အမျိုးသမီးတို့သည် သင်တိုင်းရှည်အနက်ရောင်ခါးပြတ် ကရင်အမျိုးသမီးအကျႌနှင့် ကရင်အမျိုးသမီးလုံချည်များ ဝတ်ဆင်ကြသည်။ ကရင်အပျိုမလေးများမှာ သင်တိုင်းရှည်အဖြူ၊ ပဝါဖြူ၊ ခေါင်းစည်းသာမက နားတောင်း၊ နားကပ်၊ လက်ကောက်၊ ခြေကျင်း၊ ပုတီး ပန်းစည်းကြိုးစသည့် လက်ဝတ်လက်စားများကိုပါ ဆင်မြန်းကြလေသည်။ ငွေကြေးချောင်လည်မှု၊ မချောင်လည်မှုပေါ်မူတည်ပြီး ဖန်၊ ကြေး၊ ငွေ၊ ရွှေ စသည်တို့ဖြင့် လက်ဝတ်တန်ဆာတို့သည် ခြားနားတတ်၏။ အထူးသဖြင့် ကရင်အပျိုမလေးတစ်ယောက်သည် အိမ်ထောင်သည်ဘဝကို ကူးပြောင်းသည်နှင့် သင်တိုင်းအဖြူရောင်ကို မဝတ်ဆင်တော့ဘဲ အနက်ရောင်ကို ပြောင်းလဲဝတ်ဆင်လေတော့သည်။ ထိုသို့ဝတ်ဆင်ခြင်းဖြင့် အိမ်ထောင်သည်လော၊အပျိုလော ခွဲခြားသိနိုင်၏။ သို့သော် ဤသို့ ဝတ်ဆင်ကြသော ကရင်အမျိုးသား အမျိုးသမီးများမှာ မြေပြန့်နေကရင်များ မဟုတ်ကြသည်ကို သတိချပ်ရမည်ဖြစ်၏။

*(ဆက်လက်ဖော်ပြပါမည်)*

# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ငွေးချောင်း(ကွေ့ချောင်း) ခံတပ်



**သန်းနိုင်ဦး(ငဖဲ)**

**ငွေးချောင်း(ကွေ့ချောင်း)ခံတပ်သည် မကွေးမြို့မှ ၁၂ မိုင်ခန့်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မင်းလှခံတပ်၏ အရှေ့တောင်ဘက် ဓားလွယ်ခုတ် အနေအထားတွင်တည်ရှိသည်။ ငွေးချောင်း(ကွေ့ချောင်း) ခံတပ်ကို မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသား၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြင်သစ်နှင့် အီတာလျံလူမျိုးများဖြစ်ကြသည့် ကိုမိုဟိုပယ်ရီနှင့် မိုလီနာရီတို့နှင့်အတူ မြန်မာအင်ဂျင်နီယာများ ပူးပေါင်း၍ ခရစ်နှစ် ၁၈၆၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။**

ငွေးချောင်း(ကွေ့ချောင်း)ခံတပ်သည် အလျား ၂၇၅ ပေ၊ အနံ ၁၅၅ ပေရှိပြီး အမြင့် ၁၂ ပေရှိကာ ဒုလေးပေရှိသော အုတ်တံတိုင်းဖြင့် ကာရံတည်ဆောက်ထားသည်။ တံတိုင်း၏ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် အတွင်းမှနေ၍ ရန်သူအား တိုက်ခိုက်နိုင်ရန်အတွက် သေနတ်ပစ်ပေါက်များ စီမံထားရှိပြီး စုစုပေါင်း အပေါက်အရေအတွက် ၁၅၉ ခု ရှိသည်။

**ဥမင်တစ်ခုပြုလုပ်ထား**

ခံတပ်အတွင်းသို့ ဝင်ရောက်ရန် အနောက်ဘက်တွင် တံခါးတိုင်း၏ အတွင်းပိုင်း၌ စစ်သည်တော်များနေထိုင်ရန် အဆောင်တန်းလျား နှစ်ခုနှင့် အရာရှိဆောင် တစ်ခု ပြုလုပ်ထားသည်။ အခန်း ၁၃ ခန်း ပါရှိ၍ အဆောင်တန်းလျားများ၏ အရှေ့ဘက်တွင် အကျယ် ၁၄ ပေ၊ အလျား ၁၉၆ ပေရှိ ဥမင်တစ်ခု ပြုလုပ်ထားကာ စစ်တိုက်ရာတွင် အသုံးပြုသော ဆင်များထားရှိသည့်အတွက် ဆင်ကျုံးဟု ခေါ်ကြကြောင်း သိရသည်။

ဆင်ကျုံးအတွင်းနံရံ၏ အနောက်ဘက်ခြမ်းတွင် လက်နက်များထားရှိရန် လက်နက်တိုက်တစ်ခုနှင့် အရာရှိဆောင်၏ အနောက်ဘက်နံရံတွင် လက်နက်တိုက်တစ်ခု စီမံပြုလုပ်ထားပြီး ခံတပ်၏ တောင်ဘက်တွင် ဆင်ခြေလျှောပြုလုပ်၍ အုတ်ရိုးတန်းများ ကာရံထားသော မြေကတုတ်လေးဆင့် ပြုလုပ်ထားသည်။

**မြေအောက်ခံတပ်**

အရှေ့ဘက်နေရာတွင် မျှော်စင်တစ်ခု ပြုလုပ်ထားကာ လက်ရှိအခြေအနေတွင် အုတ်ရိုးတန်းများသာ ကျန်ရှိသည်ကို တွေ့ရသည်။ ခံတပ်တည်ဆောက်ထားပုံမှာ အဆင့်သုံးဆင့်ရှိ၍ ပထမအဆင့်သာလျှင် မြေပေါ်တွင် ပေါ်လွင်တည်ရှိပြီး ကျန်နှစ်ဆင့်မှာ မြေကြီးအောက်တွင်ဖြစ်သည်။ မြေအောက်ခံတပ်၏အလယ်တွင် ရေသိုလှောင်ထားရှိရန် အလျား ၇၂ ပေ၊ အနံ ၁၇ ပေ၊ အနက် ၈၅ ပေ ရှိသည့် မြေအောက်ရေကန်တစ်ခုကိုလည်း စနစ်ကျစွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။

မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသား၏ကြီးကြပ်စီစဉ်မှုဖြင့် တည်ဆောက်ခဲ့သည့် ငွေးချောင်း(ကွေ့ချောင်း)ခံတပ်ကို သမိုင်းဝင် အဆောက်အအုံအဖြစ်သတ်မှတ်၍ ၁၉၅၇ ခုနှစ်မှ ယနေ့အချိန်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။




**မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသား၏ ကြီးကြပ်စီစဉ်မှုဖြင့် တည်ဆောက်ခဲ့သည့် ငွေးချောင်း(ကွေ့ချောင်း) ခံတပ်ကို သမိုင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်၍ ၁၉၅၇ ခုနှစ်မှ ယနေ့အချိန်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ**

# ကရင်အရိုးကောက်ပွဲတော်

**ခိုင်မြဲသူယျ**

(ယခင်အပတ်မှအဆက်)

ကောင်းသောသေခြင်းဖြင့် မိမိဇာတိရပ်ရွာတွင် သေဆုံးသူအတွက် အရိုးပြာမှာ အလွယ်တကူရနိုင်သဖြင့် အရိုးကောက်ရာတွင် အခက်အခဲမရှိလှသော်လည်း တစ်မြို့တစ်ရွာတွင် သေဆုံးသူများနှင့် အရိုးပြာမရသူများအတွက်မူ အခက်အခဲနှင့် တွေ့ရလေ့ရှိသည်။ ထိုအခါမျိုး၌ အရိုးကောက်ပွဲတော်ကို ဦးစီးခေါင်းဆောင်ပြုလုပ်ပေးမည့် အရိုးကောက်ဆရာက သေဆုံးသူ၏ ခန္ဓာကိုယ်အစား သစ်တုံးတစ်တုံးကို ယူဆောင်ပြီး မီးရှို့ရသည်။ သစ်တုံးမှရသော မီးသွေးခဲဖြင့် အရိုးကောက်ပွဲပြုလုပ်ရသည်။ သေဆုံးသူ၏ အဝတ်အစားများကျန်ရှိသေးပါက ထိုအဝတ်အစားဖြင့် အရိုးကောက်ပွဲပြုလုပ်ရသည်။

အရိုးကောက်ပွဲကျင်းပရာတွင် မဏ္ဍပ်ကို နှစ်ခုဆောက်လုပ်ရသည်။ တစ်ခုမှာ သံဃာစင်နှင့် တစ်ဆက်တည်းဆက်စပ်နေသည့် မဏ္ဍပ်နှင့် အခြားတစ်ခုမှာ အရိုးပြာအိုးများထားရှိသည့် မဏ္ဍပ်ဖြစ်သည်။ သံဃာတော်များ တရားဟောချိန်တွင် အရိုးမဏ္ဍပ်နှင့် သံဃာစင်ကို အပ်ချည်ကြိုးဖြင့် ဆက်သွယ်ပေးရ၏။ ဤသို့ပြုလုပ်ရခြင်းမှာ အရိုးရှင်၏ ဝိညာဉ်သည် သံဃာတော်များ၏ တရားကို နာယူနိုင်ရန်အတွက်ဖြစ်သည်။

အရိုးကောက်ပွဲကျင်းပရာတွင် အရိုးနှင့်ပတ်သက်သော ကိစ္စအဝဝသည် အရိုးကောက်ဆရာ၏ လက်ထဲတွင် အာဏာအပြည့်အဝရှိသည်။ အရိုးကောက်ပွဲကျင်းပမည့် နံနက်တွင် အရိုးကောက်ဆရာက အရိုးရှင်များကို စီစဉ်စစ်ဆေးရသည်။ တစ်ရပ်တစ်ရွာနှင့် တစ်နယ်တစ်ကျေးတွင် သေဆုံးခဲ့သည့် အရိုးများနှင့် လတ်တလော အသေဆိုးများနှင့်သေသော အစိမ်းသေများ ပါရှိပါက အရိုးကောက်ဆရာမှာ များစွာပင်ပန်းတော့သည်။ အကြောင်းမှာ မြစ်ကူးချောင်းနား တစ်နယ်တစ်ကျေးတွင် သေဆုံးခဲ့သော အရိုးရှင်၏ လိပ်ပြာ (သို့မဟုတ်)ဝိညာဉ်သည် အရိုးကောက်ပွဲကျင်းပရာနေရာသို့ ရုတ်တရက်ရောက်မလာနိုင်ပေ။ အကြောင်းမှာ မြစ်များ ချောင်းများကို ဖြတ်ကူးနေရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အရိုးကောက်ဆရာက မဏ္ဍပ်နှင့် မနီးမဝေးတွင် မြစ်ချောင်းသဖွယ် မြေကျင်းရှည်ရှည်တစ်ခုကို တူးပြီး ရေများထည့်ပေးရသည်။ အပေါ်မှာမှ တံတားသဖွယ် သစ်ချောင်းကလေးတစ်ခု တင်ပေးထားရသည်။ အဓိပ္ပာယ်မှာ မြစ်ချောင်းများကို တံတားမှတစ်ဆင့် ကူးလာခဲ့ရန်ဖြစ်သည်။

အစိမ်းသေများ၏ ဝိညာဉ်သည် ကြောက်အားလန့်အားဖြင့် ရုတ်တရက်သေရသဖြင့် လန့်ဖျပ်ကာ အဝေးသို့ရောက်နေသည်ဟု ယူဆကြသည်။ ထိုလိပ်ပြာပြန်လာအောင် အရိုးကောက်ဆရာသည် အတော်ပင်ကြိုးစား၍ ခေါ်ယူရသည်ဟု ဆိုသည်။ အရိုးကောက်ရာတွင် တစ်ဦးတစ်ယောက်ချင်း ကောက်လေ့မရှိဘဲ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်အထိ စုပေါင်းကောက်တတ်သည်။ ထို့ကြောင့် အရိုးကောက်ပွဲ မဏ္ဍပ်ထဲ၌ အရိုးအိုးထည့်ထားသော အရိုးခြင်းရှည်ကြီးများသည် ထိုးထိုးထောင်ထောင်နှင့် အများအပြားပင် ရှိနေပေသည်။

အရိုးကောက်ပွဲကျင်းပရာတွင် အရေးကြီးသောအချက်မှာ သေဆုံးသူ အရိုးရှင်၏ ယောကျ်ား (သို့မဟုတ်) မိန်းမဖြစ်သူသည် သေဆုံးသူ၏ အရိုးကောက်ပွဲမကျင်းပရသေးမီ နောက်ထပ် အိမ်ထောင်သစ်တစ်ခုပြုသည်ဆိုပါက ထိုအရိုးမဏ္ဍပ်အတွင်းသို့ မလာရောက်ရပေ။ အကယ်၍ လာရောက်သော် လေကြီးမိုးကြီးသော်လည်းကောင်း၊ တစ်စုံတစ်ခုသော ဘေးအန္တရာယ်သော်လည်းကောင်း ကျရောက်တတ်သည်ဟု ယူဆကြသည်။ တစ်နည်းအားဖြင့် လက်တွေ့ဘဝတွင် ယောကျ်ား(သို့မဟုတ်)မိန်းမသေဆုံး၍မှ မကြာသေးခင် နောက်အိမ်ထောင် အပြုစောသူကို ဒဏ်ခတ်ခြင်းနှင့် အပြစ်ထားခြင်း သဘော ကျရောက်နေသည်။

အရိုးကောက်ရန်အချိန်ကျရောက်လာသောအခါ သက်ဆိုင်ရာ ဆွေမျိုးမိဘ ညီအစ်ကို မောင်နှမအားလုံးတို့သည် အရိုးမဏ္ဍပ်နားသို့ ရောက်ရှိလာကြသည်။ သက်ဆိုင်ရာ မိမိအရိုးခြင်းကို ကျောဝယ်ချီကာ တန်းစီရသည်။ တန်းစီခြင်းမှာ သေဆုံးသူအရိုးရှင်များ၏ အသက်အရွယ် ကြီးစဉ်ငယ်လိုက် ရှေ့နောက်ထားပေးခြင်းဖြစ်သည်။ အရိုးကောက်ဆရာက အချက်ပေးလိုက်သည်နှင့် အရိုးကောက်ဆရာနှင့်အတူပါရှိသော တပည့်မိတ်ဆွေတို့သည် ကရင်ဘာသာဖြင့် အတိုင်အဖောက်ညီညီ နှုတ်တိုက်ကျက်မှတ်ထားသော သေသူများနှင့်ဆိုင်သည့် တေးကဗျာရှည်ကြီးများကို ရွတ်ဖတ်ရသည်။ ရွတ်ဖတ်၍ တစ်ချက်ပြီးတိုင်း ရှင်လောင်းလှည့်ရာတွင် ရွှဲလိုက်သကဲ့သို့ ရွှဲလိုက်ရသည်။ ရွှဲတစ်ချက်လိုက်၍ မှုတ်လိုက်တိုင်း ပါးစပ်အတွင်းမှ ငုံထားသော အရက်တစ်ငုံကို ဖူးခနဲ မှုတ်လိုက်၏။ အပြင်သို့ မှုတ်ထုတ်ရာတွင် မဖြစ်စလောက်သာ မှုတ်ထုတ်ပြီး ခပ်များများမှာမူ လည်ချောင်းထဲသို့ ဝင်သွားသည်သာဖြစ်သည်။ ထို့နောက် ဗျောဆိုင်းများဖြင့် အရိုးခြင်း ကြီးစဉ်ငယ်လိုက်သည် အရိုးမဏ္ဍပ်ကို ခုနစ်ပတ် လှည့်ပတ်ရာ၌ သက်ဆိုင်ရာ မကင်းရာမကင်းကြောင်း မိတ်ဆွေသင်္ဂဟများက အရိုးခြင်းများကို ကူညီကာဝိုင်းထမ်းကြသည်။ ထိုအချိန်မှာ သေဆုံးသူ သေဦးစကလို ကျန်သူများက ခံစားကြရပြီး ငိုယိုမြည်တမ်းကြလေတော့သည်။

အရိုးမဏ္ဍပ် ခုနစ်ပတ်လှည့်ပတ်ပြီးသည်နှင့် သဲဖြူ၊ ရာဇမတ်၊ ငှက်ပျောပင်၊ ကြံပင်တို့ဖြင့် ပြင်ဆင်ထားသော အရိုးမဏ္ဍပ်အတွင်းသို့ အရိုးများကို ပြန်ယူခဲ့ပြီး အစဉ်အလိုက်ထားလိုက်သည်။ ထို့နောက် သံဃာတော်များက တရားဟောကြားသည်။ ထို့နေ့ညတွင် ပွဲလမ်းသဘင်ရှိမည်ဆိုပါက အရိုးကို တစ်ညသိပ်ထားသည်။ မရှိပါက ထိုနေ့မှာပင် သုသာန်သို့သွား၍ အရိုးအိုးများကို ပို့လိုက်သည်။ နှစ်ပေါင်းများစွာကြာရှိလာသောအခါ ထိုနေရာတွင် အရိုးအိုးများ တောင်ပုံရာပုံ စုပုံနေတော့သည်။

ထိုသို့အရိုးကောက်ပွဲတော်ကျင်းပပြီးမှပင် ကျန်ရှိသူများမှာ ရင်တွင်း၌ ပေါ့သွားပြီး သေဆုံးသူအတွက် နောက်ဆုံးတာဝန်တစ်ရပ် ကျေသွားသည်ဟု ယူဆကြလေသည်။

အထက်ဖော်ပြပါအကြောင်းအရာများသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသော ဗုဒ္ဓဘာသာဝင် ကရင်တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံယဉ်ကျေးမှုများအနက် ထူးခြား၍ စိတ်ဝင်စားဖွယ်ကောင်းသော အရိုးကောက်ပွဲတော်အကြောင်းပင်ဖြစ်ပေသည်။

**ကိုးကား (မောင်စင်ကြယ် – ကရင့်ဘဝဓလေ့)**

ဝတ္ထုတို


## အောင်ကျော်မြင့်





(၁)

"အမေရေ..အမေ"

အိမ်ပေါ်သို့တက်ရင်း အမေ့ကိုအော်ခေါ်လိုက်သည်။ ဘုရားစင်ရှေ့တွင်လှဲပြီး ပုတီးစိတ်နေသော အမေသည် သူ့အသံကြားသည်နှင့် ကမန်းကတန်းထလိုက်တာကို မြင်လိုက်ရသည်။

"နောက်ကျလိုက်တာသားရယ် အမေက စိတ်ပူနေတာ"

"ဟုတ်တယ်အမေရယ် လိုင်းကားစီးရတာ သိတဲ့အတိုင်းပဲ လမ်းတွေကပိတ်နေတာလေ အမေ ဗိုက်ဆာနေပြီလား သားရေချိုးလိုက်မယ် ပြီးရင်ထမင်းစားကြမယ်နော်"

"ရောက်ရောက်ချင်း ရေမချိုးနဲ့ဦးလေ သားရဲ့ ခဏတစ်ဖြုတ်နားပြီးမှချိုး"

"ဟုတ်အမေ"

စိတ်ပူစွာပြောလိုက်သော အမေ့စကားကြောင့် လွယ်အိတ်ကိုတိုင်မှာချိတ်ရင်း အမေ့ဘေးမှာ ထိုင်လိုက်သည်။ အမေကိုကြည့်နေရင်းမှ တစ်စုံတစ်ခုကို သူအံ့အားသင့်စွာ သတိထားမိခဲ့သည်။

"ဟင် အမေ အမေ့နားကပ်လေးမရှိတော့ပါလား"

"ဟို..ဟို.."

သူ့စကားကြောင့် အမေတစ်ခုခုကိုစိုးရိမ်သွားဟန်တူသည်။ အမေတစ်ခုခုကိုဖုံးကွယ်ထားသည်ဆိုတာကို သူသိနေသည်။

"အမေ ဘာဖြစ်လို့လဲဟင် သားကိုပြောလေ"

"ဟို ဒီနေ့ သားညီလေးထွန်းဝေ အိမ်လာသွားတယ်သား"

အမေ ထိုသို့ပြောလိုက်သည်နှင့် သူသဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် အမေ မပြောခင်မှာဘဲ သူ့ဘက်ကဦးစွာ ပြောလိုက်တော့သည်။

"ဘာလဲအမေ အရင်လိုပဲ အဆင်မပြေလို့ တစ်လနှစ်လနေပြန်ရွေးပေးမယ်ဆိုပြီး ယူသွားပြန်တာလားအမေ"

"ဟုတ်တယ်သား ဒီတစ်ခေါက်က တစ်လပဲကြာမယ်တဲ့"

အမေ့စကားကြောင့် သူဘာမှမပြောဘဲ သက်ပြင်းသာချလိုက်ရသည်။ အကြိမ်ကြိမ်အခါခါ ထိုသို့ ကတိတွေပေးပြီး တစ်ခါမှ ပြန်မလုပ်ပေးသည့် ညီနှင့်ညီမအကြောင်းကို သူကောင်းစွာသိပြီးသားဖြစ်သည်။

သူ့နာမည်က ပိုင်စိုး မောင်နှမသုံးယောက်ထဲတွင်အကြီးဆုံးဖြစ်သည်။ သူ့အောက်တွင် ညီဖြစ်သူ ထွန်းဝေနှင့် ညီမဖြစ်သူ သူဇာတို့ရှိသည်။ အဖေကတော့ သူတို့ကလေးဘဝထဲက ဆုံးပါးသွားသည့်အတွက် အမေကပင် သူတို့မောင်နှမသုံးယောက်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ အကြီးဆုံးသားဖြစ်သည့် သူ့မှာမိသားစုတာဝန်ကို အမေနှင့်အတူ ထမ်းပိုးနိုင်ဖို့အတွက် ဆယ်တန်းကျပြီးကတည်းက အလုပ်ကိုသာဖိလုပ်ခဲ့သည်။ ညီနှင့်ညီမကတော့ ဘွဲ့ရပြီးသည်နှင့် အသီးသီးအိမ်ထောင်ပြုသွားကြသည်။ အိမ်ထောင်ခွဲတွေဖြစ်သွားသော်လည်း အမေ့ကိုထောက်ပံ့ခြင်းမပြုဘဲ အကူအညီလိုတိုင်း ဒုက္ခလာပေးနေသော ညီနှင့်ညီမကြောင့် သူစိတ်မကြည်လင်ခဲ့တာကြာပြီဖြစ်သည်။ အမေစိတ်ဆင်းရဲမည်စိုး၍ ဘာမှမပြောဘဲ သည်းခံနေရသည်။ ဒီတစ်ခါတော့ တရားလွန်တယ်ဟုခံစားမိပြီး မနက်ဖြန် ညီဖြစ်သူ ထွန်းဝေကို သတိသွားပေးရန် ဆုံးဖြတ်လိုက်သည်။

(၂)

"ဟာ ကိုကြီးလာတယ်၊ လာလာ အိမ်ပေါ်တက် လာ ကိုကြီးထိုင်"

ထွန်းဝေကသူ့ကို ဝမ်းသာအားရညှော့ဝတ်ပြုရင်း ဖျာခင်းပေးလိုက်သည်။ သူလည်းဖျာပေါ်သို့တက်ထိုင်လိုက်သည်။ ထို့နောက် အိမ်အခြေအနေကို မသိမသာအကဲခတ်ရင်း ထွန်းဝေကို မေးလိုက်သည်။

"ထွန်းဝေ..မင်းမိန်းမနဲ့ကလေးရော"

"သူတို့အမေ အိမ်သွားကြတယ်ကိုကြီး။ ကျွန်တော်က ဒီနေ့အလုပ်နားတယ်။ ဒါနဲ့ ကိုကြီးကလမ်းကြုံလို့ဝင်လာတာလား"

"လမ်းကြုံလို့မဟုတ်ဘူး။ မင်းကိုသတိပေးစရာရှိလို့၊ တမင်လာခဲ့တာ အခုမင်းမိန်းမလည်းမရှိဘူးဆိုတော့ အဆင်ပြေတာပေါ့ကွာ"

"ဟင်"

သူ့စကားကြောင့် ထွန်းဝေအံ့အားသင့်သွားဟန်တူသည်။ မပြောချင်ပေမယ့်လည်း သူပြောရပေမည်။

"ဟုတ်တယ် ထွန်းဝေ မင်းတို့အမေ့ကို ဒုက္ခပေးတာများနေပြီ။ အဲဒါငါလာပြောတာ မင်းတို့ပဲစဉ်းစားကြည့်လေ အမေ့ကိုတစ်ပြားတစ်ချပ်မှ မထောက်ပံ့ဘဲ အမေ့ဆီကတစ်ခုပြီး တစ်ခုလာယူနေကြတာ ပြီးတော့တစ်ခါမှလည်း ပြန်ပြီးလုပ်ပေးခဲ့တာမရှိဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုကြီးရာ ကျွန်တော်တို့လည်း အဆင်မပြေလို့ပါဗျာ။ နောက်ပြီး ကိုယ့်အမေကိုယ် အကူအညီတောင်းတာပဲ ဘာဂရုစိုက်စရာလိုလို့လဲ"

"လိုတယ်ကွ။ အေး မင်းတို့အဆင်မပြေရင်သာ သတိရကြတာ၊ အဆင်ပြေရင်မင်းတို့ ဘယ်နှခါသတိရဖူးလဲ တစ်ခါတလေဆို ငါမပြောဘူး၊ အခုကတရားလွန်နေသလိုဖြစ်နေပြီ"

သူ့ရဲ့အသံတွင် ဒေါသများဖုံးလွှမ်းသွားသလို ထွန်းဝေသည်လည်း မျက်နှာပျက်သွားတာကိုသတိထားမိလိုက်သည်။

"ဒါတော့ ကိုကြီးများသွားပြီ၊ အမေက ကြည်ဖြူလို့ပေးတာပဲ ကိုကြီးကကြားထဲက ဘာဖြစ်နေတာလဲ။ သမုဒ္ဒရာရေကတစ်ယောက်တည်းသောက်လို့မကုန်ပါဘူးဗျာ"

"ဘာထွန်းဝေ သမုဒ္ဒရာရေက တစ်ယောက်တည်း သောက်လို့မကုန်ဘူး။ ဟုတ်လား ပြောစမ်းပါ။ အဲဒီသမုဒ္ဒရာထဲကရေကို ဘယ်သူလာဖြည့်ပေးဖူးလဲ အခုဆို အဲဒီသမုဒ္ဒရာရေခန်းတော့မယ်ကွ။ ဒါကိုတောင်မင်းတို့က ခပ်သောက်လို့ မဝနိုင်သေးဘူးလားကွာ"

"ဒါတော့ကိုကြီးအမြင်ပေါ့ဗျာ။ ကျွန်တော်တော့ ဘာမှမပြောတတ်တော့ဘူး။ ဒါပေမယ့် ကျွန်တော်အဆင်မပြေသေးလို့ပါ။ အဆင်ပြေတဲ့ တစ်နေ့တော့ စောင့်ကြည့်နေလိုက်ပါ"

ပညာတတ်ပီပီ မာနတစ်ခွဲသားနှင့်ပြောလိုက်သော ထွန်းဝေနှင့် သူပြိုင်၍ မပြောလိုတော့ပါ။ စကားဆက်ပြောရင်လည်း ဒီထက် စကားပိုများမည်ဖြစ်သောကြောင့် ထွန်းဝေကို ပင်နှုတ်မဆက်ဘဲ ပြန်ခဲ့တော့သည်။

(၃)

အလုပ်သွားလိုစိတ်မရှိသောကြောင့် အိမ်ကိုသာပြန်ရန် သူတွေးလိုက်သည်။ ညီမဖြစ်သူဆီလည်း သွားရောက်သတိပေးရန်ဆုံးဖြတ်ခဲ့သော်လည်း ထိုကဲ့သို့ပင် ဘာမှထူးလာမည်မဟုတ်ဘူးဆိုတာကို သူကြိုသိနေသည်။ ထို့ကြောင့်ပင် သူလက်လျှော့လိုက်တော့သည်။

သူ့လုပ်ရပ်ကို မှားသွားလားဆိုပြီးပြန်တွေးမိသည်။ အမေ့ကိုသူအရမ်းချစ်သည်။ ထို့ကြောင့် အမေ့အတွက်အစစအရာရာ ဖြည့်ဆည်းပေးခဲ့သည်။ သူအမေ့ကို သိတတ်သလိုပင် ညီတွေညီမတွေလည်း အမေ့ကိုသိတတ်စေချင်သည်။ ညီတွေညီမတွေကိစ္စဖြင့် အမေ့ကို တားချင်ပေမယ့်လည်း သူနှုတ်ကထွက်မလာခဲ့။

ထွန်းဝေပြောသွားသည့် သမုဒ္ဒရာရေကို တစ်ယောက်တည်းမကုန်ဘူးဆိုသည့် စကားအတွက်တော့ သူခံပြင်းမိသည်။ သူတို့မိသားစုတွင် ကြီးကြီးမားမား ချမ်းသာသည့်အရာဘာမှမရှိပါ။ အမေ့ဆီကလည်း ရရှိစရာ ထူးထူးခြားခြားအမွေမရှိပါ။ ထို့ကြောင့်ပင် သူကြိုးစားရှာဖွေပြီး ရသမျှဖြင့် အမေ့ကိုတာဝန်ကျေခဲ့သည်။ သို့သော် ညီနှင့်ညီမကတော့ အမေ့ဆီကနေ ရသမျှအကုန်ယူနေကြသည့်အတွက်တော့ စိတ်မကောင်းဖြစ်မိသည်။

လမ်းလျှောက်နေရင်းမှ သူငယ်ချင်းဖြစ်သူ သောင်းဝင်းတို့ဘက် ရောက်ရှိလာခဲ့သည်။ ငယ်သူငယ်ချင်းလည်းဖြစ်သည့်အပြင် မတွေ့တာလည်းကြာပြီဖြစ်သည့်အတွက် အိမ်ကို မပြန်သေးဘဲ သောင်းဝင်းတို့အိမ်ဘက်ခြေဦးလှည့်လိုက်တော့သည်။

(၄)

သောင်းဝင်းအိမ်မှတစ်ဆင့် လက်ဖက်ရည်ဆိုင်သို့ သွားဖြစ်ခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သောင်းဝင်းအားခံစားနေရသည်များကို ရင်ဖွင့်လိုက်တော့သည်။

"မင်းမမှားဘူးပိုင်စိုး။ ဒါပေမယ့် မင်းမမှန်ဘူး"

သောင်းဝင်းပြောလာသော စကားကို သူနားမလည်နိုင်ဖြစ်ခဲ့ရသည်။

"ဘယ်လို သောင်းဝင်း"

"ဟုတ်တယ် ပိုင်စိုး မင်းလုပ်ရပ်တွေကို မှန်တယ် ပြောလို့ရသလို မှားတယ်လည်း ယူဆလို့ရတယ်ကွ"

"ငါ့ကိုရှင်းအောင်ပြောပါကွာ"

"ကိုယ်ကအကောင်းဆုံးပေးဆပ်နေတဲ့သူပဲကွာ။ အမေကိုချစ်တာမှန်ပေမယ့် မင်းအမေကတော့ မင်းကိုအချစ်ဆုံးရယ်လို့ဘယ်ဟုတ်ပါ့မလဲ။ မင်းတို့မောင်နှမသုံးယောက်လုံးကို သူ့ဝမ်းနဲ့လွယ်မွေးခဲ့ရတော့ သူညီတူမျှတူ မေတ္တာထားတာနေမှာပါကွာ မင်းကြားဖူးမှာပေါ့။ တောင်ဆိုးပလုံးဆိုးသာ စွန့်ပစ်ချင်ပစ်မှာ သားဆိုးသမီးဆိုးကို ဘယ်မိဘကမှ မစွန့်ပစ်ရက်ပါဘူးကွာ။ ကိုယ့်သားသမီး ဒုက္ခရောက်နေတာ ဘယ်မိဘ ဘယ်အမေမှ ထိုင်ကြည့်မနေနိုင်တော့ မင်းအမေလည်း အခုလိုဖြစ်နေတာပါကွာ"

သောင်းဝင်း၏စကားတွေက လေးနက်လွန်းလှသည်။ သေချာတွေးကြည့်လိုက်တော့ သူလိုချင်နေတဲ့ အမှန်တရားတစ်ခုကို တွေ့လိုက်ရသည်။တစ်ဆက်တည်းမှာပင် အားလုံးကိုလည်းနားလည်ပေးနိုင်လာတော့သည်။

"ဒါဆို ငါဘာဆက်လုပ်သင့်လဲ သောင်းဝင်း"

"မင်းဘာဆက်လုပ်သင့်လဲဆိုတော့"

(၅)

အခုတော့ သူ၏စိတ်အစဉ်သည် ကြည်လင်ရှင်းသန့်ခြင်းတွေဖြင့် လွှမ်းခြုံလျက်ရှိနေသည်။ မျှော်လင့်ခြင်းကင်းတဲ့ ပေးဆပ်ခြင်းတွေနှင့်ရှေ့ဆက်သွားဖို့ သူကြိုးစားသွားတော့မည်။ သူ၏ ပေးဆပ်ခြင်းတွေသည် အမေစိတ်ချမ်းသာစေဖို့တစ်ခုတည်းကိုသာ ရှေးရှုရတော့မည်။ မေတ္တာတရားနှင့် ဥပေက္ခာတရားကြားမှာ အကောင်းဆုံးနေထိုင်သွားမှသာ အေးချမ်းမှုတွေရရှိနိုင်မည်ဖြစ်သည်။ သောင်းဝင်း ပြောခဲ့သလိုပဲ သူတို့မောင်နှမသုံးယောက်တွင် အမေနှင့် အရင်ဆုံးမြင်တွေ့ခွင့်ရသည့်သူ့မှာ ပို၍တာဝန်ရှိသည်ဆိုတာကို နားလည်ခဲ့သည်။ တစ်နည်းအားဖြင့်ပြောရမည်ဆိုလျှင် အကြီးဆုံးသားဖြစ်သည့်သူ့မှာ ပို၍တာဝန်ရှိသည်ဆိုတာကို ပြောပြသွားခြင်းဖြစ်သည်။ ထို့ကြောင့် အကြီးဆုံးသားပီသစွာနဲ့ အမေ့အနားမှာစိတ်ချမ်းသာမှုတွေပေးရင်း ထာဝရနေထိုင်သွားရန် ဆုံးဖြတ်လိုက်ပါတော့သည်။ ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

## စည်းလုံးခြင်းဖြင့် ချစ်ကြမယ်

တို့တွဲလက်များ မြဲနိုင်စေ
စည်းလုံးကြမယ်လေ။
သံယောဇဉ်ဝေ မေတ္တာထား
ညီနောင်သွေးချင်းများ။
တိုင်းရင်းသားတို့ သွေးစည်းကာ
ထင်စည်းပုံပမာ။
ကရုဏာတွေ ပေးဝေရင်း
ဖေးကူကာရိုင်းပင်း။
စည်းလုံးခြင်းရဲ့ အဓိပ္ပာယ်
တိုင်းပြည်အေးချမ်းမယ်။
မြို့ပြရွာငယ် ဖွံ့ဖြိုးရေး
ဝိုင်းဝန်းထူထောင်ပေး။
ငြိမ်းချမ်းရေးတေး ပျံ့လွင့်စေ
ပြုံးပန်းလှိုင်လှိုင်ဝေ။
တိုင်းရင်းသားတွေ ထာဝရ
စည်းလုံးချစ်ခင်ကြ ။

အောင်(အုတ်ဖို)

## သတိထားဖွယ် ဖုန်းအန္တရာယ်

မိုဘိုင်းဖုန်း မိုဘိုင်းဖုန်း
လူတိုင်းကိုယ်စီသုံး၊
အမြန်နှုန်းနဲ့ ဆက်သွယ်ရာ
ပြောဆိုလွယ်ကူတာ။
သတင်းစုံစွာ အင်တာနက်
လေ့လာစာပေဇတ်၊
ကောင်းကျိုးမလပ် သုတကြွယ်
အသိပွားစေတယ်။
ဆိုးကျိုးဖြစ်မယ် သတိထား
ဖုန်းတွေအကြည့်များ၊
မျက်စိဝေဝါး မျက်ဆံကြောင်
ဖုန်းရဲ့အလင်းရောင်။
ဦးနှောက်မြေးရောင် အာရုံနှောက်
ဖုန်းကြောင့်အသက်ပျောက်၊
စိုးကြောက်ရာကွဲ့ အဆွေခင်
မိတ်ဆွေဖြစ်လိုလျှင်။
ဆင်ဆင်ခြင်ခြင် လူတိုင်းသုံး
လက်ကိုင်မိုဘိုင်းဖုန်း။

မင်းစိုး(အရာတော်)

ဆောင်းပါး

# နေရာတစ်ခု ကိုယ်တိုင် ဖန်တီးယူနိုင်ကြပါစေ

■ ခင်ခင်မူ(ရေကျော်)

"နေရာ"ဆိုတဲ့ စကားလုံးကို လူတိုင်းကြားဖူးကြမှာပါ။ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ပြောနေကျစကားမို့ ကြားရသူအဖို့လည်း ဆန်းပြားတဲ့ စကားလုံးမဟုတ်။ ဒါပေမယ့် ကျွန်မအတွက်ကတော့ ဒီစကားလုံးက စဉ်းစားတွေးတောစရာတွေ ဖြစ်လာခဲ့ပါတယ်။

မျက်စိနဲ့ တိုက်ရိုက်မြင်ရတဲ့ နေရာထိုင်ခင်းလို "နေရာ"နဲ့ မျက်စိနဲ့ကြည့်ရင်မမြင်ရတဲ့ ဘုန်းတန်ခိုး ရာထူးဂုဏ်ဆိုတဲ့ "နေရာ"ပါ။ ကျောင်းသားဘဝတုန်းကတော့ အတန်းထဲမှာ ထိုင်စရာခုံနေရာနဲ့ပတ်သက်ပြီး အချင်းချင်း ရန်ဖြစ်စကားတွေများတာ တွေ့ဖူးပါတယ်။ "ငါက ကျောင်းအရင်အပ်ထားတာ ခုံအမှတ်(၁)မို့ ရှေ့ဆုံးနေရာက ထိုင်ရမှာ"။ "ဘာမှမဆိုင်ဘူး၊ ဒီအခန်းထဲကို ငါအစောကြီးလာပြီး နေရာဦးထားတာမို့ ငါ့နေရာ ဖယ်မပေးနိုင်ဘူး"။ အဲဒီလို ကျောင်းစဖွင့်တဲ့နေ့တိုင်းလိုလို သူငယ်ချင်းတွေ စကားများခဲ့ကြတာပေ့ါ။ ကျွန်မကတော့ ရှေ့ဆုံးခုံမှာ ထိုင်ရမှရမယ်လို့ မရှိပါဘူး။ ဘယ်သူမှ မထိုင်တဲ့နေရာလွတ်မှာ ဝင်ထိုင်လိုက်တာပါပဲ။ ငြင်းခုံနေတဲ့သူတွေလည်း ဆရာမဝင်လာချိန်ရောက်ရင် ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ နောက်ဆုံး ဆရာမနေရာချပေးသလိုပဲ ထိုင်လိုက်ရတာပါပဲ။ ဒီလိုနဲ့ ပထမလပတ်စာမေးပွဲ ဖြေအပြီးမှာတော့ ထိုင်ခုံနေရာတွေဟာ အရည်အချင်းအလိုက် ပြောင်းလဲသွားခဲ့ပါတော့တယ်။ ၁၊ ၂၊ ၃ ရှေ့ကနေနောက်ဘက် အဆင့်အလိုက် ပြန်စီပေးပါတယ်။ ဒါကြောင့်မို့လည်း နေရာဆိုတာ ရန်ဖြစ်ပြီးလုယူနေစရာမှ မလိုတာ။ ကိုယ့်ရဲ့ကြိုးစားမှုအရ ကိုယ့်အရည်အချင်းနဲ့ ထိုက်တန်တဲ့နေရာတစ်ခု ကိုယ့်အတွက် အမြဲရှိနေတယ်ဆိုတာ လက်ခံထားခဲ့ပါတယ်။

လူတိုင်းရဲ့စိတ်ထဲမှာ မနှစ်မြို့တဲ့အရာတွေရှိသလို ကျွန်မစိတ်ထဲမှာလည်း မနှစ်မြို့တဲ့အရာတချို့ရှိပါတယ်။ လူအများကြီးထဲမှာ အလုအယက်လုယူမှ ရနိုင်မယ့်အရာမျိုးဆိုရင် ကျွန်မက လုံးဝမနှစ်မြို့ပါဘူး။ အလှူပွဲတွေမှာ အလှူရှင်က ပိုက်ဆံကြဲရင် လုကောက်တာမျိုး။ ဇာတ်ပွဲသွားကြည့်ရင် ရုံဝင်လက်မှတ်ကို အတင်းတိုးဝင်ပြီး လုဝယ်ရတာမျိုးပေ့ါ။ တစ်ခါက ကျွန်မတို့ကျေးရွာဆေးပေးခန်းမှာ မိုးတွင်းရာသီ ခြင်ထောင်တွေဝေပေးခဲ့ပါတယ်။ တစ်အိမ်တစ်ယောက်နှုန်းနဲ့ စာရင်းလာသွင်းပြီး ထုတ်ယူရပါတယ်။ ရွာသားတွေဟာ ရှေ့ဆုံးမှထုတ်ရရေးအတွက် အတင်းတိုးဝှေ့ကာ စာရင်းပေးသွင်းကြတော့တယ်။ ကျွန်မကတော့ အဲဒီလိုအနေအထားကို မနှစ်မြို့တဲ့အတွက် လူပါးသွားချိန်မှ စာရင်းပေးလိုက်ပါတယ်။ အားလုံးထက်နောက်ကျမှ ထုတ်ယူရပေမယ့် ရတာချင်းတူပါတယ်၊ လုပြီးစာရင်းပေးသူတွေက ပြောပါတယ်။" အရင်ဆုံးထုတ်ရတော့ ကိုယ့်အိမ်အမြန်ပြန်ပြီး တစ်ရေးအိပ်လို့ရတာပေ့ါတဲ့"။ လူတွေဟာ ကိုယ်သက်သာဖို့ရေးအတွက်" နေရာ" ဆိုတာကို အတင်းလုယူမိမှန်းမသိ လုယူနေကြပါတော့တယ်။

တကယ်တော့ နေရာဆိုတာ ကိုယ့်နဲ့ထိုက်တန်လို့ ကိုယ်အရည်အချင်းနဲ့ရတာက အသန့်ရှင်းဆုံးနေရာပါပဲ။ (မျက်စိနဲ့တိုက်ရိုက်မြင်ရတဲ့)အဲဒီလို အသန့်ရှင်းဆုံးနေရာတွေကိုလည်း ငါပဲရသင့်တယ်။ ငါပဲယူသင့်တယ်လို့ မှတ်ထားလို့ မဖြစ်ပြန်ဘူး။ ကိုယ့်ထက်နိမ့်ကျသူ၊ ကိုယ့်ထက်အားငယ်သူတွေနဲ့ကြုံရင် ညှာတာစိတ်နဲ့ ဖယ်ပေးရတာမျိုးရှိသလို ကိုယ့်ထက်အသက်ကြီးသူမျိုးဆိုရင်လည်း ဂါရဝစိတ်နဲ့ ဖယ်ပေးသင့်တာမျိုး ရှိပါတယ်။ ဥပမာ လိုင်းကားစီးချိန် မသန်စွမ်း၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်၊ သက်ကြီးဘိုးဘွားများ၊ သံဃာများနဲ့ ဆုံတွေ့ရချိန်မျိုးတွေမှာပေ့ါ။ ဒီလိုနေရာမျိုးကျတော့ ဖယ်ပေးလို့ရတဲ့နေရာမျိုးမို့ ဖယ်ပေးချင်စိတ်လေးရှိတာနဲ့တင် အဆင်ပြေနေပါပြီ။

နေရာဆိုတာ တစ်ယောက်ယောက်က ဖယ်ပေးတာမျိုးမဟုတ်ဘဲ သူ့ရဲ့ဘုန်းတန်ခိုးကြောင့် ရှေ့မှာအလိုလိုနေရာရပြီးသားဖြစ်နေတာမျိုးလည်း ရှိပါတယ်။ ကျွန်မတို့ အဖေအမြဲပြောဖူးခဲ့တယ်။ နတ်ပြည်မှာ နတ်သားနတ်သမီးဖြစ်တာချင်းအတူတူ ဘုန်းတန်ခိုးပိုကြီးတဲ့နတ်သားနတ်သမီးတွေဟာ ကိုယ်ရောင်ကိုယ်ဝါ ပိုတောက်ပပြီး ပြာသာဒ်၊ နန်းဆောင်အကြီးကြီးတွေနဲ့နေရသတဲ့။ နတ်သဘင်အစည်းအဝေးတက်ရင်လည်း ဘုန်းတန်ခိုးငယ်တဲ့နတ်သားလေးတွေဟာ အရင်ကြိုရောက်ပြီး ရှေ့ဆုံးမှာနေရာယူနေပါစေ။ သူတို့ထက် ဘုန်းတန်ခိုးပိုကြီးတဲ့နတ်သားတွေရောက်လာခဲ့ရင် နောက်ကို အလိုလိုရောက်သွားရသတဲ့။ ဒါကတော့ မမြင်ရတဲ့ ဘုန်းတန်ခိုးအာနိသင်ကြောင့်ရတဲ့ အသန့်ရှင်းဆုံးထိုက်တန်တဲ့နေရာတွေပါပဲ။ ဘယ်သူကမှ ဘယ်သူ့အတွက် ဖယ်ပေးနေစရာမလိုတဲ့ နေရာမျိုးပေ့ါ။ ငါဖယ်ပေးမယ် နင်လာထိုင်လို့ လုပ်ယူလို့ရတာမျိုးမဟုတ်။ မြင့်မြတ်ထိုက်တန်မှ ရမယ့်နေရာမျိုးပါ။

နေရာနဲ့ပတ်သက်ပြီး ကျွန်မရဲ့ကိုယ်တွေ့လေးတစ်ခုကို ပြောပြချင်ပါသေးတယ်။ ကျွန်မ အွန်လိုင်းစာပေလောကထဲဝင်လာတော့ ကာရန်ကဗျာပြိုင်ပွဲတွေ တွေ့သမျှလိုက်ပြိုင်ခဲ့ပါတယ်။ စည်းကမ်းချက်တွေသတ်မှတ်ထားတဲ့ ပြိုင်ပွဲတွေဖြစ်တာမို့ သူတို့စည်းကမ်းနဲ့ အကိုက်ညီဆုံးရေးနိုင်သူတွေသာ ဆုရရှိပါတယ်။ အစပိုင်းမှာ ဆုတွေလွဲခဲ့ပါသေးတယ်။ နောက်ပိုင်းမှာ ကြိုးစားလေ့လာပြီး ရေးပြိုင်ခဲ့တော့ ဆုတွေရလာခဲ့ပါတယ်။ ငါးပွဲလောက်ပြိုင်ရင် သုံးပွဲလောက်ဆုရခဲ့ပါတယ်။ တစ်နေ့တော့ ကျွန်မရဲ့ မက်ဆင်ဂျာကနေ ကဗျာရေးဖော် မောင်လေးတစ်ယောက်က လာပြောပါတယ်။ "ပွဲတိုင်း ခင်ဗျားတို့ပဲ ဆုယူနေတယ်။ ကျွန်တော်တို့လို ကလောင်သစ်တွေအတွက် နေရာဖယ်ပေးချင်စိတ်မရှိဘူးလား"တဲ့။ သူ့စကားက ကျွန်မတို့ဆုရဖူးသူတွေ ထပ်ကာထပ်ကာ ဝင်ပြိုင်နေလို့ သူတို့လို ကလောင်သစ်လေးတွေ ဆုမချိတ်နိုင်တာ။ ကျွန်မတို့သာ ဝင်မပြိုင်ရင် သူတို့ဆုရနိုင်တယ် ဆိုတဲ့အဓိပ္ပာယ်ပါပဲ။ ကျွန်မ ဘာဆုမှမရခင် အချိန်တုန်းက ကျွန်မအထက်က ဆုရနေသူတွေကို သူတို့ရှိနေလို့ ကိုယ်ဆုမရတာလို့ မတွေးခဲ့ရိုးအမှန်ပါ။ ကိုယ့်ကဗျာညံ့နေသေးလို့ ဆုမရတာ။ သူတို့လိုဆုရချင်ရင် သူတို့လို ကဗျာကောင်းရေးနိုင်အောင်ကြိုးစားမယ်ဆိုပြီး ရေးခဲ့ရင်း ဆုတွေယူခဲ့တာပါ။ အဲဒီမောင်လေး လာပြောတဲ့နေ့ကစပြီး ကျွန်မ ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေမေးနေမိတယ်။ တကယ်ပဲ ကျွန်မက သူများတက်လမ်းကို ပိတ်နေတဲ့သူလား။ ကလောင်သစ်လေးတွေရဲ့ဘဝကို ရိုက်ချိုးမိနေပြီလား။ စိတ်မကောင်းဖြစ်မိတာမို့ အဲဒီနေ့ကစပြီး ကျွန်မဟာ ကဗျာပြိုင်ပွဲတွေကို လုံးဝမပြိုင်ခဲ့တော့ပါဘူး။

ကဗျာမရေးရရင် မနေနိုင်တဲ့ကျွန်မက ပြိုင်ပွဲမဝင်ဖြစ်တော့ သတင်းစာ၊ ဂျာနယ်တွေဘက်ကို ဦးတည်ခဲ့ပါတယ်။ ရေးသမျှကဗျာတွေကို မေးလ်နဲ့ပို့လို့ရတဲ့ စာပေတိုက်မှန်သမျှ အကုန်ပို့ခဲ့တယ်။ တစ်နှစ်ခွဲအတွင်းမှာ စာပေတိုက်ဆယ်တိုက်လောက်ကို ကဗျာပုဒ်ရေ သုံးရာလောက်ပို့ဖြစ်ခဲ့တယ်။ အစပိုင်းမှာ စာမျက်နှာပေါ် ကဗျာတစ်ပုဒ် နေရာယူနိုင်ဖို့ အချိန်တွေအများကြီး စတေးခဲ့ရပါတယ်။ ဖွဲမလျှော့ဘဲ ဆက်တိုက်ရေးခဲ့၊ ပို့ခဲ့တာကြောင့် အပုဒ်သုံးရာထဲက ငါးဆယ်ကျော်ဟာ စာမျက်နှာပေါ်မှာ နေရာရခဲ့ပါပြီ။ ကဗျာပို့ထားပြီးတိုင်းလည်း မျှော်ခဲ့ပါတယ်။ မပါတာကြာရင် ဝမ်းနည်းတတ်တာ ကျွန်မအကျင့်ပါပဲ။ တစ်နေ့မှာတော့ ကဗျာရေးဖော် မောင်လေးတစ်ယောက်နဲ့ ကျွန်မကဗျာတွေ ပို့ထားတာ မပါတဲ့အကြောင်း စကားစပ်မိရင်း ပြောမိပါရော။ အဲဒီမောင်လေး ပြန်ပြောတဲ့စကားက ကျွန်မစိတ်ရဲ့ဒဏ်ရာဟောင်းကို လာဆွပါတော့တယ်။ "အစ်မက လောဘကြီးနေတာပါ။ ကလောင်သစ်လေးတွေကိုလည်း နေရာပေးဦးမှပေ့ါ"တဲ့။ တစ်ချိန်က ဒီစကားလုံးတွေကြောင့် ကဗျာပြိုင်ပွဲတွေကို ကျွန်မကျောခိုင်းခဲ့ပြီးပြီ။ အခုတစ်ကြိမ်မှာရော ကျွန်မ စာမျက်နှာထက်ကနေ ကျောခိုင်းလှည့်ထွက်သွားသင့်သလား။ ကျွန်မ ကလောင်လေး ဒီစာမျက်နှာပေါ်ကနေ နေရာဖယ်ပေးမှ ကလောင်သစ်လေးတွေက နေရာရမှာလား။ သေချာတာတစ်ခုကတော့ ကျွန်မကလောင်လေး စာမျက်နှာပေါ်စရောက်ခဲ့တဲ့အချိန်မှာ ကျွန်မရှေ့က ကလောင်တွေလည်း စာမျက်နှာပေါ်မှာရှိနေဆဲပါပဲ။ သူတို့ဖယ်ပေးလို့ ကျွန်မကလောင်လေးနေရာရခြင်း မဟုတ်သလို ကျွန်မရောက်လာလို့လည်း သူတို့ကလောင်တွေ နေရာပျောက်မသွားခဲ့ပါဘူး။ သူတို့လည်း သူတို့ကလောင်နေရာတွေမှာ ရပ်တည်နေသလို ကျွန်မလည်း ကျွန်မကလောင်နေရာလေးနဲ့ ထိုးဖောက်ရပ်တည်ခဲ့ခြင်းရယ်ပါ။ ဒါကြောင့်မို့ နေရာလို့ဆိုတိုင်း သူများပိုင်တဲ့နေရာကိုပဲ ပြေးမြင်နေရမှာမဟုတ်ပါဘူး။ လုယူမှရတဲ့နေရာဟာ ကိုယ့်အကျင့်သိက္ခာကို နိမ့်ကျစေသလို သူများဖယ်ပေးမှ ရတဲ့နေရာကလည်း ကိုယ့်အရည်အချင်းကို နိမ့်ကျစေပါတယ်။ ဒါကြောင့် လူငယ်တွေအားလုံး ကိုယ့်နေရာကို ကိုယ့်အစွမ်းအစနဲ့ ကိုယ်တိုင်ဖန်တီးယူနိုင်သူတွေဖြစ်အောင် ကြိုးစားသွားနိုင်ကြပါစေလို့ ဆန္ဒပြုတိုက်တွန်းလိုက်ရပါတယ်။

## အနာဂတ်လူငယ် ကောင်းကျိုးသယ်

အရာရာတွင်ကျယ် တို့လူငယ်
ညီညွတ်ကြစေကွယ်
ပေါင်းစည်းယှက်နွယ် ခွန်အားရ
အောင်မြင်ရှေ့ဆက်ကြ... ။
အနာဂတ်ဘဝ ပန်းပျိုးသူ
လမ်းမှန်ပို့ဆောင်ယူ
မှားမှန်တွေကူ ဉာဏ်စွမ်းအား
ဖြည့်စွက်သင်ယူထား ... ။
လုပ်အားပြည့်ဝ လူငယ်တွေ
အားကိုးရသူပေ
မီးရေလေဘေး စဉ်မနေး
ဝိုင်းဝန်းကူညီပေး... ။
ကပ်ရောဂါဘေး အန္တရာယ်
စုပေါင်းလို့ ကာကွယ်
လူငယ်ထု၏ ပေါင်းစည်းအား
ကမ္ဘာ့ဘေးများ တိုက်ဖျက်သွား ... ။
လူငယ်များရဲ့ လက်ထဲမှာ
ကျွန်ုပ်တို့ အနာဂတ်ပါ
လောကသာယာ အေးချမ်းဖို့
လူငယ်ဘဝ မြင့်တင်စို့ ... ... ... ။

ကိုကိုဇင်(ပညာရေး)

## ဝသန်ပန်းများ

စံပယ်၊ မြတ်လေး ပန်းမာလာ
ပွင့်ကြမိုးဦးမှာ
ဇလပ်၊ ဇီဇဝါ ရောင်စုံပန်း
ပြိုင်ဆိုင်ပွင့်လို့လန်း။
ဖြူရောင်ယှက်သန်း ပုန်းညက်ရယ်
မိုးလယ်မှာပွင့်တယ်
လှသွေးကြွယ်ကြွယ် ဝင့်ဝင့်ကြွား။
ပန်းတရုတ်စကား။
ကန်ချောင်းအနား ပွင့်ဖူးစုံ
ကြာပေါင်းသင်းထုံထုံ
ခဝဲပန်းငုံ ရင်းမာပန်း
မိုးနှောင်းမှာပွင့်လန်း။
ဂုဏ်ရှိန်ဆန်းတဲ့ ပန်းလေးတွေ
ဝသန်မှာပွင့်နေ
တို့ကမ္ဘာမြေ သာယာရေး
အလှဆင်လို့ပေး။

ခွန်စိုးလှိုင်[သထုံ]

ဝတ္ထုတို

## ဖူးငုံနှင်း



**အခန်း(၁)**

"အမေ...သားကျောင်းမနေတော့ဘူး။ သားကို ဦးကျော်တို့အိမ်က နွားကျောင်းမလားတဲ့။ လခနဲ့ပေးမယ်တဲ့။ သားအလုပ်လုပ်မယ် အမေ"

"နင်... လုပ်နိုင်လို့လား။ ဒီတစ်နှစ်ကျောင်းတက်လိုက်ပါဦးလား မောင်လေးရယ်။ လေးတန်းထိတော့ တက်လိုက်ပါလား"

"ဟုတ်သားပဲ သားရယ်...။ သားအစ်မကြီးလည်း အလုပ်လုပ်နေပြီပဲ"

"မကြီးတို့တောင်...လုပ်နေရတာပဲ အမေရယ်။ သားလုပ်နိုင်ပါတယ်။ အဖေက ကျန်းမာရေးမှမကောင်းတာ။ အဖေ့ကို နားခိုင်းလိုက်ပေါ့။ အဖေပျိုးနုတ်တာလည်း ဘယ်လောက်ရလို့လဲ။ မိုးအေးတာနဲ့ အဖျားတက်နေတာ။ ဆေးဖိုးကပိုများနေတယ်။ ညဘက်ဆို မအိပ်ရဘူး။ သနားပါတယ် အမေရယ်..."

"ဘာတတ်နိုင်မှာလည်း သားရယ်။ သားအလုပ် လုပ်ချင်တယ်ဆိုလည်း ကျောင်းထွက်ပေါ့။ အငယ်ကောင်နဲ့ သမီးငယ်တော့ ကျောင်းဆက်တက်ရမယ်။ ကြားလားအငယ်တွေ"

"ဟုတ်အမေ"

မဖွယ်ရာသော ထမင်းဝိုင်းက ပို၍အကျည်းတန်သွားရ၏။ သားသမီးခြောက်ယောက်မွေးခဲ့မိတဲ့ ကျွန်မကိုယ်ကျွန်မပဲ အပြစ်တင်ရမည်လား တွေးနေမိသည်။ အိမ်သေးသေးလေးထဲ မိသားစုကများများနှင့် ယောကျ်ားဖြစ်သူက ငှက်ဖျားရောဂါသည် ကျန်းမာရေးက တရှောင်ရှောင်ဖြစ်နေသည်။ သမီးအကြီးက ဆယ့်လေးနှစ်ပဲရှိသေးသည်။ နှစ်နှစ်ခြားပြီး မွေးခဲ့သောကြောင့် အရွယ်တူလိုဖြစ်နေသည်။ ခြံပိုင်မရှိ ယောက္ခမခြံထဲတွင် တောင်းနေရသည်။ ယောက္ခမများက အဆင်ပြေသော်လည်း လှည့်မကြည့်ပေ။ သမီးနှစ်ယောက်ကို အရွယ်မရောက်သေးသော်လည်း ခိုင်းနေရသည်။ ကျွန်မရင်ထဲ စိတ်မကောင်းဖြစ်နေမိ၏။ ယခု သားကပါ အလုပ်လုပ်ရတော့မည်။ စားနေသည်က ငါးပိရည်နှင့် နယ်ပြီးသား ထမင်းလုပ်ကို မျိုချ၍မရတော့ပေ။ ကျွန်မစားနေသည့် ထမင်းများကို သမီးကြီးပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။ ပန်းကန်ဆေးရင်း မျက်ရည်များ စီးကျလာ၍ အံကြိတ်လိုက်လေသည်။

x x x

(၂)

"မိန်းမရာ...စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ။ ငါလည်းလုပ်နိုင်သရွေ့တော့ လုပ်နေမှာပါ။ အဆင်ပြေသွားမှာပေါ့ကွာ"

"ကိုမင်းဝေ...ကျွန်မစိတ်မကောင်းတာက ရှင့်အမေနဲ့ အစ်မကိုပါ။ ဒီလောက်သားသမီးတွေငတ်နေတာကို။ ဆန်တစ်ပြည်မပေးတဲ့အပြင် ခြံထဲကတောင် ဖယ်ခိုင်းနေသေးတယ်။ အံ့ဩစရာကောင်းလွန်းလို့ပါတော်"

"အေးပါဟာ... ပြောမနေနဲ့။ ငါက သားအရင်းပါ။ အတင်းထွက်ခိုင်းလို့ မရပါဘူး။ ဥပေက္ခာပြုထားလိုက်စမ်းပါဟာ"

ကျွန်မ အလွန်စိတ်တိုနေမိ၏။ စားစရာမရှိသောကြောင့် အကြွေးယူ၍ အကြွေးသမားလာသည်က မဆန်းပါ။ သို့သော် ဆန်းနေသည်က ကျွန်မ၏ ယောက္ခမများဖြစ်သည်။

"အမေ... အဘွားတို့က ဘာပြောလို့လဲ။ စိတ်တိုလာတာ။ ဆန်သွားချေးတာဆို မရဘူးလား"

"အမယ်လေး....သမီးရယ်။ ဆန်မချေးတဲ့အပြင် ပြောလိုက်တာ နှစ်ပြားမတန်ဘူး။ အမေတို့ အိမ်ကို အကြွေးသမား ခဏခဏလာတာကို ရှက်စရာကောင်းတယ်တဲ့လေ။ ညည်းတို့ ခြံထဲကထွက်တော့တဲ့။ အမေ့ကို ပြောလွှတ်လိုက်တယ်။ အမေကလည်း ဘယ်ရမလဲအေး။ ပြန်ပြောလိုက်တယ်။ ထွက်စေချင် အမွေပေးလို့။ တစ်ခါတည်း သမီးတို့ ကြီးကြီးဆွေ့ဆွေ့ကို ခုန်နေရော။ မိသိန်းကို ဒီလိုလာလုပ်လို့ ရရိုးလား"

ကျွန်မလည်း သမီးကြီးမေး၍ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။ ထမင်းထုပ်ဖို့ ဆန်မရှိ၍ ဆန်သွားချေးမိသည်က နှင်ထုတ်ခံလိုက်ရသည်။ "မြေနိမ့်ရာလှံစိုက်"ဆိုသောစကားသည် ကျွန်မတို့လို ဘဝသမားများအတွက် ရည်ရွယ်ထားခြင်းဖြစ်မည်ဟု ထင်၏။ ကောက်စိုက်ပေးယူစားထား၍ အကြွေးမကျေသေးလျှင် ပိုက်ဆံထပ်မပေးပေ။ တောက်တိုမည်ရ အကြွေးသမားများက အကြွေးမဆပ်နိုင်၍ ရန်တွေ့သွားကြသည်ကို ယောက္ခမနှင့်ယောင်းမများက မကြိုက်ပေ။ သို့သော်လည်း ကျွန်မမိသားစုအတွက် အငတ်မခံနိုင်သောကြောင့် ယခုလိုအဖြစ်မျိုး ထပ်ဖြစ်နေဦးမည်ထင်သည်။ ဆက်လျှောက်ရမည့်လမ်းကို ကျွန်မကြောက်မနေတော့ပေ။

x x x

(၃)

"မိသိန်းရေ...ငါးပိဖိုးလေး လာတောင်းတာ။ နင်ပြောတဲ့ရက်လည်း စောင့်ပေးပြီးပြီ။ ဘယ်လိုလဲ ရမှာလား"

"ပေးပါ့မယ်... ဒေါ်လေးရယ်။ ကျွန်မအခုအကြွေးဆပ်လိုက်မယ်။ ဒါပေမယ့် ကျွန်မကို ငါးပိလေး နှစ်ပိဿာလောက် ထပ်ရောင်းထားပါဦးနော်"

"အမယ်လေး...မိသိန်းရယ်။ တစ်ပိဿာဖိုးပေးပြီး။ နှစ်ပိဿာ ထပ်ဝယ်ရလားအေ။ ညည်းနဲ့လည်း အံ့ဩပါရဲ့"

"ဒေါ်လေးရယ်... ကျွန်မတို့မှာ အားထားစားဖို့ဟင်းက ငါးပိပဲရှိတာလေ။ ရောင်းပေးပါနော်။ ကျွန်မသား အကြီးကောင်လည်း နွားကျောင်းငှားလို့ အလုပ်လုပ်နေရပါပြီ။ နောက်လဆပ်မှာပါ ဒေါ်လေးရယ်"

"အေးပါအေ...ညည်းသမီးတွေ အိမ်လွှတ်လိုက်။ ချိန်ပေးလိုက်မယ်။ ညည်းတို့မိသားစုကို သနားလို့ပါအေ။ ညည်းမှာလည်း ကလေးတွေအများကြီး မွေးထားတာကိုအေ့။ တားပြုထားပေါ့။ အဆင်ပြေမှ ထပ်ယူလည်းရတာပဲကို"

"သြော်...ဒေါ်လေးရယ်။ အဆင်မပြေတိုင်းသာ သားသမီးမယူကြေးဆို မျိုးတုံးရချည်ရဲ့။ ဒုက္ခက ဒုက္ခ သားသမီးက သားသမီးပဲလေ။ ဘယ်တတ်နိုင်ပါ့မလည်း ဒေါ်လေးရယ်"

ဘေးသူစိမ်းများက သနားတတ်သေးသည်။ အနီးနားမှာနေသော မိဘများက လှည့်မကြည့်ပေ။ ကျွန်မ စိတ်နာနေမိ၏။ သို့သော် ပြောပြောဆိုဆိုနှင့် နေရသည်။ ရေတိုကင်က မရှိသောကြောင့် ယောက္ခမခြံထဲက ရေခပ်သုံးရသည်။ အခက်အခဲများကြားမှာ နေရသော်လည်း ကျွန်မသားသမီးများက သိတတ်၍ ကျွန်မ စိတ်ချမ်းသာရသည်။ သမီးက အကြီးဆုံးဖြစ်သည်။ မိန်းကလေး သုံးယောက် ယောကျ်ားလေး သုံးယောက် ဖြစ်သည်။ နေရသည့်အိမ်က လယ်တဲသာသာ အမိုးက မလုံပေ။ မိုးများသည့်ညများဆိုလျှင် မိသားစုအကုန်စုပြီး မိုးလုံသောနေရာတွင် စုထိုင်နေကြရသည်။ ကိုမင်းဝေက တစ်နေ့တခြား ကျန်းမာရေးဆိုးလာလေသည်။ ရွာက ဆေးဆရာနှင့် ဆေးခေါ်ထိုးရသည်။ သို့သော် ဆေးဖိုးကိုပါ အကြွေးထိုးရသည်။ ကျွန်မတို့ မိသားစု ဘယ်လောက်အထိ ကြံ့ကြံ့ခိုင်နိုင်ဦးမည်လဲ ကျွန်မစဉ်းစားပြီး မောဟိုက်လာလေသည်။

x x x

(၄)

"ဟဲ့...သား မင်းသူ။ နင့်ခြေထောက်က ဘာဖြစ်နေတာလဲ။ ထော့ကျိုး ထော့ကျိုးနဲ့။ အမေ့ကိုပြောစမ်းပါ။ အမေ ရင်ထိတ်လိုက်တာဟယ်"

"သားကို နွားကန်တာပါ အမေ။ ဘာမှမဖြစ်လောက်ပါဘူး။ သားရပါတယ် အမေရဲ။ သားက နွားပေါင်မှာ မှတ်ကိုက်နေလို့ သွားရိုက်ပေးတာ။ နွားက လန့်ပြီးကန်လိုက်တာ။ ထွန်းရွှေဝါလေး လူးထားပါတယ်"

"သတိထားမှပေါ့ သားရယ်။ နွားကျောင်းရင်းချုံတောတွေထဲ ဝင်ဆော့မနေနဲ့နော်။ မြွေတွေက ပေါပါဘိနဲ့"

"ဟုတ်ကဲ့ပါ...အမေရဲ့"

သားအတွက် စိတ်မချနိုင်သော်လည်း ဆေးဖိုးအတွက်က လိုနေသည့်မို့ လုပ်ခိုင်းနေရသည်။ ကျွန်မစိတ်မကောင်း ဖြစ်မိ၏။

"ဟို...အငယ်မနဲ့ အငယ်ကောင် ဘယ်က ပြန်လာတာလဲ။ လက်ထဲကဘာတွေလဲ။ အခု ယူခဲ့စမ်း"

ကျွန်မ သားကြီးကို ပြောနေတုန်းမှာပဲ အငယ်လေးနှစ်ယောက်သည် လက်ထဲက ပါလာသောအိတ်ကို ဖွက်ထားလိုက်လေသည်။

"မေးနေတယ်လေ... မှန်မှန်ဖြေစမ်း။ ဘာတွေယူလာတာလဲ"

သမီးနှင့် သားက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာမှမဖြေဘဲ ရပ်နေသည်။

"ကဲ...သူဇာမိုးဖြေစမ်း..."

"အမေ...အဲဒီဟာကလေ...။ ဟိုဘက်အိမ်က ဘွားနုတို့ ကောက်ရိုးပုံမှာ မှိုတွေပွင့်နေတာမြင်လို့ သမီးတို့နုတ်လာတာပါ"

ထစ်ထစ်ငေါ့ငေါ့နှင့် သမီးငယ်က ဖြေနေသည်။ စားချင်တာတစ်ခုတည်းနှင့် ယူလာခဲ့သည်ဆိုတာ ကျွန်မသိသော်လည်း လက်ခံ၍ မဖြစ်ပေ။

"သူများမသိခင်နုတ်လာတာက ခိုးတာပဲ။ အမေဘာပြောထားလဲ။ မရှိရင် တောင်းစားမယ်။ မခိုးရဘူးလို့ မှာထားတယ်မဟုတ်လား။ အခုသွားပြန်ပေးလိုက်။ သူများမပေးဘဲ မကြည်ဖြူတဲ့ အစားအစာကို ဘယ်တော့မှ မစားရဘူး။ ပြန်ပေးလိုက်လို့ အမေပြောနေတယ်နော်။ စားစရာမရှိလို့ ဆန်ပြုတ်သောက်နေရလည်း ခိုးမစားရဘူး။ ထမင်းကို အငတ်ခံပါ။ စာရိတ္တကို အညစ်အနွမ်းမခံပါနဲ့ သမီးတို့ သားတို့ရယ်"

ကျွန်မတို့ မိသားစုဘဝသည် နုံချာလွန်းလှသည်။ သို့သော် ကျွန်မသားသမီးများကိုတော့ အကျင့်စာရိတ္တ မနုံချာစေချင်ပါ။

ကျွန်မ၏ သားသမီးများသည် ဖခင်ဆီက အသားအရေကို အမွေရပြီး မိခင်ဆီက ရုပ်ရည် အမွေရထားလေသည်။ ရုပ်ရည်လေးများသန့်သလို စာရိတ္တကိုလည်း သန့်စေချင်မိ၏။ အမည်များကိုလည်း လှပအောင်ပေးထားခဲ့လေသည်။ နွယ်နွယ်မိုး၊ သွယ်သွယ်မိုး၊ သူဇာမိုးဟု သမီးများကိုပေးထားသည်။ သားများကိုတော့ မင်းမင်းသူ၊ လင်းလင်းသူ၊ စိုးမိုးသူဟု ပေးထားသည်။

"သွားစရာမလိုတော့ဘူး... မိသိန်းရေ။ ငါ့ကောက်ရိုးပုံက မှိုတွေနုတ်လာလို့ နောက်က လိုက်လာတာ။ အစကတော့ ညည်းနုတ်ခိုင်းတယ်ထင်နေတာ။ ညည်းနုတ်ခိုင်းတာ မဟုတ်ဘဲ ညည်းကဆုံးမနေလို့ ကျေနပ်ပါပြီအေ။ အဲဒီမှိုတွေ ညည်းတို့ယူလိုက်တော့။ ငါကြည်ကြည်ဖြူဖြူ ပေးပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်နုရယ်။ နောက်တစ်ခါမလုပ်အောင် ကျွန်မဆုံးမထားပါ့မယ်"

"အေးပါအေ... အခုတော့ ချက်စားကြသားအမိတွေ။ ငါသွားပြီနော်"

မရှိခိုးနိုးဆိုသောစကားက ကျွန်မတို့ကို ရည်ရွယ်ခဲ့သည်လားဟု အတွေးဝင်မိလိုက်၏။ ကျွန်မသားငယ်နှင့် သမီးငယ်ကို ဆူလိုက်လေသည်။ ထို့နောက် နားဝင်အောင် ပြောပြရသည်။ ဒေါ်နုက မှိုကိုပေးခဲ့သော်လည်း ကျွန်မမှာ ချက်ကျွေးရန် ဆီမရှိပေ။ ဟင်းချိုအဖြစ်နဲ့ပဲ ကျေနပ်နှစ်သိမ့်ပေးရတော့မည်။ ကျွန်မကိုယ်တိုင် ဖန်တီးထားသောဘဝမို့ ရင်ဆိုင်ရန် မကြောက်တော့ပေ။ ခါးသီးသောဘဝကို ဆက်ပြီးရုန်းကန်ရန် ကျွန်မအားမွေးရဦးမည်။

x x x

(၅)

ဝါ၊ စိမ်း၊ နီ၊ ပြာအရောင်မျိုးစုံ ယှက်သန်းနေသော အထည်များကိုကြည့်ပြီး ကျွန်မ၏ ကြုံဆုံခဲ့ရသည့် ဘဝကိုပြန်တွေးရင်း စိတ်မကောင်း ဖြစ်နေမိသည်။ ယခုဆို ကျွန်မ သားသမီးများ၏ လုပ်အားကြောင့် ကျွန်မ အရင်လို မပူပင်ရတော့ပေ။ သွားလေသူ ကျွန်မယောကျ်ားကိုလည်း သတိရနေမိ၏။ သောကများကြားက ဆေးကုစရာမရှိ၍ အသက်ကို ဆုံးရှုံးခံခဲ့ရသည်။ ဆုံးသွားခဲ့သည်မှာ ဆယ့်ငါးနှစ်ကျော်ခဲ့လေသည်။ ယခုဆိုလျှင် သားအကြီးနှစ်ယောက်က မြဝတီမှာ အလုပ်သွားလုပ်နေသည်။

"အမေ...မျက်နှာလည်းမကောင်းပါလား။ ဘာတွေစိတ်ညစ်နေပြန်ပြီလဲ။ မောင်လေးက အဖေ့အတွက် အလှူလုပ်ဖို့ ပိုက်ဆံဆယ်သိန်း ပို့ပေးလိုက်တယ်။ အမေ့အတွက် ထဘီနဲ့ အင်္ကျီစတွေပါ ထည့်ပေးလိုက်သေးတယ်။ အလှူလုပ်တဲ့နေ့မှ ညီအစ်ကိုနှစ်ယောက်လုံး ပြန်လာမယ်တဲ့။ အမေစိတ်မပူနဲ့တော့နော်"

"အေးပါ...သမီးကြီးရယ်။ အမေ အထည်သည်လာလို့ သမီးတို့မောင်နှမတွေအတွက် တစ်ထည်စီ ဝယ်ပေးထားတယ်။ သမီးတို့ ကြိုက်ရဲ့လား ကြည့်ကြဦးလေ"

"အမေရယ်...သမီးအသက်ပဲ သုံးဆယ်ပြည့်တော့မယ်။ အမေဝယ်ပေးတာ ဘယ်တုန်းက ညည်းဖူးလို့လဲ။ သမီးတို့မောင်နှမတွေက အမေစိတ်ချမ်းသာရင် ပြီးရော။ အမေကျန်းမာဖို့က သမီးတို့အတွက် အရေးအကြီးဆုံးပါ အမေရယ်..."

"အေးပါသမီးရယ်...ဒါဆို သမီးအဖေအတွက် အိမ်မှာ ဆွမ်းကပ်ကြတာပေါ့။ ထမင်းပဲကျွေးကြမယ်။ ဒီတစ်ခါ သင်္ကန်းလေးပါ ထည့်လှူမယ် သမီးရေ..."

"အမေ့သဘောအတိုင်း လုပ်ပေးမှာပေါ့ အမေရယ်။ သမီးတို့ ညီအစ်မ လုပ်အားခလည်း မနက်ရှင်းရတော့မှာ။ ပိုက်ဆံအတွက် အမေစိတ်ပူမနေနဲ့။ အမေဖြစ်ချင်တာ ဖြစ်စေရမယ်နော် အမေ"

"အေးပါကွယ်"

ကျွန်မ၏ ခေါင်းမာမှုကြောင့်ထင်သည်။ ခြံထဲကမထွက်ခိုင်းဘဲ အမွေသဘောမျိုး ခြံကိုရလိုက်သည်။ ကျွန်မယောကျ်ားဆုံးပြီး မကြာလိုက်ပေ။ ယောက္ခမများ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားလေသည်။ ယခုဆိုလျှင် ကျွန်မ သားသမီးများ ကြိုးစားမှုကြောင့် အိမ်ကို တောင့်တောင့်တင်းတင်း ဆောက်နိုင်ခဲ့သည်။ ကျွန်မ တစ်သက် ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ဖူးသော နားကပ်၊ ဆွဲကြိုးနှင့် လက်စွပ်ကိုပါ ဝတ်လာရသည်။ ကျွန်မ သားသမီးများ ယခုထိ အိမ်ထောင်မပြုကြပေ။ ကျွန်မခွင့်ပြုသည်ကိုပင် လက်မခံကြပါ။ သားလူပျိုများဖြစ်နေသည့်တိုင် ကျွန်မဝယ်ပေးသော အဝတ်အထည်ကိုသာ မက်မက်မောမော ဝတ်ဆင်ခဲ့ကြသည်။ လုပ်အားခမှန်သမျှ တစ်ရာနှစ်ရာတောင် မသုံးကြပေ။ ကျွန်မမုန့်ဖိုးပြန်ပေးမှ ယူသည်အထိ လိမ်မာကြသည်။ ကျွန်မ ယောကျ်ားကို မြင်စေချင်၊ ရှိစေချင်မိသည်။ သို့သော် ကံတရား၏စေစားရာကို မည်သူမျှ မလွန်ဆန်နိုင်ကြပေ။ ကောင်းရာဘဝကို ရောက်စေရန်အတွက်သာ ရည်စူးပြီး အလှူများသာ လုပ်ပေးနိုင်တော့သည်။

x x x

(၆)

"အေးမိရေ...အချိုပွဲအတွက် အသီးတွေ ရောပါရဲ့လား။ ကိတ်မုန့်တွေ သေချာသိမ်းနော်။ စာအိတ်တွေ ငါ့ဆီယူခဲ့ပေးဦး။ အလှူငွေ အဆင်သင့်ထည့်ထားမလို့"

ကျွန်မစိတ်များ လွတ်လပ်ပေါ့ပါးနေမိ၏။ ယခင်နှစ်များကထက်ပို၍ စိတ်တိုင်းကျနေသည်။ ကျွန်မယောကျ်ား နှစ်ပတ်လည်အလှူအတွက် ယခုနှစ်ပို၍လှူနိုင်ခဲ့သည်။ တရားနာလာသူများအတွက် တရားစာအုပ်များကိုပါ လက်ဆောင်ပေးမည်ဟု စိတ်ကူး၍ ဝယ်ထားခဲ့သည်။

"မိသိန်းတို့များ...အိုဇာတာကောင်းချက်အေ။ သားသမီးတွေအများကြီးနဲ့ ဒုက္ခတွေကြားက အခုဆို လိုတရနေရပြီ။ သားသမီးတွေကလည်း အိမ်ထောင်မပြုကြဘဲ အမေကို စိတ်ချမ်းသာအောင် ထားကြတယ်။ အားကျတယ် မိသိန်းရေ... ငါ့သားသမီးတွေနဲ့များ ကွာပါ့"

"သားသမီးတွေဆိုတာ ရတနာပါပဲ အစ်မရယ်။ ကောင်းတယ်မကောင်းဘူးက ကံတရားပေါ့။ မိဘဆိုတာကတော့ သားသမီးမကောင်းလို့ဆိုပြီး ပစ်ပယ်နိုင်တာမှ မဟုတ်တာ။ မေတ္တာတရားက ပစ်ပယ်ရိုးမရှိပါဘူး အစ်မရယ်။ ကံတရားဆိုတာ နှိုင်းယှဉ်စရာ မဟုတ်ပါဘူး..."

"အဲဒါတော့ အမှန်ပဲ မိသိန်းရေ...။ မနက်မှ တရားနာလာခဲ့တော့မယ်။ လုပ်စရာတွေလည်း ပြီးသလောက်ရှိပြီ။ ပြန်ဦးမယ်နော် မိသိန်း"

"ဟုတ်ကဲ့ပါ အစ်မရေ...ကျေးဇူးတင်ပါတယ်နော်"

ကျွန်မ၏အလှူအတွက် လာဝိုင်းကူသူများ အချို့ပြန်သွားကြသည်။ "ကိုမင်းဝေရေ... ရှင်ကြားနိုင်မယ်ဆိုရင် ကျွန်မပြောပါရစေ...။ ကျွန်မတို့ရဲ့ သားသမီးတွေကြောင့် ဒုက္ခဆင်းရဲခြင်းက လွတ်ခဲ့ပါပြီ။ ရှင်...နောက်ဆံမတင်းဘဲ ကောင်းရာဘုံဘဝကို သွားပါနော်...။ အေးငြိမ်းတဲ့ဘဝကိုသွားဖို့ ရှင့်အတွက် အလှူပေးပါတယ်။ မနက်ဖြန် တရားနာပြီး ပြုသမျှကို သာခုခေါ်ပါ ကိုမင်းဝေရေ..."

ကျွန်မသည် မျက်ရည်များစီးကျလာ၏။ ယခုကျသော မျက်ရည်များနှင့်အတူ ထွန်းလင်းလာမည့် ရောင်ခြည်ကိုမျှော်ရင်း.....။

ဆောင်းပါး

# ရိုးရှင်းစွာတွေးပါ အရိုးသားဆုံးရှင်သန်ပါ

■ မေမိုး

တစ်ခါတစ်ရံတော့ ဘဝမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေဟာ အင်မတန်မှ ရိုးရှင်းပါတယ်။ အဲဒီလို ရိုးရှင်းတဲ့ အဖြစ်အပျက်တွေကိုပဲ ကျွန်မတို့တွေက ရှုပ်ထွေးတဲ့ အတွေးတွေ တွေးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ပင်ပန်းအောင် လုပ်တတ်ကြပါတယ်။

စာရေးသူရဲ့ အဒေါ်တစ်ယောက်က အသက် ငါးဆယ်ကျော်အရွယ်ရောက်နေတာတောင် ရုပ်က အင်မတန်နုပျိုနေပြီး သူ့ကြည့်လိုက်ရင် အမြဲတမ်း ပြုံးရယ်ပြီး လန်းဆန်းနေတာကို တွေ့ရတော့ ဘာလို့များအဲဒီလို နုပျိုပြီး လန်းဆန်းနေရသလဲဆိုတဲ့ လျှို့ဝှက်ချက်ကို မေးဖြစ်တယ်။ မောင်နှမတွေ အားလုံးထဲမှာမှ သူက အသက်အရွယ်နဲ့ မလိုက်အောင် ထူးပြီး နုပျိုလန်းဆန်းနေတာကိုး။ သူက အားလုံးထက်ပိုပြီး ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာနေတဲ့ သူလည်း မဟုတ်ဘူး၊ သူ့အမျိုးသားကလည်း အာဏာပါဝါကြီးမားတဲ့ ရာထူးဂုဏ်ဒြပ်ရှိသူတစ်ယောက်လည်း မဟုတ်ဘူး၊ သာမန်လူလတ်တန်းစား၊ သူ့အမျိုးသားကလည်း သာမန်ရုပ်ရည်ရှိတဲ့ အငြားယာဉ်မောင်းနေသူတစ်ဦးပါပဲ။ သူတို့အိမ်ထောင်သက်တစ်လျှောက်လည်း တစ်ခါမှ ကြီးကြီးမားမား ရန်ဖြစ်တာမျိုး မတွေ့ရဖူးသလို လင်ယောကျ်ားကြောင့်၊ အိမ်ထောင်ရေးကြောင့် စိတ်ညစ်နေ၊ သောကရောက်နေ၊ ဒေါသထွက်နေရတာမျိုးလည်း သူ့ကို တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး။ ဒါဟာ အိမ်ထောင်ရေး ကံကောင်းတာသက်သက်ကြောင့်လည်း ဟုတ်မနေပြန်ဘူး။ သူပြောတာကတော့ အဓိက က ဘဝမှာ ရိုးရှင်းစွာတွေးပြီး ရိုးရှင်းစွာပြော၊ ရိုးရှင်းစွာနေထိုင်ပြီး အရိုးသားဆုံးရှင်သန်ဖို့ပဲလိုတာပါတဲ့လေ။ သူ ပြောတဲ့စကားက ဘာမှမဟုတ်သလိုလို ထင်ရပေမယ့် တကယ်တမ်း သေချာစဉ်းစားကြည့်ရင် သဘာဝကျပြီး မှန်ကန်ကောင်းမွန်တာကို တွေ့ရပါလိမ့်မယ်။

တစ်ခါတုန်းက စာရေးသူရဲ့ သူငယ်ချင်းတစ်ယောက်က တစ်နယ်တစ်ကျေးမှာ တာဝန်ကျလို့ အလုပ်သွားလုပ်နေတဲ့ ခင်ပွန်းဖြစ်သူကို သူ့ဆီ တစ်နေ့ကုန် ဖုန်းမဆက်လို့ ဘာတွေများ လုပ်နေလို့လဲ၊ ဘယ်သူနဲ့ အတူရှိနေလို့လဲ၊ တစ်နေ့ကုန် ဖုန်းမဆက်နိုင်တော့လောက်အောင် သူ့ကို မေ့နေရသလားဆိုပြီး တစ်ယောက်ထဲ ဒေါသတွေထွက်နေပါတယ်။ တစ်ယောက်ထဲ မခံစားတတ်တော့ သူငယ်ချင်းဖြစ်တဲ့ စာရေးသူဆီ ဖုန်းဆက်ပြီး သူခံစားနေရတာတွေကို ရင်ဖွင့်ပြောပြီး ငိုပါတော့တယ်။ သူတို့က သူငယ်ချင်းဘဝကနေ နှစ်အတော်ကြာအောင် တွဲလာပြီးမှ လက်ထပ်ခဲ့ကြသူတွေပါ။ သူ့ခင်ပွန်းကလည်း သူ့ကို ဂရုတစိုက်နဲ့ကို ချစ်တာပါ။ အဲဒါကို အားလုံးကလည်း သိကြပါတယ်။ အခုလည်း တစ်နယ်တစ်ကျေး ရောက်နေတာတောင် နေ့စဉ် သူ့ဆီကို ဖုန်းဆက်မပြတ်ခဲ့ပါဘူး။ အခုတော့ တစ်နေ့ကုန် ဖုန်းဆက်မလာတော့ သူ့မှာ စိတ်မကောင်းဖြစ်ပြီး ဒေါသတွေ ထွက်နေခဲ့ပါတယ်။ သူ့ခင်ပွန်းနဲ့အတူ နယ်မှာ တာဝန်ကျနေတဲ့ သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်ကြည့်တော့လည်း သူ့ခင်ပွန်းက ကျန်းကျန်းမာမာနဲ့ အလုပ်တွေလုပ်နေတဲ့အကြောင်း ပြောတာမို့ သူ စိတ်ချလက်ချဖြစ်သွားခဲ့ရပေမယ့် အလုပ်တွေများပြီး သူ့ကို မေ့သွားတာလား၊ အသစ်တွေ့သွားလို့ အချစ်ပေါ့သွားတာလား၊ ဘယ်သူနဲ့ အတူရှိနေလို့လဲ စတဲ့ မေးခွန်းတွေ၊ သံသယတွေနဲ့ သူ့မှာ တစ်ယောက်ထဲ တစ်နေကုန် ပူလောင်သောကရောက်နေလေရဲ့။

တကယ်တမ်းတော့ တစ်ဖက်မှာ သူ့အမျိုးသားက သူထင်သလို ဘာမှမဟုတ်တာ လျှောက်လုပ်နေတာ မဟုတ်ပါဘူး။ တစ်နေ့ကုန် အလုပ်တွေလုပ်၊ ညဘက် နားချိန်လေး ဂိမ်းဆော့၊ မနက်အလုပ်ကို အချိန်မီ ကမန်းကတမ်း သွားရ၊ အလုပ်တွေ ရှုပ်နေတာနဲ့ အဲဒီနေ့ တစ်နေ့ကုန် သူ့ဆီကို ဖုန်းမဆက်ဖြစ်ခဲ့တာပါ။ စာရေးသူကလည်း သူငယ်ချင်းဖြစ်သူ ပူလောင်နေတဲ့ကိစ္စကို ဆက်ပြီး မခံစားစေလိုတာကြောင့် "နင် အခု သူ့ဆီက ဖုန်းမဆက်လို့ စိတ်ဆိုးနေတာမို့လား။ သူ မဆက်ရင် နင်ဆက်လိုက်ပေါ့"လို့ ပြောတော့ သူငယ်ချင်းက "အမြဲတမ်း သူကပဲ ဖုန်းဆက်နေကျလေ၊ အခုမှ ငါက သူ့ဆီ တကူးတက လိုက်ပြီး ဖုန်းဆက်နေရမှာလား။ သူက ငါ့ကိုဘာလို့ ဖုန်းမဆက်ရတာလဲ အဲ့ဒီအဖြေကိုပဲ ငါက သိချင်တာ"လို့ ပြောလေရဲ့။

"သူ ဘာဖြစ်လို့ ဖုန်းမဆက်ဖြစ်လဲဆိုတာကို နင့်ဘာသာ တွေးချင်သလိုလျှောက်တွေးပြီး ထင်ချင်သလို ထင်နေရင် နင်ပဲစိတ်ပင်ပန်းရမှာပေါ့။ တကယ့်အကြောင်း အရင်းအမှန်က ဘာလဲဆိုတာ နင်သိဖို့ သူ့ဆီကို နင်ဖုန်းဆက်မေးရမှာပေါ့ဟ။ သူ ဖုန်းမဆက်ရင် နင်ဆက်လိုက်လို့လည်း ရနေတာပဲ။ ဘာလို့ရှင်းနေတဲ့ကိစ္စကို နင်က ရှုပ်ထွေးပူလောင်နေရတာလဲ။ အမြဲတမ်း သူကပဲ နင့်ဆီ ဖုန်းဆက်ရမယ်လို့ ဘယ်သူက သတ်မှတ်ထားလို့လဲ။ သူ့ဘက်ကရော အမြဲသူကချည်း နင့်ဆီ ဖုန်းဆက်နေရတာပဲ၊ နင်ကတော့ သူ့ဆီ ဘာလို့ ဖုန်းမဆက်တာလဲလို့ တွေးချင်တွေးလို့ ရတာပဲ မဟုတ်လား" လို့ စာရေးသူက ပြေလည်ရာ ပြေလည်ကြောင်း ဖျောင်းဖျတော့မှ သူက "ဟုတ်သားပဲနော်"လို့ ခပ်တိုးတိုးလေး ပြောရင်း ဖုန်းချသွားတယ်။

ခဏကြာတော့မှ ဖုန်းပြန်ဆက်လာပြီး "သူငယ်ချင်းရေ ငါသူနဲ့ ဖုန်းပြောပြီးပြီ။ သူက မနေ့က တစ်နေ့ကုန် ဖုန်းမဆက်ဖြစ်တဲ့အတွက် တောင်းပန်တယ်၊ ပြီးတော့ သူ ဘာလို့ ဖုန်းမဆက်ဖြစ်သလဲဆိုတာကို ငါ့ကို အသေအချာ ရှင်းပြပြီး ငါ့ကို ချော့တယ်။ သူ မဟုတ်တာ မလုပ်ဘူးဆိုတာကိုတော့ ငါသိပါတယ်၊ ဒါပေမယ့် ရုတ်တရက်ဆိုတော့ ငါ ထူပူပြီး အထင်လွဲမိသွားတာ။ အခုတော့ ငါနဲ့သူ အဆင်ပြေသွားပြီ" လို့ ဝမ်းသာအားရနဲ့ တခစ်ခစ်ရယ်ရင်း ကျေနပ်စွာ ပြောလေရဲ့။

ဟုတ်ပါတယ်။ တကယ်တော့ စာရေးသူတို့ရဲ့ နေ့စဉ်ဘဝမှာ အကြောင်းအရာတွေတိုင်းက ကိုယ်တွေးထင်နေသလို ဖြစ်ချင်မှ ဖြစ်တတ်တာပါ။ တစ်ခါတလေ အတွေးတွေတင် မဟုတ်ပါဘူး၊ ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်လိုက်ရတဲ့ အဖြစ်အပျက်တွေမှာတောင် ကိုယ်မြင်လိုက်တဲ့အတိုင်းက အမှန်အတိုင်းဖြစ်ချင်မှ ဖြစ်နေတတ်တာမျိုးပါ။ ဥပမာ- အရွယ်တင်နုပျိုတဲ့ ဖခင်တစ်ယောက်နဲ့ အရွယ်ရောက်နေတဲ့ သမီးဖြစ်သူ အတူတွဲလာတာတွေ့ရင် ကိုယ့်စိတ်အထင်နဲ့ ထင်ကြေးပေးပြီး သတ်မှတ်ချင်သလို သတ်မှတ်လိုက်ပေမယ့်လည်း တကယ့်လက်တွေ့အမှန်တရားမှာက သူတို့က သားအဖအရင်းတွေ ဖြစ်နေတာမျိုးတွေလည်း ဖြစ်တတ်တာပါပဲ။ သံသယတွေက ပူလောင်စေတယ်၊ အတွေးအထင်တွေနဲ့ ကိုယ်လိုရာ ဆွဲထင်ပစ်လိုက်တာမျိုးကလည်း တခြားသူကို မပူလောင်ခင် ကိုယ့်စိတ်ကို အရင်ဆုံးပူလောင်စေတာပဲ မဟုတ်လား။ တစ်ခါတလေ မလိုလားအပ်တဲ့ မာန်မာနတွေကလည်း မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စု၊ သူငယ်ချင်းသံယောဇဉ်၊ Relationship တစ်ခုကို ဘာမှ မဟုတ်ဘဲ အလွယ်တကူ ပြတ်တောက်သွားစေနိုင်တာမျိုးလည်း ရှိပါတယ်။ ရန်တွေဖြစ်တယ်၊ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ကြတယ်၊ စွပ်စွဲမှုတွေ၊ အထင်အမြင်တွေနဲ့ သံသယတွေ ဝင်တယ်၊ ငိုကြတယ်၊ ပူလောင်ရတယ်၊ ခံစားနာကျင် နေရတယ်၊ ဒါတွေအားလုံးက ရိုးရှင်းတဲ့အရာတွေကို အရိုးရှင်းဆုံး မမြင်တတ်ကြလို့ပဲ။ အရိုးရှင်းဆုံးနေရမယ့်ကိစ္စကို ရှုပ်ထွေးမှုတွေ သယ်ဆောင်လာကြလို့ပဲ။

လူတစ်ယောက်ကို သတိရတယ် မဟုတ်လား၊ သတိရကြောင်း ပြောလိုက်ဖို့ ဘာလို့ မလွယ်ကူရတာလဲ။ သူ့ဘက်က ဖုန်းမဆက်လို့၊ အဆက်အသွယ်မလုပ်လို့ စိတ်ဆိုးနေမယ့်အစား ကိုယ့်ဘက်က ဆက်သွယ်ပြီး အကြောင်းအရင်းကို မေးလိုက်တော့ရော ဘာဖြစ်သွားမှာမို့လဲ။ တစ်ဖက်က ပြန်ဖြေမယ့် ဖြေရှင်းချက်က ကိုယ်ထင်ထားသလို မဟုတ်ဘဲ သူ့မှာ တခြားအခက်အခဲ ပြဿနာ တကယ်ရှိနေတာဆိုရင် ကိုယ်လည်း အမှန်အတိုင်းသိရတော့ မပူလောင်ရတော့ဘူးပေါ့။ အဲဒီလို မဟုတ်ဘဲ ကိုယ်ထင်ထားသလို ဖြစ်နေခဲ့တယ်ဆိုတာကို သိလိုက်ရရင်ရော အသေအချာ သိလိုက်ရပြီမို့ ကိုယ် ဘာဆက်လုပ်ရမယ်ဆိုတာကို အခိုင်အမာ ဆုံးဖြတ်ချက်ချနိုင်သွားတယ်လေ။ ခုနကလို တစ်ယောက်ထဲ မရေရာတဲ့ အတွေးတွေ၊ ဒေါသတွေနဲ့ ရှုပ်ထွေးမနေတော့ဘူး။

ဒါနဲ့ ဆက်စပ်လို့ အွန်လိုင်းပေါ်မှာ ဖတ်မိတဲ့ စာသားလေးတွေ သဘောကျလို့ မှတ်ထားမိတာလေး ဖော်ပြပေးလိုပါတယ်။

"တစ်စုံတစ်ယောက်ကို သတိရနေလား၊ ဖုန်းခေါ်လိုက်ပါ။ တွေ့ချင်လား၊ တွေ့ဆုံဖို့ချိန်းလိုက်ပါ။ မေးစရာမေးခွန်းတွေ ရှိနေတာလား၊ မေးလိုက်ပါ။ တစ်စုံတစ်ယောက်ကို ချစ်နေတာလား ဖွင့်ပြောလိုက်ပါ" တဲ့။

စာရေးသူတို့ရဲ့ ဘဝတွေက အမြဲ အဲဒီလောက် အရာရာ လွယ်ကူရိုးရှင်းနေမှာတော့ မဟုတ်ပါဘူး။ အရာအားလုံးကို အဲလောက် ရိုးရှင်းလွယ်ကူစွာလည်း လုပ်ဆောင်ဖို့ ခက်ခဲကောင်းခက်ခဲနိုင်မှာပါ။ ဒါပေမယ့် တစ်ခါတစ်ရံမှာ မလိုအပ်ဘဲ မာန်မာနတွေနဲ့ တင်းခံနေတာ၊ မူနေတာ၊ ကိုယ့်ဘာသာ တွေးချင်ရာတွေ လျှောက်တွေးပြီး ရှုပ်ထွေးနေတာတွေက ဆုံဆည်းရမယ့် လူတွေနဲ့ ဝေးကွာသွားစေတာမျိုးတွေ၊ ကိုယ်ချစ်တဲ့သူတွေကို လက်လွှတ်ဆုံးရှုံး လိုက်ရတာမျိုးတွေနဲ့ ကိုယ့်ဘဝကို ပူလောင်နာကျင်ခံစားမှုတွေကို ဖြစ်စေမှာပါ။ တစ်ခါတစ်ရံမှာတော့ ဘဝထဲက အကြောင်းအရာတွေ အဖြစ်အပျက်တွေတိုင်းကလည်း စာရေးသူတို့ တွေးထင်နေသလို အရာအားလုံး ခက်ခဲရှုပ်ထွေးမနေပြန်ပါဘူး။ ဒါကြောင့် ရိုးရှင်းတဲ့ အဖြစ်အပျက်တွေကို ရိုးရိုးရှင်းရှင်း နားလည်လက်ခံနိုင်အောင် ကြိုးစားပါ၊ ရိုးရှင်းစွာပဲ မြင်နိုင်အောင် ကြည့်ပါ၊ ရိုးရှင်းစွာပဲတွေးပြီး ရိုးရှင်းစွာပဲ ပြောပါ၊ လုပ်ဆောင်ပါ။ မလိုလားအပ်တဲ့အရာတွေနဲ့ ဘဝကို ရှုပ်ထွေးပူလောင်နေအောင် မလုပ်ဘဲ ရိုးရှင်းစွာပဲ ရှင်သန်လိုက်ပါ။ အရိုးသားဆုံး ရှင်သန်ခြင်းဟာ ဘဝအတွက် အကောင်းမွန်ဆုံး နေထိုင်နည်းပဲ ဖြစ်ပါတယ်။ ။

ဆောင်းပါး

# အဖွဲ့အစည်းနှင့် တစ်ကိုယ်ကောင်းစိတ်

■ ခက်မာန်သွေး(တပ်ကုန်း)

တစ်ခါက ဆရာတစ်ယောက်ဖြစ်တဲ့ ကိုဝဏ္ဏထွန်းက သူဖတ်ဖူးတဲ့ အကြောင်းအရာတစ်ခု မျှဝေပြောပြပါတယ်။ ကာတွန်းလေးတွေအကြောင်းပါ။ ဆရာပြောတာက "ညီလေးရေ ဒီလိုကွ လူနှစ်ယောက် ရှိတယ်၊ တစ်ယောက်က ကျင်းတွေ လိုက်တူးနေတယ်၊ နောက်တစ်ယောက်က ရှေ့ကလူ တူးထားတဲ့ ကျင်းတွေကို လိုက်ပြီး ဖို့နေတယ်တဲ့ ဒါကိုမြင်တဲ့ လူတစ်ယောက်က ခင်ဗျားတို့ ဘာလုပ်နေတာလဲမေးတော့ သူတို့ဆရာက သူတို့ကို ဒီလိုခိုင်းထားလို့ပါ၊ ဒါပေမယ့် ခိုင်းထားတာကတော့ သုံးယောက်ဗျ၊ တစ်ယောက်က ခွင့်ယူထားလို့မလာနိုင်ဘူး သူက မျိုးစေ့ထည့်ရမှာလေလို့ ဖြေတယ်တဲ့"

အထက်ပါအကြောင်းအရာလေး ပြောပြီး ဆရာက သူ့ကားလေးကို ဆက်မောင်းနေတယ်။ ကျွန်တော်ကလည်း ဘေးကလိုက်ပြီး စိတ်ကူးအတွေးတွေကို မောင်းနှင်နေမိတယ်။ ခွင့်ယူထားရတဲ့ လူအစား သူတို့က ဘာလို့ မျိုးစေ့တွေ မထည့်ပေးနိုင်ရတာလဲ။

သူတို့မှာ သူတို့အကြောင်းပြချက်တွေတော့ ရှိရင်ရှိနေမှာပေါ့လေ။ ဒါပေမယ့် ကျွန်တော့်စိတ်မှာ ဇာတ်လမ်းထဲက ကျင်းတူးသူနဲ့ ကျင်းဖို့နေကြသူ နှစ်ယောက်လို လူတွေ အများကြီးရှိနေနိုင်တယ်လို့ ထင်မြင်မိနေပါတယ်။

တကယ်ဆိုရင် သူတို့ ဘာကြောင့် ကျင်းတူးရမယ်၊ ဘာကြောင့် ကျင်းကိုဖို့ရမယ်ဆိုတာကို သိနေပါလျက်နဲ့ သူတို့ တာဝန်ကျေရင်ပြီးရောဆိုတဲ့ သဘောမျိုး လုပ်ဆောင်နေကြတာကို စိတ်ထဲ ဘဝင်မကျလှပါဘူး။ ဒါဟာ အနိမ့်စားစိတ်ဓာတ်တွေပဲလို့ တွေးမိပြန်ပါတယ်။

အဲဒီလို စိတ်ဓာတ်မျိုးတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့ဆိုရင် သိပ်ကို အန္တရာယ်များတဲ့ အဖွဲ့အစည်းဖြစ်နေတော့မှာပါပဲ။

ဥပမာ ပြောရရင် ဘောလုံးအသင်းတစ်သင်းမှာ ဂိုးသမား၊ နောက်တန်း၊ အလယ်တန်းနဲ့ ရှေ့တန်းဆိုတာ ရှိကြရတယ်။ နောက်တန်းသမားဟာ လိုအပ်ရင် ရှေ့တန်းထိတက်ပြီး ဂိုးသွင်းပေးနိုင်သလို ရှေ့တန်းသမားကလည်း လိုအပ်ရင် နောက်တန်းအထိ ဆင်းပြီး ကူညီကာကွယ်ပေးကြရပါတယ်။ အဲဒီလိုမဟုတ်ဘဲ ငါက ရှေ့တန်းသမား ဂိုးသွင်းဖို့ပဲ တာဝန်ယူမယ်၊ နောက်တန်းအလုပ်က နောက်တန်းသမားတွေ လုပ်လိမ့်မယ်ဆိုပြီးနေမယ်၊ နောက်တန်းသမားကလည်း ငါက နောက်တန်းမို့ ရှေ့ထိ တက်စရာမလို ဘူးဆိုပြီး ကိုယ့်နေရာလေးမှာသာ နေနေမယ်၊ ဂိုးသမားကလည်း နောက်တန်းတွေကိုကျော်ဖြတ်လာတဲ့ ဘောလုံးကို သူတို့ပေါ့ဆလို့ ငါ့ဂိုးပေါက်ကိုပဲ ခဏခဏ ဘောလုံးက ခြိမ်းခြောက်လာနေတာ ဂိုးပေးချင်ပေးရပါစေ သေချာဖမ်းမနေပါဘူးကွာ ဆိုပြီး နေနေကြမယ်ဆိုရင် တစ်ဖက်အသင်းရဲ့ အလွယ်တကူ အနိုင်ယူသွားတာကို ခံသွားကြရမှာ ဖြစ်ပါတယ်။ အသင်းအဖွဲ့လို့ ဆိုလိုက်ကတည်းက စည်းလုံးမှုအားနဲ့ ညီညီညွတ်ညွတ် လုပ်ဆောင်ကြရ၊ တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။ တစ်ယောက်လစ်ဟာသွားတဲ့နေရာကို တစ်ယောက်က ကူညီထောက်ပံ့ပေးရပါမယ်။

ဒါမှသာ အောင်မြင်တဲ့ အသင်းတစ်ခု ဖြစ်လာနိုင်မှာပဲလို့ တွေးမိရပါတယ်။

လူတွေက မိမိစိတ်ထဲ နှစ်သက်နေမိပြီဆိုရင် ထပ်တလဲလဲ လုပ်နေတတ်ကြတဲ့ အကျင့်ရှိနေတတ်ကြပါတယ်။ တရားဘာဝနာပွားများခြင်းလိုမျိုး ကောင်းတဲ့အရာကို နှစ်သက်မိနေသူမို့ တရားအားထုတ်ခြင်းတွေကို ကြိမ်ဖန်များစွာ ကြိုးစားအားထုတ်နေရင်တော့ ကောင်းပါတယ်။ မကောင်းတဲ့ အကျင့်တွေကို နှစ်သက်နေမိသူ၊ တစ်ကိုယ်ကောင်းစိတ်ဓာတ်လိုမျိုး မကောင်းတာတွေကို နှစ်သက်နေမိပြီ ဆိုရင်တော့ ထိုသူအတွက်ရော သူနဲ့ပတ်သက်နေသူတွေအတွက်ပါ မကောင်းဖြစ်တတ်ကြရပါတယ်။ အဲဒါကို ဘေးနားမှာ ရှိကြတဲ့သူတွေက သတိလေးတွေ ပေးတတ်ကြဖို့ လိုပါတယ်။

ငယ်ငယ်က အဘိုးအဘွားတွေ ပြောဖူးတာလေးကို ပြန်ပြောပြရရင် တစ်ခါတုန်းက ကျွန်တော်တို့ရွာမှာ ဦးငြိမ်းမောင်နဲ့ ဦးသိန်းမောင်ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ရှိတယ်။ နှစ်ယောက်လုံးက ရွာရဲ့ မျက်နှာဖုံးတွေ၊ ငွေကြေးကြွယ်ဝသူတွေပါပဲ။ တစ်နေ့မှာ ရွာဦးကျောင်းဆရာတော်ရဲ့ အမိန့်အရ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရွာသူရွာသားတွေက မြက်ပင်တွေ ပေါင်းပင်တွေကို သွားရောက်ရှင်းလင်းပေးကြရပါတယ်တဲ့။ ရွာသားတွေက ဘုန်းကြီးကျောင်းဝင်း သန့်ရှင်းရေးကုသိုလ်ပြုကြရင်း အနားယူနေကြချိန်မှာ ရေနွေးကြမ်း လက်ဖက်သုပ်နဲ့ ပဲပြုတ်ဒါန ပြုကြသူတွေလည်း ရှိကြသတဲ့။ အဲဒီမှာ ဦးငြိမ်းမောင်၊ ဦးသိန်းမောင်နဲ့ ရွာသား ငါးယောက်ခန့်က တစ်ဖွဲ့ခွဲပြီး ထိုင်နားကြသတဲ့။ ထိုင်ရင်း နားရင်း ရေနွေးသောက်ကြ အသုပ်စားကြတဲ့အခါ ဦးငြိမ်းမောင်က ပဲပြုတ်ကို အတော်ကြိုက်သူဆိုတော့ ပဲပြုတ်ပန်းကန်ထဲက ဇွန်းကို လက်က မချနိုင်လောက်အောင် အားပါးတရစားနေသတဲ့။ ဘေးက ရွာသားတွေကလည်း ပဲပြုတ်သုပ်ကို စားချင်နေကြပေမယ့် ဇွန်းမရှိတော့ စားရခက်နေကြပါတယ်။ ဦးငြိမ်းမောင်ကိုလည်း အားနာတော့ မပြောရဲကြဘူးတဲ့။ အဲဒါကို ဦးသိန်းမောင်က သိတော့မှ ပညာသားပါပါနဲ့ ဟာသကလေးနှောပြီး "ငြိမ်းမောင်ရေ ပဲပြုတ်ထဲက ဇွန်းက မင်းဇွန်းဆိုလည်း ခဏငှားပါဦး ဒီကျောင်းက ဇွန်းဆိုလည်း ခဏချပါဦးကွာ"လို့ ပြောလိုက်မှ ဦးငြိမ်းမောင်တစ်ယောက် သတိပြန်ကပ်ပြီး ဇွန်းလေး ပြန်ချထားပေးလို့ အခြားလူတွေလည်း ပဲပြုတ်သုပ်ကို စားရတော့သတဲ့။

ဒါဟာ ဦးငြိမ်းမောင်ရဲ့ စိတ်မှာ ဒီရေနွေး အမြည်းတွေက အများအတွက်ဆိုတာကို ရုတ်တရက် ထည့်မစဉ်းစားပေးတတ်လို့ ဖြစ်သွားရတာပဲလို့ ယူဆရမှာ ဖြစ်ပါတယ်။ မိမိစားရဖို့နဲ့ မိမိဝမ်းဝဖို့ တစ်နည်းအားဖြင့်ဆိုရသော် မိမိကိုယ်ကျိုးတစ်ခုလောက်သာ တွေးနေမိမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်နဲ့ ကိုယ်နဲ့သက်ဆိုင်နေသူတွေအတွက်တော့ စိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုပါပဲ။

လူတချို့ရဲ့ အတ္တကိုရှေ့တန်းတင်ပုံနဲ့ပတ်သက်ပြီး ဆက်စပ်တွေးမိတာက ဆရာမောင်အေးကို (ပေါင်းတလည်)ရဲ့ စာပေဟောပြောပွဲလေးတစ်ခုမှာဟောပြောတဲ့ အကြောင်းအရာလေးပဲ ဖြစ်ပါတယ်။ ဆရာဟောပြောတာက ကာတွန်းဆရာ အောင်ပီကျယ်ရဲ့ လက်ရာတစ်ခုတဲ့၊ လူနှစ်ယောက်က အစပြုတာပါပဲ။ ပထမလူက သံပြားအကြီးကြီးကို ချထားတယ်၊ ပြီးတော့ ဝရိန်ဆော်တဲ့ စက်တွေနဲ့ သံကိုင်းတွေကွေးလို့ ရောမစွန်ကြီး လုပ်နေသတဲ့ သူ့သွပ်ပြားစွန်ကြီးလည်း ပြီးရော သူကကြုံးဝါးတယ် "သေချာတယ် ငါ့ စွန်မပြဲဘူးကွ" တဲ့။ ဒုတိယလူကလည်း သံမဏိကြိုးတွေကို အရှည်ကြီးတွေဖြစ်အောင် သံကွင်းတွေနဲ့ တစ်ခုပြီးတစ်ခု ဆက်နေသတဲ့ သူကပြောတယ် "စွန်လွှတ်ဖို့ ကြိုးကျစ်ထားတာ၊ သေချာတယ် ငါ့ကြိုးမပြတ်စေရဘူးကွ" လို့ကြုံးဝါးသတဲ့ ။ သူတို့ အဲဒီလိုပြောနေကြတဲ့နေရာကို လူတစ်ယောက်ရောက်လာပြီး စကားတစ်ခွန်းပြောသွားတယ်။ "သေချာတယ် မင်းတို့ စွန်မတက်နိုင်ဘူးကွ"တဲ့ သိပ်ကို ထိထိမိမိရှိတဲ့ ကာတွန်းပဲ။

လူတွေ သူတို့အတ္တကို ရှေ့တန်းတင်ပုံ၊ သူတို့ အပြစ်လွတ်ရင်ပြီးရော၊ ကျန်တာဘာဖြစ်ဖြစ်ဆိုတဲ့ သဘောမျိုး လုပ်ချင်ကြတဲ့သူတွေအကြောင်းကို ကွက်ကွက်ကွင်းကွင်း မြင်လိုက်ရပါတယ်။

ဒီလိုလူတွေပဲရှိနေတဲ့ အဖွဲ့အစည်းဆိုရင်ရော ဘယ်လိုဖြစ်မလဲ။ သေချာတာတစ်ခုကတော့ တက်လမ်းမရှိတဲ့ အဖွဲ့အစည်းသာဖြစ်နေမှာပါ။ ကောင်းမွန်တဲ့ အဖွဲ့အစည်း၊ တိုးတက်နေနိုင်တဲ့ အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်တွေကို ဘေးဖယ်ထားနိုင်ရပါမယ်။

အတ္တတွေဘေးဖယ်ထားပြီး အလုပ်လုပ်ကြရပါမယ်။ အသင်းအဖွဲ့စိတ်ဓာတ်နဲ့ တစ်ယောက်ရဲ့ လိုအပ်ချက်ကို ကျန်တစ်ယောက်က ကူညီဖြည့်ဆည်းပေးတတ်ကြ၊ နားလည်ပေးတတ်ကြမှသာ အထက်မှာ ပြောခဲ့သလိုမျိုး တူးထားတဲ့ကျင်းထဲ မျိုးစေ့တွေရောက်၊ အပင်တွေပေါက်လာတဲ့အခါ အသီးအပွင့်ကို အတူတကွ ခူးဆွတ်စားနိုင်ကြမှာပါ။ ကျွန်တော်တို့အားလုံးလည်း ကောင်းမွန်တဲ့ အနာဂတ်ကိုဖန်တီးယူနိုင်သူတွေလို တကယ်ကို အမြင့်အထိ တက်နိုင်မယ့်စွန်ကိုသာ ပြုလုပ်နိုင်ကြသူတွေဖြစ်ကြဖို့ တစ်ကိုယ်ကောင်းစိတ်တွေကို ဘေးချိတ်ထားကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။